မြတ်စွာဘုရားသည် မဏ္ဍိမပဋိပဒါလမ်းစဉ်အရ ပညာသိက္ခာဖြင့်သိသင့်သော သစ္စာ(၄)ပါးမှာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာ တို့ပင်ဖြစ်ပါသည်။ ဘုရားရှင်သည် သစ္စာ (၄)ပါး တရားတော်ကို လောကသံသရာမှ လွတ်မြောက်ရေးအတွက် ဦးတည်၍ ဟောကြားခဲ့သော်လည်း ကျွန်ုပ်တို့ နေ့စဉ်ဘဝကြုံတွေ့နေရသော ပြဿနာမျိုးစုံ ဖြေရှင်းနည်း အစီအစဉ်များသာဖြစ်ပါသည်။ ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်အားလုံးသည် ဤပြဿနာ ဖြေရှင်းနည်း အခြေခံမူ (၄)ချက်ကသာ လွှမ်းမိုးနေလေသည်။

ပြဿနာဖြေရှင်းနည်းအခြေခံမူကြီး (၄) ချက်နှင့် ဖြေရှင်းပုံများ

ပြဿနာဖြေရှင်းနည်း အခြေခံမူကြီး ၄ ချက်မှာ-

(၁) ပြဿနာကို ထုတ်ဖော်ခြင်း (ဒုက္ခသစ္စာ)

(၂) ပြဿနာ၏အရင်းအမြစ်ကို ရှာဖွေတွေ့ရှိခြင်း (သမုဒယသစ္စာ)

(၃) ပြဿနာ၏အဖြေကို သိမြင်ခြင်း (နိရောဓသစ္စာ)

(၄) ပြဿနာ၏အဖြေကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း (မဂ္ဂသစ္စာ) တို့ဖြစ်ပါသည်။

မဂ္ဂင်ရှစ်ပါး၏ ဝိသေသလက္ခဏာများကိုလည်း သိရှိရန်လိုပါသည်။ ယင်းတို့မှာ -

(၁) အလယ်အလတ်လမ်းစဉ်ဖြစ်၍ အစွန်းရောက် ၀၊၃(၂)ပါးကို ပယ်ဖျက်ခြင်း၊

(၂) နှစ်ဖက်အဖွဲ့အစည်း အကျိုးကျေးဇူးရရန် ဆောင်ရွက်ပြုခြင်း၊

(၃) သဘောတူညီချက်ရရှိရန် အနစ်နာခံ၍ ဆောင်ရွက်ခြင်း (အနာခံမှ အသာစံရမည်။)

(၄) မေတ္တာကရုဏာရှေ့ထား၍ (စေ့စပ်ဆွေးနွေးမှု ပြုလုပ်ခြင်း)

(၅) အဆင့်မြင့်တွေးခေါ်မှုနှင့် အလယ်လမ်းစဉ်သည် အခြားသောအမြင်ကျဉ်းမြောင်းမှုများထက် နှစ်ဖက်အဖွဲ့အစည်းကို ပိုမိုအကျိုးဖြစ်ထွန်းစေသည်။

(၆) အလယ်လမ်းစဉ်၏ ဘဝမှာ ထိပ်တိုက်တွေ့ဆုံခြင်းနှင့် ပဋိပက္ခအစား အပြန်အလှန်ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်သွားရပေမည်။

ဤသစ္စာ (၄)ပါး (ပြဿနာဖြေရှင်းနည်း အခြေခံမူ ၄ ချက်)ကို ဥပမာပြဆိုရပါလျှင် အခြေခံမူ ၄ ချက်သည် ရောဂါကုထုံးဖြစ်လျှင် ဘုရားသည် အတော်ဆုံးဆေးဆရာဖြစ်ပေသည်။

ပထမအချက် - လူနာခံစားနေရသော ရောဂါ လက္ခဏာကိုသိရမည်။ (ဒုက္ခသစ္စာ)

ဒုတိယအချက် - ရောဂါဖြစ်စေသော အကြောင်းရင်းကို ရှာဖွေရမည်။ (သမုဒယသစ္စာ)

တတိယအချက်- ရောဂါအကြောင်းကိုသိ၍ ပျောက်ကင်းရေးသို့ ရှေ့ရှုရမည်။ (နိရောဓသစ္စာ)

စတုတ္ထအချက် - ဆေးညွှန်ပေး၍ ကုသရမည် ဖြစ်သည်။ (မဂ္ဂသစ္စာ)

ဤကဲ့သို့ဆေးကုသခြင်းသည်ပင် ရောဂါဖြစ်စေသော အကြောင်းရင်းကို ဖယ်ရှားခြင်းဖြစ်၍ ရောဂါလက္ခဏာများ သက်သာကာရောဂါပျောက်ကင်းမှုသို့ ဦးတည်လေသည်။ လုံလောက်သော ဆေးဝါးကုသခြင်းသည် ထိုရောဂါဖြစ်စေသော အကြောင်းအားလုံးကို ဖယ်ရှားခြင်းဖြစ်ကာရောဂါ လက္ခဏာလုံးဝမရှိတော့ဘဲ ရောဂါပျောက်ကင်းမှုသို့ အပြည့်အဝရောက်ရှိလေတော့သည်။

ထိုပြဿနာဖြေရှင်းမှု အခြေခံ(၄)ချက်ဖြင့် ပြဿနာအားလုံးကို ဖြေရှင်းနိုင်ပေသည်။ အနိမ့်ဆုံး တိရစ္ဆာန်တို့၏ အပြုအမူမှသည် လူသားတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာ၊ နိုင်ငံတကာ ပဋိပက္ခများ၊ ဘာသာရေး၊ ပုဂ္ဂိုလ်ရေး၊ နိုင်ငံရေး၊ အစွန်းရောက်မှုများ၊ တစ်ဦးချင်းကြုံတွေ့နေရသော နေ့စဉ်ပြဿနာအားလုံးကို ဤအခြေခံ (၄)ချက်ဖြင့်သာ ဖြေရှင်းရမည်ဖြစ်သည်။

မြတ်ဗုဒ္ဓ၏တစ်ကြောင်းတည်းသော လမ်းစဉ်အရ ရာဂ၊ ဒေါသ၊ မောဟတရားတို့ကုန်ရာ နိဗ္ဗာန်သို့ သွားလာသော လမ်းကြောင်းသည် မဂ္ဂင်ရှစ်ပါးလမ်းစဉ်ပင် ဖြစ်ပါသည်။ သတိပဋ္ဌာန်တရား အားမထုတ်လျှင် သာသနာ မမည်သကဲ့သို့ အားထုတ်ပုံနည်းမမှန်လျှင်လည်း ဘာဝနာ မဖြစ်နိုင်ပါ။ သတိပဋ္ဌာန် (၄)ပါး ရှိပါသည်။

(၁) ဖောက်ပြန်မှုကို ဦးတည်ရှုသော (ကာယာနုပဿနာ)
(၂) ခံစားမှုကို ဦးတည်ရှုသော (ဝေဒနာနုပဿနာ)
(၃) အသိရောက်ရာကို ဦးတည်ရှုသော (စိတ္တာနုပဿနာ)
(၄) ပရမတ်သဘောတရားကို ဦးတည်ရှုသော (ဓမ္မာနုပဿနာ)တို့ဖြစ်၏။

ဒုက္ခချုပ်ငြိမ်းခြင်းကိုရောက်စေနိုင်သည့် ကျင့်စဉ်တွင် မဂ်စိတ်ချုပ်ငြိမ်းကြောင်းပြသောလမ်း ပါဝင်ပါသည်။ ဒုက္ခချုပ်ရာသို့ ညွှန်းသောမဂ္ဂရှစ်ပါးတို့သည် သစ္စာ (၄)ပါးကို သိရန်အဓိကသော့ချက်ဖြစ်ပါသည်။ ထင်းသုံးချောင်းဥပမာဖြင့် ပြရလျှင် ပထမထင်းချောင်းမှာ အစေးနှင့်တကွစိုနေသော သဖန်းသားကို ရေ၌စိမ်၍ မီးပွတ်ခုံနှင့် မီးပွတ်ကြည့်၏။ မီးကားမထွက်၊ အကြောင်းမှာ ထင်းသည်အတွင်းမှာ အစေးကြောင့်လည်းစိုနေသည်။ အပြင်ကလည်း ရေစိမ်ထားသောကြောင့်ဖြစ်၏။ ထိုအတူ တရားရလိုသော အချို့သောယောဂီတို့သည် ခန္ဓာကိုယ်အတွင်း၌လည်း ကိလေသာနှင့် လိုချင်မှုတဏှာတို့ရှိနေ၏။ ပြင်ပ၌လည်း ဝတ္ထုကာမတို့ခြံရံနေ၏။ ထိုကြောင့် စင်ကြယ်သော တရားကိုရမည်မဟုတ်။

ဒုတိယထင်းကတော့ အစေးနှင့်စိုနေသော သဖန်းသားတစ်ချောင်းကို ရေနှင့်ဝေးသော ကုန်းတွင်ထား၍ မီးပွတ်ခုံနှင့်ပွတ်တိုက်သော် မီးမထွက်၊ အဘယ်ကြောင့်ဆိုသော်အတွင်း၌ အစေးအစိုရှိသောကြောင့်ဖြစ်၏။ ထို့အတူတရားရလိုသော ယောဂီသည် ပြင်ပဝတ္ထုကာမနှင့် ဝေးကွာသော်လည်း အတွင်းသန္တာန်၌ လောဘစသော ကိလေသာအစေးတို့ရှိခြင်းကြောင့် လုံ့လကြီးစွာပြုပါသော်လည်း သိအပ်သော တရားတို့ကားသိမည် မဟုတ်ပေ။

တတိယထင်းချောင်းက ရေနှင့်ဝေး၍ ကုန်း၌ထား၍ ခြောက်သွေ့သဖြင့် မီးပွတ်ခုံဖြင့် ပွတ်တိုက်လျှင် ခဏချင်း မီးထွက်၏။ တရားရလိုသော ယောဂီသည် ခန္ဓာအတွင်းသန္တာန်၌လည်း လိုချင်မှု လောဘ၊ တဏှာစသော ကိလေသာအညစ်အကြေးတို့ကို ပယ်ရှားပြီးပြင်ပ၌လည်း ကာမဂုဏ်အာရုံများကို ဖယ်ရှားထားပြီး ဖြစ်ရမည်။ သို့မှသာ ဉာဏ်အမြင် စင်ကြယ်၍ ထိုးထွင်းသိရမည့် တရားတို့ကို သိရှိမည်

ဖြစ်သည်။ မဗျိုမပဋ္ဌိပဒါနည်းအတိုင်း အားထုတ်၍ သံသရာပြတ်လိုသောသူသည် ကိလေသာဖြစ်သည့် အစွန်းတရား (၂)ပါးတို့ကို မမှီဝဲအပ် ပယ်ဖျက်ရမည်ဟု ဟောတော်မူသည်ကား အလွန်ပင်သဘာဝကျလှ ပါသည်။

ဗုဒ္ဓဘာသာဝင်များသည် အစွန်းရောက်မှုကို လက်မခံပါ။ ကျွန်ုပ်တို့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အာရှအသံနှင့်တွေ့ဆုံစဉ်၊ မြတ်စွာဘုရားက ဘယ်တုန်းကမှ အမုန်းတရားကို အားပေးခဲ့တာ မဟုတ်ပါ။ ဒေါသကို မေတ္တာနဲ့သာ အနိုင်ယူနိုင်ပါသည်။ ဗုဒ္ဓဘာသာသည် အမုန်းတရား ဘာသာမဟုတ်၊ ဘယ်အစွန်းရောက်မှုကိုမှ လက်ခံတဲ့ ဘာသာမဟုတ်ဟုပြောခဲ့ဖူးပါသည်။ သစ္စာ (၄) ပါး၊ မဂ္ဂင် (၈)ပါးလမ်းစဉ်ဖြင့် မဗျိုမပဋ္ဌိပဒါကျကျ ကျင့်သုံးပါက လူမှုဘဝပြဿနာများကို ဖြေရှင်းနိုင်ပြီး သံသရာမှလွတ်မြောက်နိုင်မည်။ ငြိမ်းချမ်းနိုင်မည်။ နိုင်ငံရေးအစွန်းရောက်မှုကြောင့် ဖြစ်ပေါ်နေသော စစ်ပွဲများရပ်တန့်နိုင်ပါသည်။ Win-Win Solution လို့ခေါ်တဲ့ နှစ်ဦး နှစ်ဖက်အကျိုးရှိနိုင်တဲ့အနေဖြင့် အသုံးပြုနိုင်ပါသည်။

နိဂုံးချုပ်အားဖြင့် မဗျိုမပဋ္ဌိပဒါလမ်းစဉ်သည် ဘဝသံသရာလွတ်မြောက်နိုင်ရန် အရေးကြီးသော လမ်းစဉ်ဖြစ်သကဲ့သို့ လူတို့၏ပြဿနာများကို ဖြေရှင်းရန်မှာလည်း အရေးပါထိရောက်သော နည်းလမ်းဖြစ်သည်။ စေ့စပ်ညှိနှိုင်းရာတွင် လွန်စွာအသုံးဝင်သော လမ်းစဉ်ကောင်းလည်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ အဖွဲ့ (၁)မှ မဗျိုမပဋ္ဌိပဒါ စာတမ်းကို ရေးသားပူဖော်ရခြင်း၏ ရည်ရွယ်ချက်မှာ - ယနေ့လက်ရှိ ကမ္ဘာလောကကြီးတွင် အတ္တကို ဗဟိုပြု၍ လူသားတို့သည် လောဘ၊ ဒေါသ၊ မောဟတို့ကြောင့် စစ်ပွဲများဖြစ်ကြရ၊ များစွာသော လူအပေါင်းတို့ သေကြေပျက်စီးကြရ သည်။ ရာသီဥတု ဖောက်ပြန်မှုတွေဖြစ်ကြပါသည်။ ထို့ကြောင့် မြင့်မြတ်သောဘုရားရှင်၏ အဆုံးအမတရား တို့ကို နာယူကျင့်သုံးကြလျှင် ကမ္ဘာကြီးငြိမ်းချမ်းခြင်း ကိုဖော်ဆောင်နိုင်ရန် ရည်ရွယ်ပါသည်။ ဤမဂ္ဂင် ရှစ်ဖြာ မဗျိုမပဋ္ဌိပဒါတရားတော်၏ အလယ်အလတ် လမ်းစဉ်အတိုင်းကျင့်ကြံပွားများ အားထုတ်ခြင်းဖြင့် လူသားတိုင်း သာယာလှပသော ဘဝများကိုပိုင်ဆိုင်နိုင် ကြပြီး နိဗ္ဗာန်မဂ်ဖိုလ်ကို ဘဝတိုတိုဖြင့် ရနိုင်စေ ကြောင်း ဆုတောင်းရင်းဖြင့် နိဂုံးချုပ်အပ်ပါသည်။

စာတမ်းအမည် - ဗောဓိဥာဏ်ရကြောင်း ကျင့်စဉ်ဆယ်ပါး (ပါရမီကိုလေ့လာခြင်း)

ပြုစုသူ - အဖွဲ့ (၂)

ကြီးကြပ်သူ - ဆရာမဒေါ်သန္တာရီ

အဖွဲ့(၂) ၏ အဖွဲ့ဝင်များ အမည်စာရင်း

စဉ်	အမည်	နံပါတ်	စဉ်	အမည်	နံပါတ်
၁။	ဒေါ်ခွဲ့ခွဲ့ဝင်း	DM - 255	၁၁။	ဒေါ်ခင်စိုးဝင်း	DM - 185
၂။	ဒေါ်သက်ဆုနှင်း	DM - 372	၁၂။	ဒေါ်စွဲ့ယုယုဆွေ	DM - 308
၃။	ဒေါ်သန်းသန်းစု	DM - 327	၁၃။	ဒေါ်စုစုကြည်	DM - 282
၄။	ဒေါ်သန်းသန်းဝင်း	DM - 349	၁၄။	ဒေါ်မြတ်ခိုင်သူ	DM - 233
၅။	ဒေါ်သန်းသန်းဆွေ	DM - 321	၁၅။	ဒေါ်ရွှေစောခင်	DM - 294
၆။	ဒေါ်နွယ်နွယ်စိုး	DM - 257	၁၆။	ကိုမောင်မောင်ထွေး	DM - 232
၇။	ဒေါ်ခေမာစာရီ	DM - 63	၁၇။	မအေးသီတာနွယ်	DM - 98
၈။	ဒေါ်ယဉ်မွန်မြင့်	DM - 404	၁၈။	ဒေါ်ကြည်ကြည်အေး	DM - 169
၉။	ဒေါ်စန္ဒာမြ	DM - 423	၁၉။	ဒေါ်သန်းသန်းဝင်း	DM - 326
၁၀။	ဒေါ်ဖြူဖြူလတ်ကြွယ်	DM - 275	၂၀။	ဒေါ်အိသီရိဇော်	OM - 5

ဗောဓိဥာဏ်ရကြောင်း ကျင့်စဉ်ဆယ်ပါးပါရမီကိုလေ့လာခြင်း
အဖွဲ့(၂)
သုတေသနစာတမ်းအကျဉ်း

ကျွန်ုပ်တို့သည် ဗုဒ္ဓဘုရားရှင်၏ ဘဝဖြစ်စဉ်တော်ကို လေ့လာရလေလေ ဗုဒ္ဓဘုရားရှင်၏ ဘုန်းတော်၊ ဥာဏ်တော်၊ တန်ခိုးတော်တို့ကို ပိုမိုမြတ်နိုးကြည်ညိုလေလေဖြစ်သည်။ ထို့ပြင် ဗုဒ္ဓဘုရားရှင်၏ ပါရမီတော်ဆယ်ပါး ဖြည့်ကျင့်ပုံများကိုသိရသဖြင့် မြတ်ဗုဒ္ဓ၏ဘုရားဖြစ်ရန် ရည်သန်ကြိုးကုတ် အားထုတ်ခဲ့ပုံများကို ကြည်ညိုလေးစားမဆုံး ဖြစ်ပါသည်။

'မြတ်စွာဘုရားရှင်သည် အဘယ်ကြောင့် ဘုရားဆုပန်ခဲ့ရပါသနည်း' ဟူသော သမိုင်းကြောင်းကို ပြန်လည်ဖော်ထုတ်ရသော်၊ အများအကျိုးကို အနှိုင်းမဲ့ဆောင်ရွက်လိုသော စိတ်ဓာတ်ကြောင့်ဟုပင် ဖော်ပြနိုင်ပေသည်။

ဘုရားလောင်းသုမေဓာသတို့သားသည် ဤဘဒ္ဒကမ္ဘာမှရေတွက်လျှင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက်၌ အမရဝတီမင်းနေပြည်တွင် သူဌေးသားဖြစ်ခဲ့ပါသည်။ တစ်ဆယ့်ခြောက်နှစ်အရွယ်တွင် တတ်မြောက်သင့်သည့် အတတ်ပညာများ တတ်မြောက်ခဲ့ပေသည်။ မိဘနှစ်ပါးမှာမူ သုမေဓာသတိုးသားငယ်စဉ်ကပင် ကွယ်လွန်သွားပြီဖြစ်သဖြင့် မိဘနှစ်ပါး၏ အမွေပစ္စည်းအားလုံးကို သုမေဓာသတို့သားက ရရှိခဲ့ပေသည်။ သို့သော် ထိုစည်းစိမ်ဥစ္စာတို့သည်ကား အညီအဟောက်သဖွယ် ဖြစ်သည်ကိုသိရှိ၍ ထိုစည်းစိမ်ဥစ္စာတို့ကို အများအတွက် လျှဒါန်းစွန့်ကြဲကာ ဟိမဝန္တာတောသို့ တရားရှာထွက်တော်မူရာတွင် (၇)ရက်အတွင်း စျာန်အဘိညာဉ်တန်ခိုးများ ရရှိခဲ့ပေသည်။ ထိုစျာန်အဘိညာဉ်တန်ခိုးများဖြင့် ကောင်းကင်တွင် လှည့်လည်သွားလာ နေထိုင်ခဲ့ပေသည်။

ထိုကာလဝယ် ဒီပင်္ကရာ မြတ်စွာဘုရားပွင့်တော်မူ၍ ရမ္ဘာဝတီနေပြည်တော်သို့ ကြွရောက်တော်မူလာမည်ကို သိရှိရသဖြင့် မြို့သူမြို့သားတို့သည် ဘုရားကြွလာမည့် လမ်းကို ပြင်ဆင်နေကြလေသည်။ လမ်းကိုခင်းနေဆဲ တစ်ဝက်တစ်ပျက်အခြေအနေတွင် ဒီပင်္ကရာမြတ်စွာဘုရားကြွတော်မူလာရာ ဘုရားရှင်၏ ကျက်သရေတော်ကို မြင်တွေ့လိုက်ရသော သုမေဓာရှင်ရသေ့၏စိတ်၌ ငါသည် ကိလေသာကုန်ခမ်းသည့် ရဟန္တာဖြစ်လိုလျှင် ယနေ့ပင်ဖြစ်နိုင်ရာ၏။ သို့သော် သတ္တဝါအများကို ကယ်တင်နိုင်သောအစွမ်း ငါ့မှာ ရှိပါလျက် တစ်ဦးတည်း ကိုယ်လွတ်ရုန်းသွားခြင်းကား မသင့်တော်၊ ငါလည်း ဒီပင်္ကရာမြတ်စွာဘုရားကဲ့သို့ ဘုရားဖြစ်ရန် ကြိုးစားတော့အုံ့ဟု စိတ်၌ စွဲမြဲစွာ အဓိဋ္ဌာန်ပြုကာ ခန္ဓာကိုယ်ကို တံတားသဖွယ်ခင်း၍

လျှဒါန်းကာ ဒီပင်္ဂရာမြတ်စွာဘုရားထံ၌ ဗျာဒိတ်တော် ခံယူတော်မူခဲ့ပေသည်။

ဗျာဒိတ်ရသည့်ဘဝမှစ၍ ဘုရားအလောင်းတော်သည် ဘုရားဖြစ်အောင် ကျင့်ဆောင်ရမည့် ပါရမီဆယ်ပါး၊ အပြားသုံးဆယ်၊ စရိယာသုံးပါး၊ စွန့်ခြင်းကြီးငါးပါးတို့ကို ဘဝများစွာ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ခဲ့ရပေသည်။

ပါရမီဆယ်ပါးကား -

'ဒါန၊ သီလ၊ နေက္ခမ၊ ပညာ၊ ဝီရိယ၊

ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန်၊ မေတ္တာ၊ ဥပေက္ခာ' ဟူသော ပါရမီဆယ်ပါးဖြစ်သည်။

အပြားသုံးဆယ်ဟူသည်ကား-

(က) ရိုးရိုးဖြည့်ကျင့်လျှင် ပါရမီ၊

(ခ) ကိုယ်လက်အင်္ဂါတို့ကို စွန့်၍ ဖြည့်ကျင့်လျှင် ဥပပါရမီ၊

(ဂ) အသက်ကိုစွန့်၍ ဖြည့်ကျင့်လျှင် ပရမတ္ထ ပါရမီဟုခေါ်သည်။

ထို့ကြောင့် ပါရမီတစ်ပါးတစ်ပါးလျှင် အနုအရင့် ဖြည့်ကျင့်ပုံ သုံးပါးကွဲပြားသဖြင့် ပါရမီဆယ်ပါးအပြားသုံးဆယ်ဟု ခေါ်ကြသည်။

ဘုရားအလောင်းတော်သည် ဘဝများစွာ ပါရမီတော်ကို ဖြည့်ကျင့်ရာ၌ ရည်မှန်းချက် သုံးရပ် **စရိယာသုံးပါး**ကို ဦးထိပ်ထား၍ ကျင့်တော်မူသည်။ ယင်းတို့ကား -

(၁) လောကတ္ထစရိယာ - လောကလူသားတို့၏ အကျိုးစီးပွား အလို့ငှာကျင့်ခြင်း။

(၂) ဉာတတ္ထစရိယာ - မိမိ၏ အမျိုးသား၊ လူမျိုးများ၊ အကျိုးစီးပွား အလို့ငှာကျင့်ခြင်း။

(၃) ဗုဒ္ဓတ္ထစရိယာ - သတ္တဝါများကို သံသရာဝဋ်ဆင်းရဲမှ ကယ်တင်နိုင်သော သဗ္ဗညုတ ဘုရားဖြစ်ရေးကျင့်စဉ်ပင် ဖြစ်သည်။

စရိယာသုံးပါးကို ကျင့်တော်မူသည့်ပြင် **စွန့်ခြင်းကြီး(၅)ပါး**ကိုလည်း ပြုတော်မူခဲ့ပေသည်။ ထိုစွန့်ခြင်းကြီး (၅)ပါးကား -

(က) ဓနပရိစ္စာဂ - တိုင်းပြည်၊ နိုင်ငံ၊ ထီးနန်း၊ စည်းစိမ်တို့ကို စွန့်လျှူခြင်း။

(ခ) ပုတ္တပရိစ္စာဂ - သားသမီးတို့ကို စွန့်လျှူခြင်း။

(ဂ) ဘရိယပရိစ္စာဂ - ဇနီးမယားတို့ စွန့်လျှူခြင်း။

(ဃ) အင်္ဂပရိစ္စာဂ - ခန္ဓာကိုယ်အစိတ်အပိုင်းများကို စွန့်လျှူခြင်း။

(င) ဇီဝိတပရိစ္စာဂ - အသက်ကို စွန့်လျှူခြင်းတို့ဖြစ်သည်။

ဘုရားအလောင်းတော်သည် ပါရမီဆယ်ပါး၊ အပြားသုံးဆယ်၊ စရိယာသုံးပါး၊ စွန့်ခြင်းကြီးငါးပါးတို့ကို ဘဝတိုင်း ဖြည့်ကျင့်ကြိုးပမ်းကာ နောက်ဆုံး၌ သဗ္ဗညုတဉာဏ်တော်ကိုရရှိကာ သမ္မာသမ္ဗုद्ध ဘုရားဖြစ်လာရခြင်း ဖြစ်ပေသည်။ ဘုရားရှင်၏ အတုမရှိသော ပရဟိတစိတ်ထားကား အတုယူဖွယ်ရာ၊ ကြက်သီးထဖွယ်ရာဖြစ်ပါသည်။ ထိုဘုရားရှင်၏ ဘဝဆက်ဆက် ဖြည့်ကျင့်တော်မူခဲ့သည့် ပါရမီဆယ်ပါးအကြောင်းကို အောက်တွင်ဆက်လက်လေ့လာကြပါဦးစို့။

ပရာမာနံ၊ မြင့်မြတ်သူတို့၏၊ ကမ္မံ၊ အလုပ်သည် ပါရမီ၊ ပါရမီမည်၏ဟု ဆိုလိုပါသည်။ ပါရမီမြောက်သောအလုပ်ဖြစ်ရန် မွန်မြတ်သော ရည်ရွယ်ချက်ရှိရန်နှင့် အပြစ်ကင်းသော အလုပ်ဖြစ်ရန် လိုအပ်ပါသည်။ သဗ္ဗညုတဉာဏ်(သို့) နိဗ္ဗာန်ကို ရည်သန်တောင့်တပြုလုပ်သော ဒါနမှု၊ သီလမှု စသည့် ဝိဝဋ္ဋနိဿိတကုသိုလ်မျိုးကိုသာ ပါရမီဟု ဆိုရပေမည်။ ပါရမီဆယ်ပါးတွင် တစ်ပါးချင်းစီ၌

(က) လက္ခဏာ - အမှတ်အသား

(ခ) ရသ - ဆောင်ရွက်ချက်
(ဂ) ပစ္စုပ္ပန် - ထင်ရှားခြင်းသဘာဝ
(ဃ) ပဒဋ္ဌာန် - နီးသောအကြောင်း
စသည်တို့ကို တွေ့နိုင်ပေသည်။

(၁) **ဒါနပါရမီ၏**
(က) လက္ခဏာ - စွန့်လှူခြင်းလက္ခဏာရှိ၏။
(ခ) ရသ - လောဘကို ဖျက်စီးခြင်း လုပ်
ဆောင်ချက် ကိစ္စရသရှိ၏။
(ဂ) ပစ္စုပ္ပန် - မတွယ်တာ မတပ်မက်ခြင်း
သဘာဝရှိ၏။
(ဃ) ပဒဋ္ဌာန် - လှူဖွယ်ဝတ္ထုသည် နီးကပ်
သောအကြောင်းဖြစ်၏။

(၂) **သီလပါရမီ၏**
(က) လက္ခဏာ - ကိုယ်၊ နှုတ်တို့ကို ဒုစရိုက်
ဖြစ်ခွင့်မပေးခြင်း လက္ခဏာ
ရှိ၏။
(ခ) ရသ - ဒုစရိုက်တို့မှ ကင်းဝေးပြီး
အပြစ်ကင်းသောလုပ်ဆောင်
ချက် ကိစ္စရသ ရှိ၏။
(ဂ) ပစ္စုပ္ပန် - စိတ်စင်ကြယ်သော သဘော
ရှိ၏။
(ဃ) ပဒဋ္ဌာန် - ဟီရိ၊ သြတ္တပ္ပတရားလျှင်
နီးကပ်သောအကြောင်းရှိ၏။

(၃) **နေက္ခမပါရမီ၏**
(က) လက္ခဏာ - ငါးပါးအာရုံကာမဂုဏ်မှ ထွက်
မြောက်ခြင်းလက္ခဏာရှိ၏။
(ခ) ရသ - ကာမဂုဏ်၏အပြစ်ကို ထင်စွာ
ပြုသော လုပ်ဆောင်ချက်
ကိစ္စရသရှိ၏။
(ဂ) ပစ္စုပ္ပန် - ကာမဂုဏ်တို့ကို ကျောခိုင်း
သောသဘောရှိ၏။
(ဃ) ပဒဋ္ဌာန် - သံဝေဂဉာဏ်လျှင် နီးကပ်သော
အကြောင်းရှိ၏။

(၄) **ပညာပါရမီ၏**
(က) လက္ခဏာ - အမှန်တိုင်း ထိုးထွင်းမြင်ခြင်း
လက္ခဏာရှိ၏။
(ခ) ရသ - အာရုံကိုရှင်းရှင်းလင်းလင်း
ဖော်ပြခြင်း ကိစ္စရသရှိ၏။
(ဂ) ပစ္စုပ္ပန် - အာရုံ၌မတွေဝေသော သဘော
ပစ္စုပ္ပန် ရှိ၏။
(ဃ) ပဒဋ္ဌာန် - သမာဓိလျှင် နီးကပ်သော
အကြောင်းရှိ၏။

(၅) **ဝီရိယပါရမီ၏**
(က) လက္ခဏာ - အားထုတ်ခြင်း၊ အဆင်းရဲခံခြင်း
လက္ခဏာရှိ၏။
(ခ) ရသ - ကုသိုလ်မှ၌ လျော့ရဲမှုမရှိ
အောင် ထောက်ပံ့ပေးခြင်း
ကိစ္စရသရှိ၏။
(ဂ) ပစ္စုပ္ပန် - မဆုတ်နစ်သောသဘော ရှိ၏။
(ဃ) ပဒဋ္ဌာန် - သံဝေဂဉာဏ်လျှင်နီးကပ်သော
အကြောင်းရှိ၏။

(၆) **ခန္တီပါရမီ၏**
(က) လက္ခဏာ - သည်းခံခြင်းလက္ခဏာရှိ၏။
(ခ) ရသ - အလိုရှိအပ် မရှိအပ်သည်

နှစ်မျိုးလုံးကို လွှမ်းမိုးနိုင်ခြင်း ကိစ္စရသရှိ၏။

(ဂ) ပစ္စုပ္ပန္နာန် - အလိုရှိအပ်၊ မရှိအပ်နှစ်မျိုးလုံးကို ခံနိုင်ရည်ရှိသော သဘောရှိ၏။

(ဃ) ပဒဋ္ဌာန် - အမှန်တိုင်းသိမြင်ခြင်းလျှင် နီးကပ်သောအကြောင်းရှိ၏။

(၇) **သစ္စာပါရမီ၏**

(က) လက္ခဏာ - မချွတ်ယွင်းခြင်းလက္ခဏာရှိ၏။

(ခ) ရသ - ဟုတ်မှန်သည့် သဘောကို ထင်စွာပြခြင်း ကိစ္စရသရှိ၏။

(ဂ) ပစ္စုပ္ပန္နာန် - မြင့်မြတ်ချီမြိန်သော သဘောပစ္စုပ္ပန္နာန်ရှိ၏။

(ဃ) ပဒဋ္ဌာန် - ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံး စင်ကြယ်ခြင်းလျှင် နီးကပ်သော အကြောင်းရှိ၏။

(၈) **အဓိဋ္ဌာန်ပါရမီ၏**

(က) လက္ခဏာ - ကြံ့ခိုင်တည်ကြည်ခြင်း လက္ခဏာရှိ၏။

(ခ) ရသ - အကုသိုလ်တရားတို့ကို လွှမ်းမိုးနှိပ်စက်ခြင်း ကိစ္စရသရှိ၏။

(ဂ) ပစ္စုပ္ပန္နာန် - မတုန်မလှုပ်သော သဘောပစ္စုပ္ပန္နာန်ရှိ၏။

(ဃ) ပဒဋ္ဌာန် - ဗောဓိဉာဏ်ရကြောင်း တရားများလျှင် နီးကပ်သောအကြောင်း ရှိ၏။

(၉) **မေတ္တာပါရမီ၏**

(က) လက္ခဏာ - သတ္တဝါတို့၏ အကျိုးစီးပွားများ လိုလားခြင်းလက္ခဏာရှိ၏။

(ခ) ရသ - ထိုအကျိုးစီးပွားကို ဆောင်ရွက်ခြင်း ကိစ္စရသရှိ၏။

(ဂ) ပစ္စုပ္ပန္နာန် - အေးမြသောသဘော ပစ္စုပ္ပန္နာန်ရှိ၏။

(ဃ) ပဒဋ္ဌာန် - သတ္တဝါတို့ကို အကောင်းမြင်ခြင်းလျှင် နီးကပ်သောအကြောင်း ရှိ၏။

(၁၀) **ဥပေက္ခာပါရမီ၏**

(က) လက္ခဏာ - မချစ်မမုန်း အလယ်အလတ်ထားခြင်း လက္ခဏာရှိ၏။

(ခ) ရသ - ညီညီမျှမျှ ကြည့်မြင်ခြင်း ကိစ္စရသ ရှိ၏။

(ဂ) ပစ္စုပ္ပန္နာန် - မုန်း၊ ချစ်ကို ငြိမ်းစေတတ်သော သဘောပစ္စုပ္ပန္နာန်ရှိ၏။

(ဃ) ပဒဋ္ဌာန် - ကံသာလျှင် ကိုယ်ပိုင်ဥစ္စာဟု ဆင်ခြင်ခြင်းလျှင် နီးကပ်သော အကြောင်းရှိ၏။

ပါရမီဆယ်ပါးကိုအကျယ်ဖွင့်ဆိုရသော-

၁။ ဒါနပါရမီ

ဒါနပါရမီအဓိပ္ပာယ် - စွန့်ကြဲပေးကမ်း၊ လျှာ်ဒါန်းမှုမှန်သမျှ ဒါနမည်၏။ ဗောဓိဉာဏ်နှင့် နိဗ္ဗာန်ကို ရည်သန်ပြုသော ဒါနမှ (ဝိဝဋ္ဋနိဿိတ ဒါနကုသိုလ်မျိုး) သည် ဒါနပါရမီမည်၏။ (ဘဝသမ္ပတ္တိ လူနတ်ချမ်းသာ၊ ဘောဂသမ္ပတ္တိ-စည်းစိမ်ချမ်းသာကို မျှော်ကိုးလိုလားသော 'ဝဋ္ဋနိဿိတ' ဒါနမှကား ပါရမီဟု မဆိုသာ၊ ရိုးရိုးသာမာန်ကုသိုလ်ဟုသာ ဆိုသင့်၏။)

ပေးလျှကြောင်း စေတနာ (လျှဒါန်းလိုစိတ်) သည် 'စေတနာဒါန'မည်၏။ လျှဒါန်းလိုသည့် စေတနာရှိမှ ဒါနပြုနိုင်သည်။ လျှဖွယ်ပစ္စည်းနှင့် အလျှခံ ပုဂ္ဂိုလ်တို့သည် 'ဝတ္ထုဒါန' မည်၏။ စေတနာ (သဒ္ဓါတရား)၊ လျှဖွယ်ပစ္စည်း၊ အလျှခံပုဂ္ဂိုလ် ဤသုံးမျိုး စုံလင်မှ ဒါနမှုထမြောက် အောင်မြင်နိုင်၏။

ဒါနစေတနာဖြစ်ရာကာလသည် မလျှမီ၊ လျှစဉ်၊ လျှပြီး(ပုဗ္ဗ၊ မုဉ္စ၊ အပရ) ဟူ၍ သုံးမျိုးကွဲပြား၏။ စေတနာ သုံးတန်ဟုခေါ်၏။ ဒါနပြုရာ၌ 'တိဟိတ်ဉဏ္ဍ' ကုသိုလ်နှင့် လျှသင့်သည်။ ဒါနပြုသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်-မဖြစ်၊ ကံနှင့် ကံ၏အကျိုးသိမြင်မှု (ကမ္မဿကတာဉာဏ်) ပါ, မပါ၊ စေတနာ (သဒ္ဓါတရား ထက်, မထက်) ဤအချက်များပေါ်မူတည်၍ ဒါနစိတ်ထားအမျိုးမျိုးကွဲပြား၏။

အကောင်းဆုံးဒါနဖြစ်အောင် -

သောမနဿသဟဂုတ်	-	ဝမ်းမြောက်ဝမ်းသာ
ဉာဏသမ္ပယုတ်	-	ကံကိုသိမြင်သည့်ဉာဏ်ရှိရှိ
အသင်္ခါရိကစိတ်	-	စေတနာ၊ အပြည့်အဝဖြင့် လျှဒါန်းပါမှ

တိဟိတ်ဉဏ္ဍ၊ ဒါနကုသိုလ်ဖြစ်သည်။ မလျှမီ၊ လျှပြီး စေတနာပျက်ကွက်မိလျှင် အညံ့စား သြမက ကုသိုလ်မျိုး ဖြစ်သည်။ အမြတ်ဆုံးဒါနမျိုးဖြစ်အောင် တိဟိတ်ဉဏ္ဍ ဗလဝ စေတနာဖြင့်

ဝိဝဋ္ဋနိဿိတဒါန	-	နိဗ္ဗာန်ဆုကို ရည်မှန်း
သဘတ္တိကဒါန	-	အလျှခံအမှန်တကယ် လိုအပ်သော ပစ္စည်းကို လျှ
ပဏီတဒါန	-	စွမ်းနိုင်သမျှ အကောင်းဆုံး ပစ္စည်းကိုလျှ
ဒုက္ခရဒါန	-	အကြောင်းကို တိုင်ဆိုင်လျှင် ပြုနိုင်ခဲ့သည်ကို လျှရာ၏။

၂။ သီလပါရမီ

သီလအဓိပ္ပာယ် - ကိုယ်မှုနှုတ်မှုတို့ကို ကောင်းစွာ ထိန်းသိမ်းစောင့်စည်းခြင်းသည် သီလမည်၏။ ဗောဓိဉာဏ်နှင့် နိဗ္ဗာန်ရည်သန်သော သီလကုသိုလ်သည် 'သီလပါရမီ' မည်၏။ ရဟန်းနှင့် ရှင်လူ သီလချင်း မတူကြ။

လူတို့ဆောက်တည် ကျင့်သုံးရမည့် သီလကား ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး ဟူ၍ သုံးမျိုးသုံးစားရှိ၏။ ထိုတွင် ငါးပါးသီလသည် လူတိုင်းအမြဲကျင့်သုံးရမည်။ ဂရုဓမ္မသီလမည်၏။ ငါးပါးသီလ လုံခြုံသူသည် 'လူသီလသန္တာ' (သီလရှိသူ) ဖြစ်၏။ ဆောင်ရန်ဖြစ်သည့် 'စာရိတ္တသီလ'၊ ရှောင်ရန်ဖြစ်သည့် 'ဝါရိတ္တသီလ' ဟူ၍ နှစ်မျိုးရှိရာတွင် ငါးပါးသီလသည် 'ဝါရိတ္တသီလဖြစ်၍ သိက္ခာပုဒ်ကို ဆောက်တည် ခံယူထားသည်ဖြစ်စေ၊ မဆောက်တည်သည်ဖြစ်စေ ကျူးလွန်သူတိုင်းအပြစ်ရှိ၏။ (ဘာသာမရွေး၊ ဘာသာမဲ့ပင်ဖြစ်စေ အပြစ်ဖြစ်၏။) လူတို့ကျင့်သည့် ရှစ်ပါးသီလကို 'ဥပုသ်သီလ'၊ ဆယ်ပါးသီလကို 'နိယမသီလ' ဟုခေါ်၏။ ဥပုသ်သီလကို ရှစ်ရက်၊ လပြည့်၊ လကွယ်တစ်လ လေးသီတင်း ဥပုသ်သီလ ဆောက်တည်ကြ၏။ အမှန်မှာ မည်သည့်နေ့တွင်မဆို ဥပုသ်စောင့်ကောင်းသည်သာ၊ မိမိဘာသာလည်း ဆောက်တည်ကျင့်သုံးနိုင်၏။ ဆယ်ပါးသီလ၊ သေခိယသိက္ခာပုဒ်တော်များ၊ ခန္ဓကဝတ် ၁၄ ပါးနှင့် ဘိက္ခုပါတိမောက် အရိုသေဝိနည်း သိက္ခာပုဒ်များသည် ရှင်သာမဏေတို့ စောင့်ထိန်းရမည့် သီလမည်၏။

ရဟန်းတော်များ သီလကား၊ အကျင့်အားဖြင့် နှစ်ရာနှစ်ဆယ့်ခုနှစ်သွယ် အကျယ် ကုဋေပေါင်းကိုးထောင်ကျော်ဖြစ်၏။ ရဟန်းတို့၏ သီလကို ဝိနည်းဟုခေါ်၏။ ဝိနည်းတည်မှ သာသနာတော်တည်တံ့မည်ဖြစ်၍ ဝိနည်းသည် သာသနာတော်၏ 'အသက်'ပင် ဖြစ်၏။

ရဟန်းတော်တို့ ဝိနည်းအတိုင်းနေထိုင်ပါက ရဟန်းကျင့်ဝတ်၊ တစ်ပါးတတ်က၊ လူနတ်ဦးခိုက် ပူဇော်ထိုက်၏။ သီလ၊ သမာဓိ၊ ပညာဟူ၍ သာသနာသုံးရပ်ရှိရာတွင် လှေကားသုံးထစ်ကို မခုန်ကျော်ဘဲ၊ တစ်ထစ်ချင်းတက်ရသလို၊ အခြေခံသီလ သာသနာကို ကျင့်သုံးပြီးမှ (သီလလုံခြုံမှ) သမာဓိ (သမထ)၊ ပညာ (ဝိပဿနာ) ဘာဝနာ နှစ်ပါးကို အဆင့်ဆင့်ကျင့်ပွားရာ၏။

၃။ နေကွမပါရမီ

နေကွမ အဓိပ္ပာယ် - ဆိတ်ငြိမ်၊ လွပ်လပ်စွာ တရားရှာနိုင်ရေးအတွက် မြင့်မြတ်သော ရည်ရွယ်ချက်ဖြင့် တောထွက်ခြင်းသည် 'နေကွမပါရမီ' မည်၏။

ရူပါရုံ၊ သဒ္ဒါရုံ၊ အဆင်း၊ အသံ စသော ပြင်ပအာရုံကာမဂုဏ်ငါးပါးသည် 'ဝတ္ထုကာမ' မည်၏။ လောဘ၊ ဒေါသစသော ကိုယ်တွင်းအနှာ ကိလေသာ ဆယ်ပါးသည် 'ကိလေသာကာမ'မည်၏။ ဝတ္ထုကာမ ပြင်ပအာရုံနှင့် ကင်းရှင်းလို၍ တောထွက်ရခြင်းဖြစ်၏။ ကိုယ်တွင်းပါ ကိလေသာကာမအတွက်ကား တောထွက်၍မရပါ။ အာရုံမျိုးစုံ ကာမဂုဏ်တောမှ ရှောင်ခွာထွက်လျှင် ကိုယ်တွင်းကိလေသာအထိုက် အလျောက်ပါးလွှာနိုင်၏။

အသံသည် သမာဓိ၏ ဘေးရန်ဖြစ်၍ သမာဓိရအောင် ဆိတ်ငြိမ်ရာအရပ် ချဉ်းကပ်ရာ၏။ တရားရှာမှီးသူ ယောဂီပုဂ္ဂိုလ်အား တောအရပ်၊ သစ်ပင်ရင်း၊ ဆိတ်ငြိမ်ရာချဉ်းကပ်ရန် ဘုရားရှင် ညွှန်ကြားတော်မူ၏။ နေကွမ အင်အား တရားဓာတ်ခံရင့်သန်ကြသည့် သမာဓိပိုင်ရှင် သူတော်စင်တို့အား ဆိတ်ငြိမ်မှုကို လိုလားကြ၏။ အရည်ကင်ခုတင်ဆောင်ကာ အရည်ဝါသီ တောရဆောက်တည်ကြမြဲ ဖြစ်၏။ ဘုရားရှင်ကား တောတွင်ဖွားမြင်၊ တောတွင် တရားကျင့်၊ ဘုရားဖြစ်၍ တောတွင်သီတင်းသုံးတော်မူပြီး နောက်ဆုံး တောတွင်း၌ ပရိနိဗ္ဗာန်ဝင်စံတော်မူ၏။

၄။ ပညာပါရမီ

ပညာအဓိပ္ပာယ် - ထူးထွေခွဲခြား ကွဲကွဲပြားပြားသိတတ်သောကြောင့် ပညာမည်၏။ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော အသိလိမ္မာ၊ ဉာဏ်ပညာသည် ပညာပါရမီမည်၏။ (မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် လေးပါးနှင့်ယှဉ်သော ပညာဇွေ့စေတသိက်ပင်တည်း။)

ပဋိသန္ဓေအခါ (ပဋိသန္ဓေစိတ်နှင့်ယှဉ်၍) ပါလာသော 'ဇာတိပညာ'၊ မွေးဖွားပြီးနောက် သင်ယူတတ်မြောက်လာသော 'ပဝတ္တိပညာ' ဟူ၍ ပညာနှစ်မျိုးရှိ၏။ တိဟိတ်ပုဂ္ဂိုလ်သည် ဇာတိပညာ၊ ပဝတ္တိပညာ နှစ်မျိုးလုံး ပြည့်စုံနိုင်၍ ကြိုးစားအားထုတ်ပါက ယခုဘဝ တရားရနိုင်ပါ၏။

အဟိတ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်တို့အား ပင်ကိုထိုးထွင်းဉာဏ်မပါ၊ ပဝတ္တိသင်ပညာတစ်မျိုးတည်းသာ ရှိသဖြင့် အားထုတ်သော်လည်း ဤဘဝ တရားမရနိုင်၊ ကောင်းလျှင် ကောင်းမှန်း၊ မကောင်းလျှင် မကောင်းမှန်း ခွဲခြားဝေဖန် အမှန်တိုင်း သိမြင်ခြင်းသည် ပညာ၏ သဘောလက္ခဏာဖြစ်၏။ အမှားသိခြင်း၊

အမှန်ကိုအမှား၊ အမှားကိုအမှန်ဟု ပြောင်းပြန်သိခြင်းသည် ပညာမဟုတ် မောဟလက္ခဏာ မိစ္ဆာအသိသာ ဖြစ်သည်။

ပညာခေါ် ပညိန္ဒြေစေတသိက်သည် တင့်တယ်ကောင်းမြတ်သည့် သောဘနစိတ်နှင့်သာ ယှဉ်တွဲ၍ ဖြစ်နိုင်၏။ အသောဘနစိတ်မျိုး အကုသိုလ်တရားဆိုးနှင့် ယှဉ်၍ ဖြစ်လေ့မရှိ။ 'ပညာသမာ အာဘာ နတ္ထိ' ပညာနှင့်တူသော အလင်းရောင်မရှိ၊ အမှောင်တွင် မောဟ၊ အရောင်တွင်ပညာ၊ မောဟအမှောင်ကိုခွင်း၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရရှိပါသည်။ ပညာသည် လောကတွင် ပညာရဲရင့် ပွဲလယ်တင့်စေ၍ ဓမ္မတွင် ဈာန်ဉာဏ်ကို အလျင်အမြန်ရရှိစေ၏။ အရာရာတွင် ပညာသည် အခရာပင်ဖြစ်၏။

၅။ ဝီရိယပါရမီ

ဝီရိယပါရမီ အဓိပ္ပာယ် - ရဲရင့်သူတို့၏ ဂုဏ်ပုဒ် ဖြစ်သော ကြိုးစားအားထုတ်မှု (တစ်နည်း) သတ္တိအားမာန်၊ ဖွဲလုံ့လသန်သူတို့၏ လုပ်ဆောင်မှုသည် ဝီရိယမည်၏။ ကောင်းမြတ်မှန်ကန်သော ကြိုးစားအားထုတ်မှု 'သမ္မာဝါယာမ' နှင့် ဆိုးဝါးမှားယွင်းသော ကြိုးစားအားထုတ်မှု 'မိစ္ဆာဝါယမ' နှစ်မျိုးရှိရာတွင် ဝီရိယပါရမီအရာ၌ 'သမ္မာဝါယာမ' ကိုသာ လိုအပ်၏။ ကြိုးစားရာတွင် နည်းမှန်လမ်းမှန် ဖြစ်ဖို့လို၏။ နည်းလမ်းမမှန်ပါက ကြိုးစားမှုသည်လည်း ဒုက္ခကြီးစွာရောက်တတ်၏။

ပျင်းရိသူ လူဖျင်းတို့သည် ကောက်ရိုးမီးပမာ ရံခါအလုပ်ကို တစ်ဟုန်ထိုးထလုပ်တတ်ကြ၏။ သို့သော် အရေးကြုံလျှင် သက်လုံမကောင်း၊ အကြောင်းအမျိုးမျိုးပြကာ လွယ်လွယ်ပင် လက်လျှော့ချင်ကြ၏။ အလုပ်လုပ်ရာ၌လည်း သွက်လက်တတ်ကြမှုမရှိဘဲ ပျင်းရိခြင်း စကားခြောက်မျိုးဖြင့် (အချိန်စောသေးသည်၊ နောက်ကျသွားပြီ၊ ဆာလွန်းသည်၊ ဗိုက်ပြည့်လွန်းသည်၊ ခရီးသွားစရာရှိသေးသည်၊ ခရီးပြန်ရောက်စ အပန်းဖြေဦးမည်) ဆင်ခြေပေးကာ ပျင်းရိ ပျင်းတွဲ အချိန်ဆွဲတတ်ကြ၏။

ကြိုးစားရာ၌ ပြီးစလွယ်သဘောမထား၊ အလုပ်ကို လေးလေးစားစား လုပ်ရန်လို၏။ ကောက်ရိုးမီးလို ခဏ တစ်ဖြုတ်မဟုတ်ဘဲ စွဲမြဲပုံမှန်လုပ်ရန်လို၏။ 'ဝီရိယဝတော ကိ'နာမ ကမ္မံ နာ သိဒ္ဓတိ' ထိုကဲ့သို့ ထကြွနိုးကြား၊ ကြိုးစား အလုပ်လုပ်သူမှာ မဖြစ်နိုင်သောအရာမရှိ။

ကြိုးစားလျှင် ဘုရားပင် ဖြစ်နိုင်သေးသဖြင့် လုံ့လဝီရိယအစွမ်းဖြင့် အခက်တကာ့ အခက်ဆုံး သဗ္ဗညုတဉာဏ်တော်ကြီးကိုပင် ဆွတ်ခူးရယူနိုင်သေးလျှင် အခြားပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသော လောကရေးရာနယ်ပယ်တွင် ဆိုဖွယ်မရှိတော့ချေ။ 'ကံချင်း၊ ဉာဏ်ချင်းတူ၊ ပိုကြိုးစားသူ သာစမြဲ။'

၆။ ခန္တီပါရမီ

ခန္တီပါရမီ အဓိပ္ပာယ် - မကောင်းဒဏ်ကို သည်းခံခြင်းသည် ခန္တီမည်၏။ မိမိအပေါ် ကျူးကျော်စော်ကား၊ ပြစ်မှားသူအား၊ အာဃာတ အငြိုးမထားဘဲ ခွင့်လွှတ်သည်းခံခြင်းသည် ခန္တီပါရမီမည်၏။ (သည်းခံရာ၌ ခြွင်းချက်မရှိ သည်းခံရ၏။ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ၊ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် မတ္တံမပြန် သည်းခံရသည်။ မတရားသည်ကို သည်းခံနိုင်လျှင် ပို၍ကောင်း၏။ ခန္တီအင်အား ပိုကြီးမား၏။ ပြစ်မှားသူအား အာဃာတစိတ်ထား ဒေါသပွားလျှင် ခန္တီတရား ပယ်ပျက်သွားတော့၏။

အမျက်ထွက်ခြင်းသည် သည်းခံခြင်းခန္ဓာ၏ ဆန့်ကျင်ဘက်ပြန်၏။ သည်းခံမှုအားကြီးလေ၊ ပြစ်မှားသူ အပြစ်ကြီးလေဖြစ်၏။ ဒေါသသည် မီးတုတ်နှင့်တူ၏။ မီးတုတ်ကို အရင်လောင်ပြီးမှ အခြားအရာများကို ကူးစက်လောင်ကျွမ်းနိုင်၏။ (မိမိ၏ ဒေါသက မိမိကိုလောင်ပြီးမှ သူများကို စိတ်ဆိုး၍ရ၏။)

ခန္ဓာ(မေတ္တာ)သည်ရေနှင့် တူ၏။ လောင်စာ မဟုတ်သော ခန္ဓာ(မေတ္တာ)ရေကို ဒေါသမီးလောင်ရိုး မရှိ၊ လောင်လည်း မလောင်နိုင်၊ အုတ်နံရံကို ဘော လုံးဖြင့်ပစ်ပေါက်လျှင် ပစ်ပေါက်သူထံ ဘောလုံးပြန်ဝင် လာသလိုဖြစ်၏။ သည်းခံသူသည်နိုင်သူဖြစ်၏။

ခန္ဓာ၏ တရားကိုယ်မှာ 'အဒေါသ' ဖြစ်၍ သည်းခံ နိုင်သူသည် ဒေါသနည်းတူ သတ္တိရှိသူဖြစ်၏။

အဆန်မဲ့စပါးနှံ ထောင်နေ၏။ အဆန်ပြည့်ဝ ညွှတ်ကျနေ၏။

၇။ သစ္စာပါရမီ

သစ္စာပါရမီ အဓိပ္ပာယ် - မဖောက်မပြန် မှန်ကန်သော သဘောတရားသည် သစ္စာ၊ မုသားမနှော မှန်ရာပြောဆိုခြင်းသည် သစ္စာပါရမီမည်၏။ (ဤ သစ္စာအရာတွင် အကြောင်းအရာကောင်းသည် မကောင်းသည်ကို မဆိုလို မရည်ညွှန်း၊ မှန်သည် မမှန်သည်ကိုသာ ရည်ညွှန်း၏။) ထို့ကြောင့် မှန်လျှင် သစ္စာဟုသာ ဆို၏။ ကောင်းလျှင် သစ္စာဟုမဆို၊ အကြောင်းအရာကောင်းသော်လည်း မမှန်လျှင် သစ္စာမဟုတ်။ လူအများခေါ်ဝေါ် ပညတ်သမုတ်အပ် သည့်အတိုင်း (လောကဝေါဟာရ) မှန်ကန်ခြင်းသည် 'သမ္မုတိသစ္စာ' မည်၏။ လူအများခေါ်ဝေါ် ပညတ် သမုတ်အပ်ရုံ မဟုတ်ဘဲ မလွဲမမှားဇကန်ထင်ရှား နေသော သဘောတရား မှန်ကန်ခြင်းသည် ပရမတ္ထ သစ္စာမည်၏။

သမ္မုတိသစ္စာသည် အမှတ်သညာ၏ အာရုံ၊ ပရမတ္ထသစ္စာသည် အသိပညာ၏အာရုံဖြစ်၏။ (ဥပမာ - လူ၊ ရုပ်၊ နာမ်အစုအဝေး) သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာကို သူ့နေရာနှင့် လျော်ရာသုံးရ၏။ တစ်ဖက်သတ်စွဲထားလျှင် လွဲမှားတတ်၏။ (လူရှိ သည်၊ လူမရှိ)

ဘုရားရှင်သည် လောကရေးကောင်းစေရန် သမ္မုတိသစ္စာကို ဟောတော်မူ၍ ဓမ္မရေးကောင်းစေရန် ပရမတ္ထသစ္စာကို ဟောတော်မူ၏။ သစ္စာပြုခြင်းအလုပ် သည် မိမိအဖြစ်မှန်ကိုသာမက သူတစ်ပါး၏ အဖြစ် မှန်ကိုလည်း ၄ားယူအသုံးပြုနိုင်၏။ မိမိအတွက် သာမက သူတစ်ပါးအတွက်လည်း သစ္စာပြုပေးနိုင်၏။ (ရတနာသုတ် ပရိတ်တော်မှာ ဝေသာလီပြည်သူများ အတွက် ရတနာသုံးပါး အဂ္ဂးဂုဏ်ဖြင့် အရှင်အာနန္ဒာ သစ္စာဆိုထားသော သုတ်တော်ကြီးဖြစ်၏။)

သစ္စာစွမ်းအားသည် လောင်နေသောမီး၊ စီးနေ သော ရေကို ရပ်တန့်စေ၏။ သင့်သော အဆိပ်ကို ပြေစေ၊ ကွယ်သောမျက်လုံးကို ပြန်မြင်စေ၏။ မှန်ရာသစ္စာသည် လိုတိုင်းရ၊ တတိုင်းပြီးစေသော ဣဒ္ဓိသယမန္တာန်ကြီး ပင်တည်း။

၈။ အဓิฐာန်ပါရမီ

အဓิฐာန်ပါရမီ အဓิပ္ပာယ် - (ဖောမိဆုစသော) ရည်ရွယ်ချက်ပြီးမြောက်အောင် ဆောင်ရွက်မည်ဟု မလျှပ်မယိုင် ကြံ့ကြံ့ခိုင် ဆုံးဖြတ်နိုင်ခြင်းသည် အဓิฐာန်ပါရမီမည်၏။ အဓิ - လွန်ကဲသော ခိုင်မာ စွာ၊ ฐာန - တည်မြဲစေခြင်း၊ 'ကျောင်းကို ဆောက် တည်သည်၊ ဘုရားကိုတည်သည်' ဆိုသကဲ့သို့ စိတ် ဖြင့်ဆောက်ခြင်း၊ တည်ခြင်း ဆောက်တည်ခြင်းသည် အဓิฐာန်မည်၏။

အဓိဋ္ဌာန်သုံးမျိုး -

- နောင်ရေးကိုကြိုတင်သိလို၍ အဓိဋ္ဌာန်ခြင်းသည် 'ပုဗ္ဗနိမိတ္တ' အဓိဋ္ဌာန်မည်၏။
- (တောင့်တမှု) (ရည်ရွယ်ချက်) ပြီးမြောက်အောင်မြင်စေရန် အဓိဋ္ဌာန်ခြင်းသည် 'အာသီသ' အဓိဋ္ဌာန်မည်၏။
- ဒါန သီလစသော ကုသိုလ်ကောင်းမှုကို ကြိုးစားပြုလုပ်မည်ဟု အဓိဋ္ဌာန်ခြင်းသည် 'ဝတ' အဓိဋ္ဌာန်မည်၏။

အဓိဋ္ဌာန်သည်အတိုင်း ပြုလုပ်မှသာ အဓိဋ္ဌာန်မြောက်၏။ သစ္စာပြုခြင်းသည် ဖြစ်ရပ်မှန်ကို အခြေခံ၏။ အဓိဋ္ဌာန်ကို နောင်အနာဂတ်ကာလပြုလုပ်မည့် အရာသာဖြစ်၏။

ယနေ့မှစ၍ သား၊ ငါး စားသုံးခြင်းမှ ရာသက်ပန် ရှောင်ကြဉ်ပါမည်ဆိုသည်မှာ သစ္စာပြုခြင်းမဟုတ်၊ အဓိဋ္ဌာန်သာဖြစ်သည်။

၉။ မေတ္တာပါရမီ

မေတ္တာပါရမီ အဓိပ္ပယ် - စိုစိုဖတ်ဖတ် (အစေးကပ်သလို) ချစ်ခင်တတ်သောသဘောသည် မေတ္တာမည်၏။ မေတ္တာကာယက်၊ မေတ္တာဝစီက်၊ မေတ္တာမနောက်ဖြင့် သူတစ်ပါးအကျိုး လိုလားခြင်း၊ ရွက်ဆောင်ပေးခြင်းသည် မေတ္တာပါရမီမည်၏။ (တရားကိုယ်မှာ အဒေါသတည်း)

ပေမခေါ် ချစ်ခင်မှုသည် တဏှာပေမ၊ ဂေဟသိတပေမ၊ မေတ္တာပေမအားဖြင့် သုံးမျိုးကွဲသည်။

၁။ ယောက်ျားနှင့် မိန်းမအချင်းချင်းချစ်ကြိုက်ခြင်းသည် 'တဏှာပေမ' မည်၏။ (မေတ္တာစစ်အချစ်ဖြစ်နိုင်ခဲ၏။)

၂။ မောင်နှင့်နမ ဆွေမျိုးသားချင်း (သံယောဇဉ် *တဏှာ) တွယ်တာစိတ်ဖြင့် ချစ်ခင်ခြင်းသည်* 'ဂေဟသိတပေမ' မည်၏။ (မေတ္တာစစ်လည်းဖြစ်နိုင်၏။)

၃။ တပ်မက်စွဲလမ်းခြင်းမရှိ၊ တွယ်တာမှုမပါသော၊ မေတ္တာသန့်သန့်ဖြင့် သူ့အကျိုးစီးပွားကို လိုလား (ဆောင်ရွက်ပေး) ခြင်းသည် 'မေတ္တာပေမ' မည်၏။ (မေတ္တာပါရမီတည်း)

မေတ္တာဆိုသည်မှာ စိတ်ဖြင့်ပွားများ အားထုတ်ရမည့် ဘာဝနာအလုပ်ဖြစ်၏။ မေတ္တာဘာဝနာတွင် ကုသိုလ်ဖြစ်ရုံ ပွားနည်းနှင့် စျာန်ရအောင် ပွားနည်းဟူ၍ နှစ်မျိုးရှိသည်။ -

ကုသိုလ်ဖြစ် မေတ္တာပွားရာ၌ မည်သည့်နည်းဖြင့် မေတ္တာပွားသည်ဖြစ်စေ၊ နားထောင်ကောင်းရုံ မဟုတ်ဘဲ စိတ်ထဲ၊ နှလုံးထဲ အသိစွဲအောင် လှိုက်လှိုက်လှဲလှဲ ပွားပို့ရန်သာ အရေးကြီးသည်။ မေတ္တာပို့ရာ၌ မိမိကိုယ်ကို ဦးစွာမေတ္တာပို့ရ၏။ လက်နက်နှင့် ပစ်မှတ်တည့်အောင် တိတိကျကျ ချိန်ရွယ်ပစ်ခတ်သလို 'နှုတ်ဆိုပုံနှင့် စိတ်အာရုံ' အံဝင်ခွင်ကျ ဖြစ်စေရမည်။

မေတ္တာဓာတ်သည် မေတ္တာရှင်အတွက်သာမက မေတ္တာခံများအတွက်ပါ အဆင့်ဆင့် ပျံ့နှံ့ကူးစက်သွားနိုင်သည်။ စမ်းရေအိုင်အနီးဆုံးရောက်ရှိရုံမျှ မြင်ရုံမျှနှင့် အအေးဓာတ်စိမ့်ဝင်ပျံ့နှံ့သွားသကဲ့သို့ ဖြစ်၏။

တစ်နေ့သုံးခါ၊ အိုးတစ်ရာဖြင့်၊ ချက်ကာထမင်း၊ ပေးလှူခြင်းထက်၊ မယွင်းစစ်စစ်၊ နို့တစ်ညှစ်စာ၊ ကြိမ်သုံးခါမျှ၊ မေတ္တာပွားများ၊ ကျိုးကြီးမားသည် ဘုရားမြတ်စွာမိန့်ခွန်းတည်း။

'မေတ္တာက မအောင်မြင်နိုင်သော၊ ဘေးအန္တရာယ်' ဟူ၍မရှိ။

၁၀။ ဥပေက္ခာပါရမီ

ဥပေက္ခာပါရမီ အဓိပ္ပာယ် - သင့်တင့်မျှတစွာ၊

ရှုမြင်နှလုံးသွင်းသဘောပြသည် ဥပေက္ခာ၊ ကောင်းအာရုံ၊ ဆိုးအာရုံ မတုန်လှုပ်ဘဲ ခိုင်မြဲစွာ စိတ်ကို ထိန်းနိုင်ခြင်းသည် ဥပေက္ခာပါရမီမည်၏။

ဥပေက္ခာကိုလျစ်လျူရှုခြင်းဟု အနက်ပေး၏။ 'လျစ်လျူရှု' အဓိပ္ပာယ်သည် အာရုံပြုသည်သာဖြစ်၏။ သို့သော် ထိုအသိအာရုံကြောင့် ဝမ်းနည်းဝမ်းသာမဖြစ်၊ စိတ်မထိခိုက်သည့် သဘောသာဖြစ်သည်။ (အာရုံ မပြု၊ ဂရုမထား၊ လုံးဝမသိခြင်းကား၊ ဥပက္ခောမဟုတ်၊ အညာဏုပေက္ခာခေါ်မောဟ - အဝိဇ္ဇာအကုသိုလ်သာ ဖြစ်သည်။)

ဥပေက္ခာပါရမီသည် ကုသိုလ်တရား၊ ဗြဟ္မစိုရ်လေးပါးတွင် ပါဝင်သည်သာမက ထိုလေးပါးတွင် ဥပေက္ခာက အမြင့်ဆုံးဖြစ်သည်။ အဘိဓမ္မသဘော အရဆိုပါက - ချစ်ခြင်း၊ မေတ္တာ၊ သနားခြင်း၊ ကရုဏာ၊ ဝမ်းမြောက်ခြင်း၊ မုဒိတာတို့မှာ မတည်တံ့ မငြိမ်သက်ယောက်ယက်ခတ်မှုသဘောရှိ၏။ ဥပေက္ခာကား တည်ငြိမ်လေးနက် ရင့်ကျက်သည့် သဘောရှိ၏။

အဆိုးနှင့် အကောင်း၊ မရှေးမနှောင်း၊ ရောပေါင်းတွေ့ကြုံရသော အာရုံနှစ်မျိုးအပေါ် မမုန်း၊ မချစ်၊ လျစ်လျူရှုနိုင်၊ ထပ်တူနှလုံးသွင်းခြင်း၊ သူတစ်ပါး၏ ဖြစ်ရပ်များအပေါ် ကမ္မသကာဟု လျစ်လျူရှုနိုင်ခြင်း၊ တရားဖြင့် စိတ်ကို ဖြေဆိုနိုင်ခြင်းသည် 'ဥပေက္ခာ 'မည်၏။

နိဂုံးအနေဖြင့် ပါရမီဆယ်ပါးကို ယခုခေတ်လူအများ အသုံးချနိုင်ရန် သဒ္ဓါတရားသည် အဓိကလိုအပ်ချက် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သဒ္ဓါသည် ကုသိုလ်ကောင်းမှုတို့၏ အခြေခံကျလှသော အချက်ဖြစ်ပြီး မှန်ကန်သော ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနှင့် ကံ၊ ကံ၏အကျိုးတရားကို ယုံကြည်ခြင်းပင်ဖြစ်၏။ ဤလောကဌ် မြဲသည်၊ တည်သည်ဟူသော အရာမရှိပေ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာသုံးပါးဖြင့် အမြဲမပြတ် ထိတွေ့ဆက်ဆံနေကြရပါ၏။ သဒ္ဓါတရားကို အရိုထားရှိ၍အနိစ္စအားဖြင့် နှလုံးသွင်းတတ်ရပါမည်။ ထိုမှသာ အဓိမောက္ခအဖြစ် များလျက်လွန်ကဲသော သဒ္ဓါနွေးကို ရခြင်းကြောင့် သောတာပန်ပုဂ္ဂိုလ်ထူး ဖြစ်နိုင်ပါသည်။

လူ့ဘဝဇာတိရလာကတည်းက လူတိုင်းသည် လောကခံတရားရှစ်ပါးတို့နှင့် တွေ့ကြုံသည်မှာ ဓမ္မတာပင်ဖြစ်သည်။ ထိုလောကခံတရားနှင့် တွေ့ကြုံလာသောအခါ မိမိ၏စိတ်ကို မဆုတ်မနစ်ဘဲ ကြံ့ကြံ့ခံနိုင်ခြင်းသည်လည်း ပါရမီဆယ်ပါးကို အလျှဉ်းသင့်သလို ဖြည့်ဆည်းရာရောက်ပါသည်။ ဗောဓိပက္ခိယတရား ၃၇ ပါးသည်လည်း မဂ်ဖိုလ်နိဗ္ဗာန်သို့ သွားရောက်နိုင်ခြင်း၏ အခြေခံကျလှစွာသော အချက်များ ဖြစ်ပါသည်။

ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာတော်နည်းအတိုင်း ကျင့်ကြံပွားများအားထုတ်ပြီး 'ဒေမေတသ' အမည်ရှိသဖြင့် အဝိဇ္ဇာစသော အကြောင်းတရားကြောင့် ရုပ်၊ နာမ်ဟူသော ဆင်းရဲအပေါင်းတို့ ဖြစ်ကြရပါသည်။ ဣသရခေါ် ဘုရားရှင်၊ တန်းခိုးရှင်တို့၏ ဖန်ဆင်းခြင်းကြောင့် ဖြစ်ပေါ်လာခြင်းမဟုတ်ပါ။ ဇာတိဖြစ်လျှင် ဇရာ၊ မရဏအကျိုးကို ခံစားရမည်မှာလည်း ဧကန်ဖြစ်ပါသည်။ မြတ်ဗုဒ္ဓ၏ဝါဒသည် အကြောင်းကို ပယ်သတ်သောဝါဒဖြစ်ပေ၏။ ပြုပြင်စီရင်သူ မရှိလျှင် ခံစားတတ်သူ မည်သည်မှာလည်းမရှိနိုင်ပေ။ ကိလေသာဝဋ်မြစ်ကို ပယ်သတ်ပြီးသော ရဟန္တာတို့၏ သန္တာန်ဌာနား သောကပရိဒေဝတို့ မဖြစ်ပေါ်နိုင်ချေ။ သံသရာဝဋ်ပြတ်စေရန် ကြွင်းသောကိစ္စ၌ ပယ်၍ အခါခပ်သိမ်း အမှတ်သညာဖြင့် သတိရှိလျက် ဝိပဿနာဘာဝနာများကို အားထုတ်ရာ၌ ကြိုးစားခြင်းသည်လည်း လက်တွေ့အသုံးချနိုင်သော ပါရမီဆယ်ပါးကို အလျှဉ်းသင့်သလို ဖြည့်ဆည်းခြင်း ဖြစ်သည်ဟု မြင်မိပါသည်။

စာတမ်းအမည် - ဒုက္ခသစ္စာကိုလေ့လာခြင်း
ပြုစုသူ - အဖွဲ့. (၃)
ကြီးကြပ်သူ - ဆရာဦးစန်းဝင်း

အဖွဲ့.(၃) ၏ အဖွဲ့ဝင်များ အမည်စာရင်း

စဉ်	အမည်	နံပါတ်	စဉ်	အမည်	နံပါတ်
၁။	အရှင်မဇ္ဈိသက	DM - 12	၁၆။	ဒေါ်မြင့်မြင့်ဝင်း	DM - 201
၂။	အရှင်ဇနိတ	DM - 7	၁၇။	ဒေါ်နွယ်နွယ်ဝင်း	DM - 251
၃။	ဦးအေဝမ်း	DM - 99	၁၈။	ဒေါ်စုစုယဉ်	DM - 304
၄။	ဦးဝင်းဌေး	DM - 394	၁၉။	ဒေါ်နီလာခင်	DM - 244
၅။	ဒေါ်ယုဇနသီဂီ	DM - 62	၂၀။	ဒေါ်သီတာ	DM - 341
၆။	ဒေါ်ခင်ပြုံးပြုံး	DM - 152	၂၁။	ဒေါ်ခင်မေဝင်း	DM - 145
၇။	ဒေါ်သန်းသန်းဝင်း	DM - 325	၂၂။	ဒေါ်ခင်စောထွေး	DM - 155
၈။	ဒေါ်မြင့်မြင့်ဝေ	DM - 200	၂၃။	ဒေါ်စုစုလင်း	DM - 301
၉။	ဒေါ်အမာစိန်	DM - 103	၂၄။	ဒေါ်မြမြသင်း	OM - 12
၁၀။	ဒေါ်ခင်မိုးသီတာ	DM - 146	၂၅။	ဒေါ်စုစုမာ	DM - 302
၁၁။	ဒေါ်သီတာထွေး	DM - 376	၂၆။	ဒေါ်ဝေဝေလွင်	DM - 393
၁၂။	ဒေါ်ယဉ်ယဉ်သွယ်	DM - 405	၂၇။	ဒေါ်အေးအေးဝင်း	DM - 85
၁၃။	ဒေါ်ဖြူဖြူဝင်း	DM - 274	၂၈။	ဒေါ်ခင်သစ္စာ	DM - 179
၁၄။	ဒေါ်မြတ်မြတ်မင်း	DM - 234	၂၉။	ဦးတင်မြင့်	DM - 356
၁၅။	ဒေါ်မြင့်မြင့်ခင်	DM - 202			

ဒုက္ခသစ္စာကိုလေ့လာခြင်း
အဖွဲ့ (၃)
သုတေသနစာတမ်းအကျဉ်း

ယနေ့ကျွန်ုပ်တို့ကမ္ဘာပေါ်တွင် ဒုက္ခနှင့်ပတ်သက်၍ အမျိုးမျိုးအဖုံဖုံ ပြုတတ်သောတရားဟူ၍ အားလုံးက လက်ခံယုံကြည်ထားကြသည်။ ဗုဒ္ဓဘာသာ၌လည်း သစ္စာလေးပါးတွင်ဒုက္ခသစ္စာကို တစ်ပါးအနေဖြင့် ဗုဒ္ဓမြတ်စွာက ထည့်သွင်းဟောကြားခဲ့သည်။

ဒုက္ခသစ္စာ = (ဒုက္ခ+သစ္စာ)၊ (ဒုက္ခ - ဆင်းရဲခြင်း + သစ္စာ - အမှန်တရား)၊ ရုပ်အစု နာမ်အစုကိုခန္ဓာဟု ခေါ်၏။ ယင်းခန္ဓာသည် ဒုက္ခတုံး ဒုက္ခခဲ ဆင်းရဲခြင်းအမှန်တရားဖြစ်သည်။

ဒုက္ခသစ္စာ၏အနက် (၄) ချက်

ဒုက္ခသစ္စာ၏အနက်(၄) ချက်ရှိပါသည်။ ထို(၄) ချက်ကိုအစဉ်အတိုင်းဖော်ပြလျှင် -

၁။ ဒုက္ခသ - ဒုက္ခသစ္စာ၏၊ ပိဋ္ဌနဋ္ဌော -နှိပ်စက်တတ် နှိပ်စက်ခြင်း သဘောလည်းတစ်ပါး၊

၂။ သခ်ီတဋ္ဌော - အဖန်ဖန်ပြုပြင်ထူထောင်အပ်သော သဘောလည်းတစ်ပါး၊

၃။ သန္တာပဋ္ဌော - အဖန်ဖန်ပူလောင်စေအပ်၊ ပူလောင်စေတတ်သော သဘောလည်းတစ်ပါး၊

၄။ ဝိပရိဏာမဋ္ဌော - ဖရိုဖရဲဖောက်လွဲဖောက်ပြန်ဖြစ်ခြင်းသဘောလည်းတစ်ပါး၊

ထိုလေးပါးနှင့်ပြည့်စုံသောတရားသည် ဒုက္ခသစ္စာဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာသည် ဒုက္ခကိုမြင်အောင် ပြတော်မူခဲ့ပါသည်။ ဒုက္ခဟူသည် ဆင်းရဲခြင်းပင်ဖြစ်၏။ ကိုယ်ဆင်းရဲခြင်း ဒုက္ခ၊ စိတ်ဆင်းရဲခြင်းဒုက္ခဟူ၍ အကြမ်းအားဖြင့် (၂)မျိုးသတ်မှတ်နိုင်ပါသည်။ ကိုယ်ဆင်းရဲခြင်း ဒုက္ခသည် ရုပ်ဒုက္ခ ဖြစ်၏၊ စိတ်ဆင်းရဲခြင်းဒုက္ခသည် နာမ်ဒုက္ခဖြစ်၏။ ထို့ကြောင့် ရုပ်သည်လည်းဒုက္ခ၊ နာမ်သည်လည်း ဒုက္ခဟုဆို၏။ ထိုရုပ်နှင့်နာမ်အပေါင်းကို သတ္တဝါဟူ၍လည်း သတ်မှတ်ကြ၏။ ဘဝဟူ၍လည်း ခေါ်ဆိုကြ၏။ ထို့ကြောင့် ဘဝသည်ပင် ဒုက္ခဖြစ်လေတော့၏။ ဘုရားရှင်ကလိုတာမရခြင်းသည်လည်း ဒုက္ခ၊ မလိုတာရရှိနေခြင်းသည်လည်းဒုက္ခ၊ ချစ်ခင်သူနှင့်မပေါင်းရခြင်း သည်လည်း ဒုက္ခ၊ မချစ်ခင်သူနှင့်ပေါင်းသင်းနေထိုင်ရခြင်းသည်လည်းဒုက္ခ၊ မွေးဖွားခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းသည်လည်း ဒုက္ခ၊ အကျဉ်းအားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးသည်ဒုက္ခဟု ဒုက္ခကိုထင်သာ မြင်သာအောင် ဖွင့်ဆိုပြခဲ့၏။

ဒုက္ခအမျိုးအစား(၇)မျိုး

ဒုက္ခသစ္စာဟုခေါ်ဆိုရာဝယ် ဒုက္ခအမျိုးအစားကား (၇)ပါးရှိပါသည်။ ထို(၇) ပါးတို့မှာအောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ဒုက္ခ ဒုက္ခ

၂။ ဝိပရိဏာမဒုက္ခ

၃။ သင်္ခါရဒုက္ခ

၄။ ပဋိစ္စသမုပ္ပါဒဒုက္ခ

၅။ အပ္ပဋိစ္စသမုပ္ပါဒဒုက္ခ

၆။ ပရိယာယဒုက္ခ

၇။ နိပ္ပရိယာယဒုက္ခ တို့ဖြစ်ပါသည်။

၁။ ဒုက္ခ ဒုက္ခ

ဒုက္ခ ဒုက္ခဆိုသည်မှာ ဒေါသမူဒွေး၊ ဒုက္ခသဟဂုတ်ကာယဝိညာဏ်နှင့်ယှဉ်သော ဒုက္ခဝေဒနာသည် သဘောအားဖြင့်လည်းကောင်း၊ အမည်အားဖြင့်လည်းကောင်း ဒုက္ခဖြစ်သည်၏ အဖြစ်ကြောင့် ဒုက္ခ ဒုက္ခမည်၏။

၂။ ဝိပရိဏာမဒုက္ခ

ဝိပရိဏာမဒုက္ခဆိုသည်မှာ သုခဝေဒနာ(၆၃)ခုသည် ဖောက်ပြန်သဖြင့် ဆင်းရဲခြင်း၏အကြောင်းဖြစ်သောကြောင့် ဝိပရိဏာမဒုက္ခမည်၏။

၃။ သင်္ခါရဒုက္ခ

သင်္ခါရဒုက္ခဆိုသည်မှာ ဥပေက္ခာဝေဒနာ(၅၅)ခုသည်လည်းကောင်း၊ ဥပေက္ခာဝေဒနာမှကြွင်းသော တောဘူမက သင်္ခါရတို့သည်လည်းကောင်း၊ ဖြစ်ခြင်းပျက်ခြင်းဖြင့် နှိပ်စက်အပ်သည်၏အဖြစ်ကြောင့် သင်္ခါရဒုက္ခမည်၏။ ထိုသို့ ဖြစ်ခြင်းပျက်ခြင်းဖြင့် နှိပ်စက်ခြင်းသည် တောဘူမကသင်္ခါရသာမဟုတ်မဂ်၊ ဖိုလ်တို့အားလည်း ရှိသည်သာလျှင် ဖြစ်၏။

၄။ ပဋိစ္စသမုပ္ပါဒဒုက္ခ

ပဋိစ္စသမုပ္ပါဒဒုက္ခဆိုသည်မှာ နားကိုက်ခြင်း၊ သွားကိုက်ခြင်း၊ ရာဂကြောင့်ဖြစ်သောပူပန်ခြင်း၊ ဒေါသကြောင့်ဖြစ်သော ပူပန်ခြင်း၊ အစရှိသောကိုယ်၌ရှိသော အနာသည် မေးရှိသိအပ်သောကြောင့်လည်းကောင်း၊ လုံ့လ၏ မထင်ရှားသောကြောင့်လည်း ပဋိစ္စသမုပ္ပါဒဒုက္ခမည်၏။ ထိုပဋိစ္စသမုပ္ပါဒဒုက္ခကို အပါကဋ္ဌဒုက္ခဟူ၍လည်းခေါ်ဆိုနိုင်ပါသည်။

၅။ အပ္ပဋိစ္စသမုပ္ပါဒဒုက္ခ

အပ္ပဋိစ္စသမုပ္ပါဒဒုက္ခဆိုသည်မှာ (၃၂)ပါးသောကမ္မကရဏာအစရှိသည်တို့ကြောင့်ဖြစ်သော၊ မမေးမြန်းဘဲ အမြင်အားဖြင့် သိအပ်သောကြောင့်လည်းကောင်း၊ လုံ့လ၏ ထင်ရှားသောကြောင့်လည်းကောင်း အပ္ပဋိစ္စသမုပ္ပါဒဒုက္ခ မည်၏။ ထိုအပ္ပဋိစ္စသမုပ္ပါဒဒုက္ခကို ပါကဋ္ဌဒုက္ခဟူ၍လည်းခေါ်ဆိုနိုင်ပါသည်။

၆။ ပရိယာယဒုက္ခ

ပရိယာယဒုက္ခဆိုသည်မှာ ဒုက္ခ ဒုက္ခ တစ်ခုကို ထား၍ ကြွင်းသောဒုက္ခသစ္စာ၏ ဝိဘင်း၌လာသော ဇာတိအစရှိသော အလုံးစုံသော ဒုက္ခသည် ထိုဒုက္ခသစ္စာ၏ တည်ရာဖြစ်ကြောင်း ပရိယာယဒုက္ခမည်၏။

၇။ နိပ္ပရိယာယဒုက္ခ

နိပ္ပရိယာယဒုက္ခဆိုသည်မှာ ဒုက္ခဒုက္ခသည် နိပ္ပရိယာယဒုက္ခမည်၏။ ဤသို့လျှင်ဒုက္ခသစ္စာဟုခေါ်ဆိုရာဝယ် ဒုက္ခအမျိုးအစား(၇)ပါးရှိသည်ကို မှတ်သားရပါသည်။

အထက်၌ ဥပါဒါနက္ခန္ဓာငါးပါးသည် ဒုက္ခဟုဆိုခဲ့၏။ ထိုဥပါဒါနာက္ခန္ဓာဟူသည်မှာ ဥပါဒါန်တို့၏ စွဲလမ်းနိုင်ရာ ခန္ဓာငါးပါးကို ဆိုလိုခြင်းဖြစ်သည်။

တဏှာဖြင့်လည်းတပ်မက်စရာ၊ ဒိဋ္ဌိဖြင့်လည်း စွဲလမ်းစရာခန္ဓာငါးပါးကို ဥပါဒါနာကွန္ဓာဟုဆိုရ၏။ ရုပ်ရည်ချောမောလှပလျှင် တပ်မက်စရာဖြစ်လာ၏။ မိန်းကလေး၊ ယောကျ်ားလေး အထင်အမြင် မပျောက်လျှင် ဒိဋ္ဌိဝင်လာခြင်းဖြစ်၏။ ထိုဒိဋ္ဌိသည် ယောကျ်ားလေးကမိန်းကလေးကို တပ်မက်စေသကဲ့သို့ မိန်းကလေးကလည်း ယောကျ်ားလေးကို တပ်မက်စေပါ၏။ ယင်းသို့တပ်မက်သည်ကို တဏှာဟုဆိုရ၏။ ကျား၊ မ အပြန်အလှန်တပ်မက်ခြင်းသာမက ကိုယ့်ခန္ဓာကိုယ်ကိုပင် ပြန်လည်တပ်မက်သည်လည်းရှိ၏။ ကိုယ့်ခန္ဓာကိုယ်ကို ငါအသားဖြူ၏၊ ငါဥပမိရုပ် ကောင်း၏၊ ငါချောမော၏၊ ငါလှပ၏၊ ငါ့လောက်ရုပ်ရည်သန့်ပြန့်သူမရှိ စသည်ဖြင့်ကိုယ့်ကိုယ်ကိုမြတ်နိုးရာမှ တပ်မက်လာပြီး တဏှာသည်ဝင်လာရ၏။ ယင်းသို့တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာဟုစွဲလမ်းစရာခန္ဓာငါးပါးကို ဥပါဒါနာကွန္ဓာဟုဆိုရ၏။ သာမာန်မျှပြောရလျှင် ခန္ဓာငါးပါးဟုသာပေါင်းရုံးပြော၍ ရပါသည်။ ယင်းခန္ဓာငါးပါးကို ဘုရားကဒုက္ခဟု မိန့်တော်မူ၏။ ထို့ကြောင့် ဘာသာခြားများက ဗုဒ္ဓဝါဒသည် အဆိုးမြင်ဝါဒဟု စွပ်စွဲပြောဆိုလေ့ ရှိကြ၏။ စင်စစ်မှာ ဗုဒ္ဓဝါဒသည် အဆိုးမြင်ခြင်းမဟုတ်။ အမှန်မြင်ခြင်းသာဖြစ်ပါသည်။

ဗုဒ္ဓဝါဒကို စေ့စေ့စပ်စပ်နားလည်ဖို့ရန် နယ်ပယ်နှစ်ခုပိုင်းခြားသတ်မှတ်၍ ကြည့်ရမည်ဖြစ်၏။ ပရမတ္ထသစ္စာ နယ်ပယ်နှင့် သမုတိသစ္စာနယ်ပယ်တို့ပင်ဖြစ်၏။ ဗုဒ္ဓဘုရားရှင်သည် ပရမတ္ထသစ္စာနယ်ပယ်တွင် အမှန်ရှိ၊ အဟုတ်ရှိကိုသာ ဘက်မလိုက်ဘဲဟောတော်မူလေ၏။ ပုဂ္ဂိုလ်ကိုင့်၍ ဟောသည်မဟုတ်၊ ဓမ္မကိုသာင့်၍ ဟော၏။ လူနတ်ဗြဟ္မာမခွဲခြား၊ မင်းပုဏ္ဏားသူကြွယ်မခွဲခြားတစ်သားတည်းထား၍ အားလုံးပင်ဒုက္ခအဖြစ်ထပ်တူပြု၍ ဟောကြားသည်မှာပရမတ္ထ ရှုထောင့်မှ ဟောကြားသော ဒေသနာတော်များဖြစ်ပါသည်။ အမှန်ကိုသာ မခြွင်းမချန်ဟောသဖြင့် သစ္စာဒေသနာဟုဆို၏။ (၃၁)ဘုံအကုန်လုံးကိုသိုင်းခြုံ၍ ဒုက္ခဟူသော စကားလုံးဖြင့် သိမ်းသွင်းဟောကြားလိုက်ခြင်း ဖြစ်ပါသည်။

ဗုဒ္ဓဝါဒသည်အဆိုးမြင်ဝါဒမဟုတ်

လောကဌ်ချမ်းသာသုခမရှိဟု ဘုရားရှင်က မိန့်တော်မမူ ချမ်းသာသုခသည်ရှိ၏။ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဟူ၍ ချမ်းသာသုခရှိကြောင်းကို ဗုဒ္ဓကိုယ်တိုင်လည်းအသိအမှတ်ပြု၏။ မင်းတို့၏ချမ်းသာသုခ၊ သူဌေးတို့၏ ချမ်းသာသုခ၊ ရဟန်းဘဝချမ်းသာသုခ စသည်ဖြင့် ချမ်းသာသုခရှိကြောင်းကို ဗုဒ္ဓဒေသနာတော်များတွင် အထင်အရှားတွေ့မြင်နိုင်ပါသည်။

ယင်းဒေသနာတော်တို့သည် သမုတိသစ္စာနယ်ပယ်ကိုင့်၍ ဟောကြားထားသော ဒေသနာတော်များဖြစ်၏။ သို့ဖြစ်၍ဘုရားရှင်သည်ချမ်းသာသုခကို မျက်ကွယ်ပြု၍ ဟောကြားခဲ့ခြင်းမဟုတ်။ ပုဂ္ဂိုလ်ကိုင့်၍ ဘုံဘဝကိုင့်၍ သမုတိသစ္စာ နယ်ပယ်တွင် ချမ်းသာသုခရှိကြောင်းကိုလည်း ဟောကြားခဲ့သည်သာဖြစ်သဖြင့် ထိုကဲ့သို့ဗုဒ္ဓဝါဒကို အပြည့်အဝနားလည်မှုမရှိသောကြောင့်သာ အဆိုးမြင်ဝါဒဟု ပြောဆိုကြခြင်း ဖြစ်ပါသည်။

လောကတွင် ခေါ်ဆိုသတ်မှတ်ထားသော ချမ်းသာသုခကို ဘုရားရှင်က .သမုတိသစ္စာနယ်ပယ်တွင် အသိအမှတ်ပြုသော်လည်း ပရမတ္ထသစ္စာနယ်ပယ်တွင်မူ ပုဂ္ဂိုလ်မင့်၊ ဘုံဘဝမင့်ဘဲဟောကြားရသည်သာဖြစ်သဖြင့် တစ်လောကလုံး သုခဟူ၍ မြဲမြှုံမရှိ၊ ဖြစ်ပေါ်နေသောအရာအားလုံးသည် ဆင်းရဲဒုက္ခသာဖြစ်၏။ (သမ္မေ သခ်ါရာ ဒုက္ခာ) ဟု ဟောကြားတော်မူခဲ့ပါသည်။

အပါယ်ဘုံ၌ဒုက္ခဒဏ်ချက်

အပါယ်ဘုံသားတို့၏ ခန္ဓာသည် အပါယ်သတ္တဝါတို့ကို ဒုက္ခဒဏ်လေးချက်ဖြင့် နှိပ်စက်ညှင်းပန်းရာ၌ အပါယ်ခန္ဓာ ကိုယ်ကို အကုသိုလ်ဒုစရိုက်အမှုတို့သည် ဖြစ်စေကုန်၏။ 'ပါပသို့ ရမတိ မနော - သတ္တဝါတို့၏ စိတ်သည် မကောင်းမှု၌ မွေ့လျော်၏' ဟူ၍ ဟောတော်မူသောကြောင့် မကောင်းမှုဒုစရိုက်မည်သည် သတ္တဝါတို့၏ မွေ့လျော်ရာဌာနဖြစ်၏။ သတ္တဝါတို့မည်သည် စိတ်ပျော်မွေ့ရာဌာနသို့ လိုက်စားအားထုတ်၍နေရလျှင် ဆင်းရဲသည်ဟု မထင်ကြ။ ထို့ကြောင့်အပါယ်သခ်ၢတ ဒဏ်ချက်သည် ပူလောင်မှုကြီးစင်စစ်ဖြစ်သော်လည်း မပြုချင်လျှင် မနေသာမှုမျိုးမဟုတ်။ အလွန်ပြုချင်အားသန်ကြသောအမှုမျိုးဖြစ်ခဲ့၍ သခ်ၢတဒဏ်ချက် သက်သာသည်ဟုဆိုရန်တစ်ချက်၊ အကျိုးပေးဆိုးရွားမှုကို ထောက်၍ သခ်ၢတဒဏ်ချက် အလွန်ပြင်းထန်သည်ဟု ဆိုရန်တစ်ချက် ရှိ၏။ အပါယ်ခန္ဓာပေါ်လာသောအခါ သန္တာပဒဏ်ချက်ကြီးကျယ်ပုံကိုမူကား မြတ်စွာဘုရားသော်မှလည်း ဒေသနာအစဉ်အားဖြင့် ဆုံးခန်းရောက်အောင် မဟောနိုင်ဟုဟောတော်မူ၏။

လူပြည်၌ဒုက္ခဒဏ်ချက်

လူတို့၏ ရုပ်နာမ်ခန္ဓာတို့သည်လည်း လူသတ္တဝါတို့ကို ဒုက္ခဒဏ်သုံးချက်တို့နှင့် နှိပ်စက်ညှင်းပန်း၏။

၁။ သခ်ၢတဒဏ်ချက်မှာ နတ်တို့ထက်ပင်သက်သာ၏။

၂။ သခ်ၢတဒဏ်ချက် သက်သာသည့်အတွက်ကြောင့် သန္တာပဒဏ်ချက်ကို နတ်တို့ထက် အဆသိန်းသန်းမက သာလွန်၍ ခံရ၏။

၃။ ဝိပရိဏာမဒဏ်ချက်သည်လည်း အလွန်လျင်မြန်စွာ ဆိုက်လာ၏။ လူတို့၏ တစ်သက်သည် နတ်တို့၏ မျက်တောင်တစ်ခတ်၊ လျှပ်တစ်ပြက်ခန့်ကဲ့သို့ ရှိ၏။

နတ်ပြည်၌ဒုက္ခဒဏ်ချက်

နတ်ပြည်ခြောက်ထပ် နတ်တို့၏ ခန္ဓာသည်လည်း ခန္ဓာရှင်ဖြစ်သူကို

၁။ အစ၌သခ်ၢတဒဏ်ချက်။

၂။ အလယ်၌ သန္တာပဒဏ်ချက်။

၃။ အဆုံး၌ဝိပရိဏာမဒဏ်ချက်နှင့် နှိပ်စက်ညှင်းပန်း၏။

ဗြဟ္မာ့ပြည်၌ဒုက္ခဒဏ်ချက်

တစ်ကြိမ်ရရှိသောဗြဟ္မာ့ခန္ဓာသည် ထိုပုဂ္ဂိုလ်ကို-

၁။ အစ၌ သခ်ၢတဒဏ်ချက်နှင့်နှိပ်စက်၏။

၂။ အလယ်၌ သန္တာပဒဏ်ချက်နှင့်နှိပ်စက်၏။

၃။ အဆုံး၌ ဝိပရိဏာမဒဏ်ချက်နှင့်နှိပ်စက်၏။

ဤသို့ဖြင့် အပါယ်ဘုံသားတို့၏ ခန္ဓာသည်လည်းကောင်း၊ လူတို့၏ခန္ဓာသည်လည်းကောင်း၊ နတ်တို့၏ခန္ဓာသည်လည်းကောင်း၊ ဗြဟ္မာတို့၏ ခန္ဓာသည်လည်းကောင်း ဝိဉ္ဇနဒု၊ သခ်ၢတဒု၊ သန္တာပဒု၊ ဝိပရိဏာမဒုဟူသော ဒုက္ခအချက်အနက် လေးပါးနှင့် ပြည့်စုံသည်ဖြစ်၍ ဒုက္ခသစ္စာမည်၏။

ဗြဟ္မာ့ပြည်နှင့်နတ်ပြည် ဒုက္ခဒဏ်ချက် နှိုင်းယှဉ်ချက်

အစ, အလယ်, အဆုံး နှိပ်စက်ခြင်းသုံးပါးတို့တွင် ဗြဟ္မာတို့၌ သခ်ၢတဒဏ်ချက် အလွန်ကြီးမား၏။ အလွန်ပြင်းထန်သော သခ်ၢတဒဏ်ချက်ကြီးကို ခံနိုင်သည့်အတွက်ကြောင့် အလယ်၌သန္တာပဒဏ်ချက် သက်သာ၏။ အဆုံးဖြစ်သောဝိပရိဏာမ ဒဏ်ချက်သည်အလွန်ကြာမြင့်မှဆိုက်၏။ ကမ္ဘာဖြင့်သက်တမ်းကိုရေတွက်ရ၏။

နတ်ပြည်ခြောက်ထပ်တို့၌ သခ်ီတဒဏ်ချက်သက်သာ၏။ ဒါနမှု၊ သီလမှုမည်သည် စျာနဘာဝနာမှုထက် အဆတစ်ထောင်မက လွယ်လှ၏။ သခ်ီတဒဏ်ချက်သက်သာရာကိုလိုက်မှုကြောင့် ကိလေသာတို့သည် ညှိုးနွမ်းခြင်းမရှိကုန်ရကား နတ်ခန္ဓာဖြစ်ပေါ်လာသောအခါ၌ သန္တာပဒဏ်ချက်တို့သည် အလွန်ကြီးကျယ်ကုန်၏။ ခြောက်ဒွါရမှ တောက်ထကုန်သော ကာမရာဂမီးတို့သည် ထိုနတ်တို့ကို အသက်ထက်ဆုံး တဟုန်းဟုန်းလောင်ကုန်၏။ ကြွင်းသော မီးတို့သည်လည်း ထိုက်သည့်အားလျော်စွာဆိုက်လာကုန်၏။ နှစ်၊ လ၊ နေ့ရက်ဖြင့် သက်တမ်းကို ရေတွက်ရ၏။ နတ်တို့အသက်သည် ဗြဟ္မာတို့၏အသက်နှင့် နှိုင်းယှဉ်သည်ရှိသော် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်ခန့်ကဲ့သို့ဖြစ်၏။ နတ်ပြည်ခြောက်ထပ်လုံး၌ခံစားမှု၊ ပျော်ပါးမှုဆိုသော်လည်း နတ်ပြည်ခြောက်ထပ်လုံး ကာမရာဂမီး တဟုန်းဟုန်း တောက်လောင်မှုတို့သာ ဖြစ်သည်။ ဤသို့လျှင် နတ်ပြည်ခြောက်ထပ်နတ်တို့၏ ခန္ဓာတို့သည် ခန္ဓာရှင်နတ်တို့ကို လေးပါးသော ဒဏ်ချက်တို့ဖြင့် နှိပ်စက်ညှင်းပန်းမှုထင်ရှား ရှိလေသောကြောင့် ဒုက္ခသစ္စာသာအမှန်ဖြစ်၏။

ဤသို့လျှင် အပါယ်ဘုံသားများလည်း ခန္ဓာငါးပါး၊ လူဘုံ နတ်ဘုံများလည်း ခန္ဓာငါးပါး ဗြဟ္မာဘုံတို့တွင်လည်း ရူပဗြဟ္မာများသည် ခန္ဓာငါးပါး၊ အရူပဗြဟ္မာများသည် ခန္ဓာလေးပါး၊ အသညသတ်ဗြဟ္မာများသည် ခန္ဓာတစ်ပါး မည်သို့ပင် ဆိုစေကာမူ ခန္ဓာမှန်လျှင်ဒုက္ခသာဖြစ်သဖြင့် အပါယ်ဘုံသားကို မဆိုထားနှင့် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာသည်ပင် ဒုက္ခအောက်တွင် ကျရောက်သွားရတော့၏။ ခန္ဓာရှိလျှင် မွေး၊ အို၊ နာ၊ သေ မကင်းသဖြင့် ဆင်းရဲခြင်းရှိသည်ဟု ကောက်ကြောင်း ဆွဲလိုက်လျှင် ချမ်းသာသည်ဟုထင်ရသော ဘဝများသည်ပင် ဒုက္ခမှမလွတ်သည်မှာ ထင်ရှားစွာ မြင်တွေ့နိုင်မည်ဖြစ်၏။

ဘုရားရှင်က လောကီချမ်းသာအနေဖြင့် အသိအမှတ်ပြုကြောင်းကို ဝေဒနာသုံးမျိုးတွင် ကြည့်လျှင် သိနိုင်ပါ၏။ သုခ၊ ဒုက္ခ၊ ဥပေက္ခာဟူ၍ဖြစ်၏။ ယင်းသုံးမျိုးတွင်သုခကို ရှေ့တမ်းတင်၍ ဟောကြားခဲ့ပါ၏။ သို့သော် ထိုသုခသည်ပင် ပေါ်ဆဲသုခပျက်သွားလျှင် ဒုက္ခဖြစ်ရ၏ (ဌိတိ သုခံ၊ ဝိပရိဏာမံ ဒုက္ခံ)။ ဝေဒနာသုံးမျိုး ခွဲခြားဟောကြားခဲ့သော်လည်း မည်သည့်ဝေဒနာမှ အရှည်အခန့် တည်တံ့ခိုင်မြဲမနေသဖြင့် ဖြစ်ပြီးပျက်ရသည်မှာ ဓမ္မတာသဘောရှိသဖြင့် ဒုက္ခတစ်လုံးတည်းသာ အမှန်တရားအဖြစ် ကျန်ရှိတော့၏။ ဝေဒနာသုံးမျိုးလုံးသည် ဖြစ်ပျက်မကင်းသဖြင့် 'ဒုက္ခသစ္စာ' ဟုနားလည်ရ၏။

သစ္စာလေးပါးကိုသိရှိရန် အရေးကြီးပုံ

မြတ်စွာဘုရား၏ သာသနာတော်၌ သစ္စာလေးပါးသိဖို့သည် လွန်စွာအရေးကြီးပါသည်။ ထိုသစ္စာလေးပါးမသိခြင်းကြောင့် သတ္တဝါတို့သည် အနမတဂ္ဂသံသရာ၌ ကျင်လည်ကျက်စား ပြေးလွှားနေကြရခြင်း ဖြစ်ပါသည်။ ထိုသစ္စာလေးပါးသည် သမ္မာသမ္ဗုद्ध ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာသောအခါ၌သာ ဟောကြားတော်မူသောကြောင့် နာကြားကြရသိရှိကြရပါသည်။ သစ္စာလေးပါးကို မသိကြသောကြောင့် ဘဝသံသရာထဲ၌ ဒုက္ခအမျိုးမျိုးနှင့်တွေ့နေကြရသည်။ သစ္စာလေးပါးကို သိရှိသွားပါက သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်ကြရမည်ဖြစ်သည်။ ရှေးရှေး၌ ပွင့်တော်မူကြကုန်သော သမ္မာသမ္ဗုद्ध ဘုရား အဆုဆုတို့သည်လည်းကောင်း၊ ပစ္စေကဗုद्ध အရှင်မြတ်တို့သည်လည်းကောင်း၊ ရဟန္တာအရှင်မြတ်တို့သည်လည်းကောင်း ထိုသစ္စာလေးပါး တရားတော်ကို

သိမြင်တော်မူကြ၍သာ သံသရာဝဋ်ဆင်းရဲဒုက္ခမှ လွတ်မြောက်တော်မူကြရခြင်း ဖြစ်ပေသည်။ နောက်ဆောင်သောအခါကာလ၌ ပွင့်တော်မူကြမည့် သမ္မာသမ္ဗုဒ္ဓဘုရားရှင်များ၊ ပစ္စေကဗုဒ္ဓများ၊ ရဟန္တာအရှင်မြတ်များသည်လည်း ထိုသစ္စာလေးပါးမြတ်တရားကို သိရှိ၍သာလျှင် သံသရာဝဋ်မှ လွတ်မြောက်တော်မူကြရမည်ဖြစ်ပေသည်။ ထို့ကြောင့်သစ္စာ လေးပါးကို သိရှိရန်မှာ လွန်စွာပင် အရေးကြီးလှပေသည်။

သစ္စာအကျဉ်း(၂)ပါး

ထိုသစ္စာသည် သမုတိသစ္စာ၊ ပရမတ္ထသစ္စာဟူ၍ အကျဉ်းအားဖြင့်(၂) ပါးရှိပါသည်။ သမုတိသစ္စာ ဆိုသည်မှာ လောကၨ သမုတ်ထားသည့်အတိုင်း ခေါ်ဝေါ်သုံးစွဲနေကြသော အမှန်တရားဖြစ်ပေသည်။ ဥပမာ - အမေ၊ အဖေ၊ သား၊ သမီး၊ လူ၊ နတ်၊ ဗြဟ္မာစသည်ဖြင့် ခေါ်ဝေါ်သုံးစွဲနေကြသော အမှန်တရားများ ဖြစ်ပေသည်။ လောကၨ အမေကိုအမေဟု ခေါ်ခြင်း၊ အဖေကိုအဖေဟုခေါ်ခြင်း စသည်တို့သည် လောကဝေါဟာရရှိသည့်အတိုင်း ခေါ်ဝေါ် ပြောဆိုနေကြသောကြောင့် အမှန်တရားများပင် ဖြစ်ကြသည်။ လောကတွင်သတ်မှတ် သမုတ်ထားသည့်အတိုင်း ခေါ်ဝေါ်သုံးစွဲနေကြခြင်းဖြစ်သောကြောင့် သမုတိသစ္စာဟု ဆိုကြလေသည်။

ပရမတ္ထသစ္စာဆိုသည်မှာ မဖောက်မပြန်မှန်ကန်သောသစ္စာတရားများဖြစ်ပေသည်။ ရုပ်တရား၊ နာမ်တရားတို့၏ သဘောသဘာဝများသည် မဖောက်မပြန်မှန်ကန်သော ပရမတ္ထသစ္စာတရားများပင်ဖြစ်ကြသည်။

အရိယသစ္စာ(၄)ပါး

အရိယာသူတော်စင်မြတ်တို့သာ သိမြင်နိုင်သော သစ္စာကို အရိယသစ္စာဟုခေါ်သည်။ ထိုအရိယာတို့ သိမြင်တော်မူကြသောသစ္စာတို့ကို (ဓမ္မစက္ကပဝတ္တန) သုတ်၌ ဗုဒ္ဓဘုရားရှင်သည် ဟောကြားတော်မူခဲ့ပါသည်။ ထိုသစ္စာတရားများမှာ -

၁။ ဒုက္ခအရိယသစ္စာ - ဆင်းရဲပဲလို့ အရိယာတို့သိအပ်တဲ့သစ္စာတရား။

၂။ ဒုက္ခသမုဒယ အရိယသစ္စာ - ဆင်းရဲဖြစ်ကြောင်းတရားပဲလို့ အရိယာတို့သိအပ်တဲ့ သစ္စာတရား။

၃။ ဒုက္ခနိရောဓ အရိယသစ္စာ - ဆင်းရဲချုပ်ငြိမ်းရာပဲလို့ အရိယာတို့သိအပ်တဲ့သစ္စာတရား။

၄။ ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စာ - အတိုချုပ်အားဖြင့် မဂ္ဂအရိယသစ္စာ - ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်ကြောင်းဖြစ်တဲ့ အကျင့်လမ်းကောင်း၊ လမ်းမှန်ဖြစ်တဲ့အမှန်တရား၊ သစ္စာတရားတို့ ဖြစ်ပါသည်။

ဒုက္ခသစ္စာကို ရှုမြင်၍ နိရောဓသစ္စာသို့ ဆိုက်ရောက်ပုံ

ဒုက္ခသစ္စာကို ဝိပဿနာဉာဏ်ဖြင့်ရှုမြင်ပြီးလျှင် နိရောဓသစ္စာတည်းဟူသော နိဗ္ဗာန်သို့ ဆိုက်ရောက်ရမည် ဖြစ်ပါသည်။ ဝိပဿနာရှုရာ၌ တေဘူမကသင်္ခါရတရားများကိုသာ ရှုမြင်ရမည်ဖြစ်ပေသည်။

ဝိပဿနာရှုရာ၌ပြည့်စုံရမည့်အင်္ဂါ(၄)ပါး

ဝိပဿနာရှုရာ၌ ပြည့်စုံရမည့်အင်္ဂါများမှာ အောက်ပါအတိုင်း ဖြစ်ကြ၏။

၁။ ပရမတ်တရားတို့ကို အရှုခံအဖြစ်ထားရှိခြင်း။

၂။ ယင်းအရှုခံပရမတ်များကို နာမ်ပရမတ်၊ ရုပ်ပရမတ်များအဖြစ် ခွဲခြားထားရှိခြင်း။

၃။ ယင်းအရှုခံပရမတ်တို့၏ ပကတိအခြေအနေအတိုင်း သဘာဝလက္ခဏာ၊ သာမညလက္ခဏာ ပေါ်လာသည်အထိ ဖြစ်စဉ်ကို

ကိုယ်တွေ့မြင်သိလာအောင် ရှုမြင်သုံးသပ်ခြင်း။

၄။ ပရမတ်တရားတို့သာ အဆုံးသတ်အရှိတရားဖြစ်သည်ဟု သိရှိမြင်ရှုမှု အစဉ်သတိပြုခြင်းတို့ ဖြစ်ပါသည်။

ဖော်ပြပါအင်္ဂါ (၄) ရပ်နှင့် ကိုက်ညီပြည့်စုံပါမှ ဝိပဿနာအစစ်ဟု ဆိုနိုင်၏။ ဝိပဿနာအစစ်အမှန်ဆိုပါက ဤအင်္ဂါ (၄) ချက်နှင့် ကိုက်ညီပြည့်စုံရပါမည်။ မကိုက်ညီပါက ဝိပဿနာဟု မသတ်မှတ်နိုင်ပါ။ အမှတ်(၁) အင်္ဂါရပ်တွင် ဖော်ပြထားသော ပရမတ္ထတရားတို့ကို အရှုခံအဖြစ်ထားရှိခြင်းဟူသည် အရှုခံတရားများဖြစ်သော ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတရားများ ဖြစ်ကြပါသည်။ ထိုခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာများသည် ဒုက္ခတရားများ ဖြစ်ကြသည်။

သတိပဋ္ဌာန်(၄)ပါးဖြင့်ရှုမှတ်ပွါးများပုံ

သတိပဋ္ဌာန်ဆိုသည်မှာ ဆိုင်ရာအာရုံထဲ၌ သတိအမြဲဖြစ်နေခြင်း၊ စွဲစွဲမြဲမြဲအမှတ်ရနေခြင်းပင် ဖြစ်ပါသည်။ ရုပ်အစု (ကာယ)၊ ခံစားမှု(ဝေဒနာ)၊ သိမှု(စိတ္တ)၊ သဘောတရား(ဓမ္မ)တို့အပေါ်၌ အမြဲအမှတ်ရနေခြင်း ဖြစ်ပေါ်လာတိုင်း ရုပ်၊ နာမ်သဘာဝများကို တစ်ခုမျှမလွတ်စေဘဲ သတိကပ်လျှက် အမြဲရှုမှတ်နေခြင်းဟုဆိုလိုသည်။ သတိပဋ္ဌာန် (၄)ပါးမှာ -

၁။ ကာယနုပဿနာသတိပဋ္ဌာန် - ရုပ်အပေါင်းတို့ကိုသတိကပ်၍ အဖန်ဖန်ရှုမှတ်ခြင်း။

၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန် - ခံစားမှုများကိုသတိကပ်၍ အဖန်ဖန်ရှုမှတ်ခြင်း။

၃။ စိတ္တာနုပဿနာသတိပဋ္ဌာန် - စိတ်ကိုသတိကပ်၍ အဖန်ဖန်ရှုမှတ်ခြင်း။

၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန် - နိဝရဏစသော သဘာဝဓမ္မတို့ကို သတိကပ်၍ အဖန်ဖန်ရှုမှတ်ခြင်းဟူ၍ လေးမျိုးရှိပါသည်။

သတိပဋ္ဌာန် ဝိပဿနာတရားပွါးများ အားထုတ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မဂ် ဖိုလ် နိဗ္ဗာန်တရားထူးကိုရရှိ၍ သံသရာလောကမှ လွတ်မြောက်ရေးပင် ဖြစ်သည်။ ထိုရည်ရွယ်ချက်သို့ ရောက်ရှိရန်နည်းမှန်၊ လမ်းမှန်၊ အကျင့်မှန်ဖြင့် အားထုတ်ရမည် ဖြစ်ပါသည်။ နည်းလမ်းမမှန်ပါက လိုရာပန်းတိုင်သို့ ရောက်ရှိမည်မဟုတ်ချေ။ ထိုသို့ နည်းမှန်လမ်းမှန်ဖြင့် စနစ်တကျ ကြိုးစားအားထုတ်ပါက ဝိပဿနာဉာဏ် (၁၀)ပါးနှင့် ဝိသုဒ္ဓိ(၇)ပါးတို့ အဆင့်ဆင့် ဖြစ်ပေါ်လာမည်ဖြစ်ပေသည်။

နိဗ္ဗာန်သို့မျက်မှောက်ပြုလိုလျှင် ဒုက္ခသစ္စာကိုသိမြင်ရန် အရေးကြီးပုံ

ဗုဒ္ဓဝါဒအရဒုက္ခမှ ထွက်မြောက်ရာပန်းတိုင်မှာ နိဗ္ဗာန်ဖြစ်၏။ ထိုနိဗ္ဗာန်ကိုရချင်လျှင် ဒုက္ခကိုသိအောင်လုပ်ရမည်။ မြင်အောင်ကြည့်ရမည်။ ရုပ်တရားသည်လည်း အကြောင်းကြောင့်ဖြစ်ပေါ်သော အကျိုးတရားမှဖြစ်လေရာ အကြောင်းပျက်လျှင် အကျိုးလည်းပျက်ရသည်သာဖြစ်၏။ ထို့ကြောင့် ဖြစ်ပျက်မကင်းသဖြင့် ဒုက္ခသစ္စာအမှန်တရားသာဖြစ်၏။ ဝေဒနာသည်လည်း သုံးမျိုး၊ ငါးမျိုး ခွဲခြားနိုင်စေကာမူ မည်သည့်ဝေဒနာမှ မတည်မြဲ၊ ပြောင်းလဲပျက်စီးခြင်းလျှင်အဆုံးရှိသဖြင့် ဒုက္ခသစ္စာသာဖြစ်တော့၏။ အမှတ်သညာ၊ ပြုပြင်တိုက်တွန်းမှု သင်္ခါရ၊ သိမှုဝိညာဏ်တို့သည်လည်း အခုဖြစ် အခုပျက်ရသည်သာဖြစ်သောကြောင့် ဒုက္ခသစ္စာအမှန်တရားသာဖြစ်၏။

ထို့ကြောင့် သစ္စာအမြင်ဖြင့်ကြည့်လျှင် ဒုက္ခမှတစ်ပါးအခြားမရှိသည်ကို ဧကန်တွေ့မြင်နိုင်မည်ဖြစ်၏။ ခန္ဓာမှန်လျှင် ဒုက္ခသစ္စာဟု သဘောပိုက်မိလျှင်

မည်သူ၏ခန္ဓာဖြစ်စေ သုခမဖက် ဒုက္ခသက်သက်သာ ရှိသည်ကို ရိပ်စားမိနိုင်မည်ဖြစ်၏။ သူ့ဌေးသည်လည်း ခန္ဓာနှင့်ဖွဲ့စည်းထားသည်သာ ဖြစ်သောကြောင့် လောကီနယ်တွင် စည်းစိမ်ချမ်းသာသည်ဟု အသိ အမှတ်ပြုခံရသော်လည်း ဖြစ်ပျက်သဘောကို မလွန်ဆန်နိုင်သဖြင့် ဒုက္ခအောက်တွင် ပြားပြားဝပ် ကျရောက်ရ၏။ သူဆင်းရဲသည်လည်း ထို့အတူပင် ဖြစ်၏။

အပါယ်ဘုံသားတို့သည်လည်း ထို့အတူပင် ဖြစ်သကဲ့သို့ လူ နတ် ဗြဟ္မာခေါ်ဆိုရသည့် သတ္တဝါ မှန်သမျှသည်လည်း ထို့အတူသာဖြစ်ပါသည်။ ခန္ဓာ တို့၏ ဖြစ်ပျက်ပြောင်းလဲခြင်းတို့သည် ဒုက္ခသစ္စာ အမှန်တရားအဖြစ် နားလည်ထားပါမှ ဗုဒ္ဓဟောလိုရင်း ပရမတ်ဒုက္ခကို နားလည်မည်ဖြစ်၏။ ဆင်းရဲခြင်းသည် ဒုက္ခဟုသာမာန်မျှ နားလည်ထားမည်ဆိုလျှင် ခွေး သည်လည်း ဆင်းရဲခြင်းရှိသည်သာဖြစ်၏။ လူလည်း ဥစ္စာမရှိ၍ဆင်းရဲ၊ ဘဝမပြည့်စုံ၍ဆင်းရဲ၊ အလုပ် အကိုင် မရှိ၍ဆင်းရဲ၊ အလုပ်အကိုင်ရှိပြန်တော့လည်း ပင်ပန်း၍ဆင်းရဲ၊ အလိုမကျ၍ဆင်းရဲ၊ ကျန်းမာရေး မကောင်း၍ ဆင်းရဲ၊ သူများအနိမ်ခံရ၍ အနိုပ်အစက် ခံရ၍ဆင်းရဲ စသောဆင်းရဲမျိုးစုံနှင့် ရင်ဆိုင်နေရသည် သာ များ၏။

ကိုယ့်ဆင်းရဲကို သိကြသည်သာဖြစ်၏။ သို့သော် သစ္စာအမြင်ဖြင့်သိသည်ကားမဟုတ်၊ သံဝေဂလောက် မျှဖြစ်နိုင်သော အမြင်သာဖြစ်ပါ၏။ ထို့ထက်ပို၍ အတွင်းကျသောဆင်းရဲသည် ရုပ်နာမ်တို့၏ ခန္ဓာ ငါးပါးတို့၏ ဖြစ်ပျက် ပြောင်းလဲနေသည်ကို မြင် အောင်ကြည့်၍ တကယ်ဖြစ်၍ တကယ်ပျက်နေသည်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိသဖြင့် ဆင်းရဲအစစ်ပင် ဖြစ်သည်ဟု ဆုံးဖြတ်ချက်ချနိုင်သောအမြင်ပေါ်လာမှ ဒုက္ခသစ္စာကို တကယ်သိ တကယ်မြင်သည်ဟု ဆိုရမည်ဖြစ်ပါသည်။

သစ္စာလေးပါးအနက် ဒုက္ခသစ္စာကိုသိလိုက်ခြင်း ဖြစ်ပါသည်။ ဒုက္ခသစ္စာကို သိပြီဆိုလျှင် သိသည့် ဉာဏ်က မဂ္ဂသစ္စာဖြစ်နေပြီဖြစ်၏။ ဒုက္ခသစ္စာကို မဂ္ဂသစ္စာဖြင့် သိနေခိုက်တွင် ကိုယ်ခန္ဓာအပေါ်တွင် ငြိမ္ဘတဏှာလောဘ၊ မာန၊ ဒိဋ္ဌိကိလေသာတို့ဖြစ်ပေါ်ခွင့် မရှိဘဲချုပ်ပျောက်နေကြလေ၏။ သမုဒယသစ္စာ သေနေသည်ဟုဆို၏။ သမုဒယသစ္စာကို မဂ္ဂသစ္စာဖြင့် အစားထိုးလျှင် ဒုက္ခသစ္စာကို နိရောဓသစ္စာဖြင့် အစားထိုးလိုက်ခြင်းပင်ဖြစ်ပါသည်။ ထိုကဲ့သို့ ဒုက္ခမမြင်သည့်အချိန်တွင် ဒုက္ခသစ္စာနှင့် သမုဒယ သစ္စာတို့သာ လှည့်နေတော့၏။ အဆိုးသစ္စာနှစ်ပါး ဖြင့်သာ နှစ်ပါးသွားနေကြရ၏။ အကောင်းသစ္စာသည် ဝင်ခွင့်မရှိပေ။

ဒုက္ခသစ္စာကို ဉာဏ်ဖြင့်မြင်နေချိန်တွင် မဂ္ဂသစ္စာ နှင့် နိရောဓသစ္စာပေါ်လာခွင့်ရ၏။ အကောင်းသစ္စာ နှစ်ပါး ပွင့်ပေါ်လာခြင်းဖြစ်၏။ တဒင်္ဂပေါ်နေသည်ဟု နားလည်ထားရမည်။ တဒင်္ဂပေါ်ရာမှ ထာဝရပေါ်သည့် တိုင်အောင်ဉာဏ်ဖြင့် ဆက်လက်ကြည့်သွားမည် ဆိုပါက တစ်နေ့တစ်လ ပုဂ်ဘယ်မရွှေ့၊ တစ်နေ့နေ့ တော့ ဒုက္ခအစပြတ်ချုပ်ငြိမ်း ရုပ်သိမ်းရာ နိဗ္ဗာန်သို့ ဆိုက်ရောက်မျက်မှောက်ပြုနိုင်ကြမည်သာ ဖြစ်ပေ သည်။

အရေးကြီးသည်မှာ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲရှိပင် ရှိလင့်ကစား ထိုဆင်းရဲများကို သိရုံမျှသောင်တင် ကျေနပ်မနေဘဲ ရုပ်နာမ်တို့၏ အတွင်းကျကျ ဖြစ်ခြင်း သဘော၊ ပျက်ခြင်းသဘောတို့ကို ဉာဏ်ဖြင့်မြင်အောင် ကြည့်ပါမှ ဖြစ်ပျက်ကိုမြင်မည်ဖြစ်၏။ ဖြစ်ပျက်သည် ဒုက္ခသစ္စာဖြစ်၏။ မြင်သည်က မဂ္ဂသစ္စာဖြစ်၏။ မြင်နေခိုက် ကိလေသာ ပေါ်ခွင့်မရဘဲ သေနေသည်က သမုဒယသစ္စာဖြစ်၏။ သမုဒယအကြောင်းကိလေသာ

ရှိမှ နောင်ခန္ဓာ၊ နောင်ဇာတိ၊ ဇရာ၊ မရဏာတို့ ထပ်မံဖြစ်ရမည်ဖြစ်ရာ ကိလေသာသမုဒယသစ္စာ သေသဖြင့် နောင်ခန္ဓာရုပ်သိမ်းချုပ်ငြိမ်းသည်က နိရောဓသစ္စာ ဖြစ်၏။ နိရောဓသစ္စာသည် နိဗ္ဗာန်ကို ဆိုလိုခြင်းဖြစ်၏။ ထို့ကြောင့်နိဗ္ဗာန်ကို မျက်မှောက်ပြုချင်လျှင် သစ္စာလေးပါးအနက် ဒုက္ခသစ္စာကို သိအောင်လုပ်ဖို့သည် အရေးအကြီးဆုံးဖြစ်ပါသည်။ ဒုက္ခသစ္စာသိသည်နှင့် မဂ္ဂသစ္စာပေါ်၊ သမုဒယသစ္စာပျောက်၊ နိရောဓသစ္စာ အလိုလိုဆိုက်ရောက်ရမည်ဖြစ်ပေတော့သည်။

အထက်တွင်ပြဆိုခဲ့သော နည်းအားဖြင့် တေဘူမကသခ်ါရဟူသော ဒုက္ခသစ္စာကို ကာယာနုပဿနာ သတိပဋ္ဌာန်စသော သတိပဋ္ဌာန်(၄)ပါးဖြင့် ရှုမှတ်ပွါးများအားထုတ်ခြင်းဖြင့် ဝိပဿနာဉာဏ်(၁၀)ပါး၊ ဝိသုဒ္ဓိ(၇)ပါးတို့ဖြင့် အဆင့်ဆင့် ဆက်ကာ ဆက်ကာ ဖြစ်ပွါးကြပြီးလျှင် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဉာဏ်ဖြင့် အသခ်ံတဓာတ် နိဗ္ဗာန်မြတ်ကို မျက်မှောက်ပြုကာ ချမ်းသာစွာ နေရလေတော့သည်။ ထိုဒုက္ခအပေါင်း၏ ဖြစ်ကြောင်းဖြစ်သော တဏှာ၏ အကြွင်းမဲ့မရှိရာ၊ ချုပ်ငြိမ်းရာ၊ လွတ်မြောက်ရာ၊ ကင်းလွတ်ရာဖြစ်သော နိဗ္ဗာန်ကို နိရောဓသစ္စာဟု ခေါ်ဆိုအပ်၏။ ထိုနိရောဓသစ္စာကို ရရှိရန် ဒုက္ခသစ္စာကို ပိုင်းခြားသိလျက် သမုဒယသစ္စာကို ပယ်သတ်ပြီး မဂ္ဂသစ္စာဖြင့် ကျင့်ကြံပွါးများ အားထုတ်ရမည်ဖြစ်ပေတော့သည်။

စာတမ်းအမည် - အဝိဇ္ဇာမှသည် ဝိဇ္ဇာဆီသို့
ပြုစုသူ - အဖွဲ့ (၄)
ကြီးကြပ်သူ - ဆရာဦးစန်းဝင်း

အဖွဲ့(၄) ၏ အဖွဲ့ဝင်များ အမည်စာရင်း

စဉ်	အမည်	ခုံနံပါတ်	စဉ်	အမည်	ခုံနံပါတ်
၁။	ဦးသက်ဆွေ	DM - 337	၁၅။	ဒေါ်ခင်ကြည်ဝင်း	DM - 138
၂။	ဒေါ်မြသန္တာဦး	DM - 196	၁၆။	ဒေါ်ကြည်ကြည်ဆွေ	DM - 171
၃။	ဒေါ်ကြူကြူသိန်း	DM - 186	၁၇။	ဒေါ်သီဂီမော်	DM - 332
၄။	ဒေါ်နီနီဝင်း	DM - 242	၁၈။	ဒေါ်ရွှဲရွှဲအေး	DM - 248
၅။	ဒေါ်ယဉ်ယဉ်ထွန်း	DM - 400	၁၉။	ဒေါ်မိုးသူဇာရင်	DM - 209
၆။	ဒေါ်ဖြူဖြူကျော်	DM - 273	၂၀။	ဒေါ်ခင်ဝင်းမာ	DM - 159
၇။	ဒေါ်စန္ဒာထွေး	DM - 290	၂၁။	ဒေါ်မင်းမင်းဟန်	DM - 206
၈။	ဒေါ်သောင်းထွေး	DM - 323	၂၂။	ဦးခွန်အောင်ဇော်ထွန်း	DM - 164
၉။	ဒေါ်သန်းသန်းဟန်	DM - 318	၂၃။	ဦးဇေယျ	DM - 409
၁၀။	ဒေါ်နုနုဝေ	DM - 246	၂၄။	ဦးသန်းမြင့်	DM - 315
၁၁။	ဦးမြင့်လွင်	DM - 219	၂၅။	ဒေါ်ဇင်မာလွင်	DM - 411
၁၂။	ဒေါ်မြင့်မြင့်သန်း	DM - 222	၂၆။	ဒေါ်ကြည်ပြာဖြိုးဝေ	DM - 173
၁၃။	ဒေါ်ရွယ်နီလွင်	DM - 247	၂၇။	ဒေါ်ဖြိုးမွန်ရည်	DM - 271
၁၄။	ဒေါ်ဥမ္မာစန်း	DM - 267			

အဝိဇ္ဇာမှသည် ဝိဇ္ဇာဆီသို့

အဖွဲ့ (၄)

သုတေသနစာတမ်းအကျဉ်း

"သံသရာဘယ်ကစ အဝိဇ္ဇာကစ၊ သံသရာ ဘယ်မှာဆုံး ဝိဇ္ဇာမှာဆုံး" ဆိုသောစကားကို ပြော လေ့ ရှိကြသည်။ သတ္တဝါတို့သည် မိမိတို့ပြုခဲ့ကြသော ကာယကံ၊ ဝစီကံ၊ မနောကံ ဟူသော (၃)ပါးသော ကံတို့၏ စေစားရာအတိုင်း ကောင်းဆိုးနှစ်တန် အခြေခံ၍ ဖြစ်ရခြင်းကို "ကံစီမံရာ" ဟု ပြောဆို တတ်ကြပြီး မိမိတို့အဖန်ဖန်ပြုခဲ့ကြသော ကုသိုလ်၊ အကုသိုလ် တရားတို့ကြောင့် "ဗြဟ္မာ၊ နတ်၊ လူ၊ အပါယ်"ဟူသော (၄)ဌာနသို့ "ဆုံလည်သည့် နွားပမာ"အဆက်မပြတ် ကျင်လည်ကြရခြင်းကို "သံသရာလည်သည်" ဟု ပြောဆိုကြသည်။

သတ္တဝါတို့၏ မူလနေအိမ်သည် အပါယ်(၄) ဘုံသာ ဖြစ်သည်ဟု မြတ်စွာဘုရားရှင်၏ လက်သည်း ခွံပေါ်ရှိ မြေမှုန်ပမာဏနှင့် ကမ္ဘာမြေကြီး၏ ပမာဏ တို့ကို နှိုင်းယှဉ်လျက် သတ္တဝါတို့သေလွန်သောအခါ သုဂတိဘုံနှင့် အပါယ်(၄)ဘုံသို့ ရောက်ကြရပုံကို မြတ်စွာဘုရားရှင်က ညီတော်အာနန္ဒာအား သံဝေဂ ဖြစ်ဖွယ် ဟောကြားတော်မူခဲ့သည်။ ဤသို့ နှိုင်းယှဉ် ဟောကြားမှုကို ဆင်ခြင်ကြည့်ပါက သတ္တဝါတို့သည် သံသရာဝဲသြဃမှ လွတ်မြောက်ခြင်းငှာ လွန်စွာ ခက်ခဲလှကြောင်းနှင့် သတ္တဝါတို့အား သံသရာဝဲသြဃ အတွင်းမှ မလွတ်မြောက်နိုင်စေရန် ဆွဲယူချုပ်နှောင် ထားသော အဓိကတရားခံသည် အဝိဇ္ဇာပင်ဖြစ်ကြောင်း ကိုလည်း ထင်ရှားစွာဟောကြားခဲ့လေသည်။

သို့သော် သတ္တဝါတို့သည် အမှန်တကယ် သံသရာမှ လွတ်မြောက်လိုပါက လွတ်မြောက်နိုင် ကြောင်းနှင့် လွတ်မြောက်ရာလမ်းကြောင်းတို့ကိုလည်း ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကြီးကို ဟောကြားတော်မူ၍ မြတ်စွာဘုရားရှင်က သက်သေသာဓကများဖြင့် ထင်ရှားစွာပြသခဲ့ပြီးဖြစ်သည်။ ဤသည်မှာ အဝိဇ္ဇာ တည်းဟူသော မသိမှုတရားတို့ကို ဆန့်ကျင်သည့် ဝိဇ္ဇာဟူသော အမှန်သိမှုပညာပင် ဖြစ်လေသည်။ အဝိဇ္ဇာဟူသောတရားသည် သူ၏ယှဉ်ဖက် တရားများ ဖြစ်သော တဏှာ၊ မာန၊ ဒိဋ္ဌိစသည့် နှောင်ကြိုးများဖြင့် သတ္တဝါတို့အား ဖမ်းဆီးချုပ်နှောင်ထားသကဲ့သို့ ဝိဇ္ဇာဟူသော သိမှုသည်လည်း သီလ၊ သမာဓိ၊ ပညာဟူသော ထက်မြက်လှသည့် မဂ္ဂင်များများဖြင့် အဝိဇ္ဇာဟူသော နှောင်ကြိုးများကို ဖြတ်တောက်၍ "အဝိဇ္ဇာတို့၏ကျက်စားရာ သံသရာအကျဉ်းထောင်" မှ ကောင်းစွာလွတ်မြောက်နိုင်ပြီး "အဝိဇ္ဇာတရား

တို့ ဆိတ်သုဉ်းရာ အဝိဇ္ဇာကင်းမဲ့ဇုန်''ဖြစ်သော မြတ်နိဗ္ဗာန်ဆီသို့ တက်လှမ်းနိုင်ကြောင်းကိုလည်း လမ်းပြဟောကြားခဲ့သည်။

အဝိဇ္ဇာမှသည်

ကျွန်ုပ်တို့သည် ကြိုးဆွဲရုပ်သေးပွဲများကို ကြည့်ဖူးကြပါသည်။ ကြိုးဆွဲရုပ်ဆိုသည်မှာ လူရုပ်၊ မင်းသားရုပ်၊ ဘီလူးရုပ်၊ ရှင်ဘုရင်ရုပ်နှင့် တိရစ္ဆာန် ပေါင်းစုံစသောအရုပ်မျိုးစုံတို့အား နှောင်ကြိုးများဖြင့် ဆက်သွယ်၍ ကြိုးဆွဲဆရာဆိုသော ပညာရှင်မှ သူတတ်ကျွမ်းသော ကြိုးဆွဲပညာများဖြင့် ထိုအရုပ်တို့အား လိုအပ်သလို သရုပ်ဆောင် ကပြစေခိုင်းခြင်းဖြစ်သည်။ ထိုနည်းတူစွာပင် ကျွန်ုပ်တို့အား တဏှာ၊ မာန၊ ဒိဋ္ဌိ စသော နှောင်ကြိုးများဖြင့် ဆက်သွယ်၍ သူ့သဘောကျအတိုင်း ကြိုးဆွဲစေခိုင်းနေသော ကြိုးဆွဲဆရာမှာ အဝိဇ္ဇာပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် အဝိဇ္ဇာ၏ ကြိုးဆွဲရုပ်များပင် ဖြစ်ကြသည်။

အဝိဇ္ဇာဆိုသည်မှာ ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော ပါဠိတော်ဖြစ်၏။ အဝိဇ္ဇာကို ''မသိမှု'' ဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုကြသော်လည်း အဝိဇ္ဇာဆိုသည်မှာ မောဟတရားတို့ဖြင့် အမှန်သဘောကို မသိအောင် ဖုံးကွယ်ထားခြင်းသဘောသာ ဖြစ်သည်။ လူသားတို့၏ အသိဉာဏ်များတွင် အမှန်ကို အမှန်အတိုင်း ဆင်ခြင်တတ်မှု၊ သိမှု၊ မြင်မှုဆိုသော ပညာတရားတို့ ဖြစ်ပေါ်နိုင်ခြင်းမရှိစေရန် ''မောဟ'' ဟူသော တွေဝေမှုတို့ဖြင့် ပိတ်ဖုံးကာဆီးထားခြင်းသာ ဖြစ်လေသည်။

အဝိဇ္ဇာ၏ လှည့်စားခြင်း(၈)မျိုး

ကျွန်ုပ်တို့သည် မျက်လှည့်ဆိုသော အနုပညာတင်ဆက်မှုတစ်ခုကို ကြည့်ဖူးကြသည်။ မျက်လှည့်ဆိုသောပညာသည် ကြည့်နေဆဲ သိနေဆဲလူအများ ရှေ့တွင်ပင် အရှိကို မရှိလုပ်၍လည်းကောင်း၊ မရှိကို အရှိ လုပ်၍လည်းကောင်း ပရိသတ်၏ စိတ်ကိုသော်လည်းကောင်း၊ မျက်စေ့ကိုသော်လည်းကောင်း လှည့်စားပြသော ပညာဖြစ်သည်။ ထိုကဲ့သို့ပင် အဝိဇ္ဇာဆိုသော မျက်လှည့်ဆရာကြီးသည် လူသားတို့အား လှည့်စားခြင်း (၈)မျိုးဖြင့် လှည့်စားဖုံးကွယ်၍ မရှိကို အရှိလုပ်၊ အရှိကို မရှိလုပ်ကာ လှည့်စားဖုံးကွယ်ထားခဲ့လေသည်။

(၁) ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်း မသိအောင်ဖုံးကွယ်ထားခြင်း၊

(၂) သမုဒယသစ္စာကို သမုဒယသစ္စာမှန်း မသိအောင်ဖုံးကွယ်ထားခြင်း၊

(၃) နိရောဓသစ္စာကို နိရောဓသစ္စာမှန်း မသိအောင်ဖုံးကွယ်ထားခြင်း၊

(၄) မဂ္ဂသစ္စာကို မဂ္ဂသစ္စာမှန်း မသိအောင်ဖုံးကွယ်ထားခြင်း၊

(၅) အတိတ်၌ဖြစ်ခဲ့သောခန္ဓာ၊ အာယတန၊ ဓာတ်အစုတို့ကို မသိအောင်ဖုံးကွယ်ထားခြင်း(ပုဗ္ဗန္တ)

(၆) အနာဂတ်၌ ဖြစ်လတ္တံ့သော ခန္ဓာ၊ အာယတန၊ ဓာတ်အစုတို့ကို မသိအောင် ဖုံးကွယ်ထားခြင်း (အပရန္တ)

(၇) အတိတ်၊ အနာဂတ်ရှေ့နောက် (၂)ပါး၌ ဖြစ်သော ပုဗ္ဗန္တ၊ ပရန္တတို့ကို မသိအောင် ဖုံးကွယ်ထားခြင်း၊

(၈) ပဋ္ဌာန်သမုပ္ပါဒ်တရားတို့၏ အမှန်သဘောကို မသိအောင်ဖုံးကွယ်ထားခြင်းတို့ ဖြစ်လေသည်။

အထက်ပါအတိုင်း ဖုံးကွယ်လှည့်စားထားခြင်းများကြောင့် ကျွန်ုပ်တို့၏သန္တာန်၌ သိမှုဟူသော

ပညာများ ဆိတ်သုဉ်းလျက် မောဟအမှောင်များ ဖုံးခဲ့ရပြီး "ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနဉ္ဇာဘိသင်္ခါရ" တည်းဟူသော သင်္ခါရတရားတို့ ဖြစ်ပေါ်လာရလေတော့သည်။ မြတ်စွာဘုရားရှင်က ဤသက္ကာယ အထည်ကိုယ်ကြီးသည် မတင့်တယ်ခြင်း သဘောရှိ၏။ အချိန်တိုင်း ပျက်စီးခြင်းသဘောရှိသော မမြဲသော အနိစ္စတရားဖြစ်ပြီး ခန္ဓာရရှိခြင်းသည် ဒုက္ခသစ္စာဖြစ်ကြောင်း၊ ပိုင်ဆိုင်ခြင်းသဘောမရှိ၊ သူ့သဘော သူ့ဆောင်နေသော အနတ္တတရားများဖြစ်ကြောင်းဟော၏။ သို့သော် လူသားတို့သည် "အနိစ္စကို နိစ္စ၊ ဒုက္ခကို သုခ၊ အနတ္တကို အတ္တ၊ အသုဘကို သုဘ" ဟု မှားယွင်းစွာ စွဲလမ်းခြင်း ဥပါဒါန်များဖြင့် လွဲမှားသောအယူများကို ယူမိအောင်အဝိဇ္ဇာကပင် လှည့်စားထားပြန်သည်။

ကျွန်ုပ်တို့သည် နံနက်အိပ်ယာမှနိုးသည်နှင့် မိမိမျက်နှာကို နည်းမျိုးစုံစွာ အသုဘကို သုဘဖြစ်အောင် ဆင်ယင်ခြယ်သနေကြသည်။ ပြင်ဆင်ပြီးသောအခါ မှန်ထဲတွင် ပေါ်လာသော မိမိမျက်နှာ အတုကြီးကို အစစ်ဟုထင်ပြီး "ငါတယ်လှပါလား" ဟု အထင်ရောက်၏။ လိုက်ဖက်မည်ထင်သော အဝတ်အစားတို့ကို ဝတ်ဆင်လျက် မိမိ၏အသုဘခန္ဓာကိုယ်ကြီးကို သုဘခန္ဓာကြီးဟု အထင်ရောက်ပြန်၏။ ဤသို့ အထင်ရောက်စေရန်လည်း အဝိဇ္ဇာကပင် လှည့်စားခြင်းဖြစ်သည်။ ဤအဖြစ်မှန်ကို တစ်ဦးတစ်ယောက်က "သူငယ်ချင်း မင်းအသက်ကြီးပြီ၊ အိုပြီ" ဟု ပြောလျှင် လက်မခံချင်၊ မကြိုက်ချင်ပေ။ မိမိကိုယ်ကို ငယ်သေးသည်ဟု ထင်နေခြင်းသည် အဝိဇ္ဇာ၏ လှည့်စားခြင်းသဘောပင်ဖြစ်သည်။

နှစ်ယောက်တစ်အိမ်မက်

ဗုဒ္ဓဒေသနာအရ အတိတ်ပစ္စုပ္ပန် အကြောင်းတရားများတွင် ပဓာနအကျဆုံးဖြစ်သော အကြောင်းတရားနှစ်ပါးတို့မှာ "အဝိဇ္ဇာနှင့် တဏှာ" တို့ပင်ဖြစ်၏။ ထိုအဝိဇ္ဇာနှင့်တဏှာ မူလနှစ်ပါးတို့ ဆက်စပ်ဖြစ်ပေါ်နေမှုကြောင့် အတောမသတ် လည်ပတ်နေသော ဘဝသံသရာသည်လည်း ဖြစ်ပေါ်လာရသည်။ ထိုဘဝတို့ဖြစ်လျှင် အိုခြင်း၊ သေခြင်း၊ ဇရာမရဏာတို့ ဖြစ်ပေါ်ရသည်။ စိုးရိမ်ပူပန်ခြင်း သောက၊ ငိုကြွေးခြင်း ပဋ္ဌေဝ၊ ကိုယ်ဆင်းရဲခြင်း ဒုက္ခ၊ စိတ်ဆင်းရဲခြင်း ဒေါမနဿ၊ ပြင်းစွာပူပန်ခြင်း ဥပယာသတို့သည်လည်း ထိုက်သည့်အားလျော်စွာ ဖြစ်ပေါ်လာရပေသည်။ အဝိဇ္ဇာနှင့် တဏှာမူလနှစ်ပါးသည် အိုခြင်း၊ သေခြင်း အစရှိသော ဒုက္ခတို့၏ အကြောင်းတရားသမုဒယပင် ဖြစ်ပေသည်။ အဝိဇ္ဇာဖြစ်လျှင် တဏှာလည်း ဖြစ်၏။ ထိုမျှမက ဥပါဒါန် သင်္ခါရ၊ ကမ္မဘဝတို့သည်လည်း တွဲဖက်၍ ဖြစ်ကြရကုန်၏။ အဝိဇ္ဇာနှင့် တဏှာတို့သည် ကျွန်းနှင့်ကိုင်းကဲ့သို့ အပြန်အလှန်အမှီ သဟဲပြုရခြင်းသဘော ရှိလေသည်။ ဖြစ်စဉ်တစ်ခုပေါ်တွင် တစ်ခါတစ်ရံ၌ အဝိဇ္ဇာကဦးဆောင်၍ တစ်ခါတစ်ရံတွင် တဏှာက ဦးဆောင်တတ်လေသည်။ "မကောင်းမှုနှင့်မသိဘဲ ပြုလုပ်မိခြင်းသည် အဝိဇ္ဇာက ဦးဆောင်ခြင်း ဖြစ်ပေသည်။ မကောင်းမှုနှင့် သိသော်လည်း ကြိုက်လို့လုပ်မိခြင်းသည် တဏှာက ဦးဆောင်သွားခြင်း ဖြစ်သည်။"

"လောကတွင် နှစ်သက်သာယာမှု တဏှာရှိကြသော ပုဂ္ဂိုလ်သတ္တဝါတိုင်းသည် ထိုနှစ်သက်သာယာမှု ဖြစ်နေခြင်းကိုပင် ကောင်း၏၊ ချမ်းသာ၏ဟု ထင်ကြသည်။" ဤသည်မှာ သမုဒယကို ချမ်းသာကြောင်းထင်နေသော အဝိဇ္ဇာကြောင့်ပင်တည်း။ ထိုအဝိဇ္ဇာကြောင့်ပင် ဘဝအသစ်များဖြစ်ပြီး အိုရ၊

နာရ၊ သေရ အစရှိတဲ့ ဒုက္ခများ တွေ့နေကြရလေသည်။ ဥပမာတစ်ခုပြရပါလျှင် "ဆေးလိပ် သောက်သောသူတွင် ဆေးလိပ်သောက်ချင်တဲ့ တဏှာ၊ ဆေးလိပ်ကြိုက်၍ စွဲလန်းနေသော ဥပါဒါန်ရှိနေသည့်အတွက် ကျန်းမာရေးထိခိုက်မည်ကို သိသော်လည်း ဒုက္ခဟု မထင်နိုင်သကဲ့သို့" ဘဝသံသရာထဲတွင်လည်း ထိုနည်းတူစွာ မြင်ကြားနံစား အစရှိသည်တို့ကို စဉ်းစားလိုက်သည်နှင့် ချမ်းသာများကို ခံစားနေရတယ်ဟုသာ ထင်မှတ်နေကြလေသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်က "ဒုက္ခသမုဒယေ အညာဏံ" ဟု သမုဒယတဏှာသည် ဆင်းရဲဖြစ်ပွားကြောင်းတရားဟု ဟောတော်မူ၏။ ချမ်းသာသည်ဟု ထင်နေခြင်းမှာ အဝိဇ္ဇာကြောင့်သာ ဖြစ်ပေသည်။ အဝိဇ္ဇာရှိနေသော ပုထုဇဉ်တို့တွင် အယူအဆလွဲပြီး ဒါန၊ သီလ အစရှိတဲ့ ကုသိုလ်အလုပ်တွေကို မလုပ်ဘဲ ပယ်ထားလျှင် ထိုသူတို့၏ သန္တာန်၌ အချိန်ရှိသမျှ အကုသိုလ်ချည်းသာ ဖြစ်ပေါ်နေပေတော့မည်။ ထိုကဲ့သို့ အကုသိုလ်ချည်းသာ ဖြစ်ပေါ်နေခဲ့လျှင် အပါယ်လေးပါးသွားဖို့ရာ လမ်းပွင့်နေပေလိမ့်မည်။ ကုသိုလ်ပြုချင်စိတ်မရှိခြင်းသည် အဝိဇ္ဇာနည်းခြင်း သဘောမဟုတ်ဘဲ အဝိဇ္ဇာ အားကြီးသော သဘောသာ ဖြစ်ပေသည်။ အဝိဇ္ဇာ အားကြီးခြင်းသည်လည်း မဂ်ဖိုလ်နိဗ္ဗာန်နှင့် ဝေးသော အကြောင်းဟု မှတ်ရပေတော့မည်။

ကာမဂုဏ်ဆိုတာ သြဃတရား

သတ္တဝါတို့၏ ဂဏ်တရားတို့အား ထိန်းချုပ်တတ်သောအဝိဇ္ဇာသည် သတ္တဝါတို့၏သန္တာန်၌ ဖြစ်ပေါ်လာမည့် မကောင်းသော အကုသိုလ်ဂဏ်တို့အား ဖြစ်ပေါ်လာစေရန် စီမံတတ်လေသည်။ ဂဏ်၏ လမ်းညွှန်ဆရာ အမှန်မှာ တဏှာဖြစ်သည်။ "ဘဝတစ်ခု ဖြစ်တည်ရန်အတွက် အဝိဇ္ဇာ၊ တဏှာ၊ ဂဏ်"ဟု အချုပ်အခြာသုံးပါး ရှိပါသည်။ "တဏှာဟူသည်မှာ တပ်မက်မှု" ဟူသော အဓိပ္ပာယ်ရ၏။ တဏှာဟူသည် မည်သည်တို့အား တပ်မက်ခြင်းဟုဆိုရာ၌ အဆင်းအားတပ်မက်မှု ရူပတဏှာ၊ အသံအားတပ်မက်မှု သဒ္ဒတဏှာ၊ အနံ့အားတပ်မက်မှု ဂန္ဓတဏှာ၊ အရသာအား တပ်မက်မှု ရသတဏှာ၊ အတွေ့အားတပ်မက်မှု ဖောဋ္ဌဗ္ဗတဏှာ၊ သဘောအားတပ်မက်မှု ဓမ္မတဏှာဟူ၍ ခြောက်ပါးသော တပ်မက်မှုကို တဏှာဟုဆို၏။ ထိုတပ်မက်မှုတို့ တည်းဟူသော တဏှာသည် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် စသော ခြောက် ပါးသောအာရုံတို့ဖြင့် တပ်မက်ခြင်းဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာသည် ကာမဂုဏ်စည်းစိမ်ကို ချီးကျူးခြင်းမပြုပေ။ ကာမဂုဏ်ချမ်းသာသည် ကိလေသာတရားတို့နှင့် ရောယှက်နေသော ချမ်းသာဖြစ်၍ ချမ်းသာအစစ်မဟုတ်ပေ။ ကိလေသာတရားတို့သည် စိတ်ကို ညစ်နွမ်းစေသော ပူလောင်စေသော သဘောရှိကြ၏။ ကိလေသာတရားဟူသည် စိတ်ကို ညစ်နွမ်းစေပြီး ပူလောင်ဆင်းရဲစေတတ်သော လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပတရားတို့ဖြစ်သည်။ ဤကိလေသာတရားတို့သည် သတ္တဝါများ၏သန္တာန်၌ အနုသယဘုံ၊ ပရိယုဋ္ဌာနဘုံ၊ ဝိတိက္ကမဘုံဟူ၍ ဘုံအဆင့်ဆင့် တည်စေတတ်ကြကာ စည်ပင်ကြီးပွားနေကြသည်။ အနုသယဘုံသည် စိတ်၌ကိန်းအောင်းနေသော ကိလေသာမျိုးဆက်ဖြစ်၏။ ပရိယုဋ္ဌာနဘုံသည် စိတ်၌နိုးကြားထကြွ သောင်းကျန်းလာကြသော ကိလေသာအလတ်စားများဖြစ်၏။ ဝိတိက္ကမဘုံသည် ဒုစရိုက်မကောင်းမှုများကို ကျူးလွန်ကြသည်အထိ ကြီးထွားရမ်းကားလာကြသော ကိလေသာအကြမ်းများဖြစ်၏။

ဤတရားတို့ ကိန်းအောင်းလျှင် စိတ်ညစ်ညူး၏။

စိတ်မဖြူစင်ခြင်းဖြစ်၏။ ''ကာမဂုဏ် ချမ်းသာသည် ထမင်းပူနှင့် ဟင်းပူကို ပူပူလောင်လောင် မျိုချရသည့် ပမာ'' ကြောင့်ကြစိုးရိမ်ပူပန်ခြင်းတို့နှင့် ရောပြွမ်းနေသော ချမ်းသာခြင်းသာဖြစ်၏။ လောဘ၊ ဒေါသ၊ မောဟတို့ကို ဦးဆောင်သော ကိလေသာတရားတို့သည် သတ္တဝါတို့အား ''စိမ်ရည် အရက်ပြင်းကဲ့သို့ ယစ်မူးစေသော အာသဝတရား'' တို့ဖြစ်၏။ သတ္တဝါတို့ကို ကြီးမားသော ရေအလျင်ဝဲစိုင်ကြီးကဲ့သို့ အပါယ်လေးပါးတိုင်အောင် ''ဆွဲမြှုပ်နစ်မွန်းစေသော သြဃတရား''တို့ဖြစ်ကြ၏။ သတ္တဝါတို့အား သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်အောင် မြဲမြဲစွာ ''ယှဉ်စပ်ဆွဲကပ်ထားသော ယောဇဝတရား''တို့ ဖြစ်၏။ ပဋ္ဌိသန္ဓေပြီး စုတိ၊ စုတိပြီး ပဋ္ဌိသန္ဓေ စသည်ဖြင့် ဘဝတစ်ခုနှင့် တစ်ခုတို့ကို သံကြိုးကွင်းဆက်ကဲ့သို့ ''ထုံးဖွဲ့ဆက်နွယ်ထားတတ်သော ဂန္ထတရား''များ ဖြစ်ကြ၏။ သံသရာဝဲသြဃကြီးထဲတွင် တဝဲလည်လည် မလွတ်တမ်း ထွေးလုံးရစ်ပတ်နေအောင် ဖွဲ့နှောင်ချည်တုပ်ထားတတ်သည့် သံယောဇဉ် နှောင်ကြိုးများလည်း ဖြစ်၏။ ဤကိလေသာတရားတို့ကို အနုသယ အင္ဂေ့အသက်မျှ မကျန်ရစ်အောင် အလျှင်းအပြတ် မပယ်သတ်နိုင်သမျှ ကာလပတ်လုံး သတ္တဝါတို့သည် သံသရာဝဋ်ဆင်းရဲ၌ ဆင်းရဲပင်ပန်းစွာ နစ်မွန်းမျောပါနေကြရမည် ဖြစ်၏။

အာသဝတရားလေးပါး

မြတ်စွာဘုရားက ပဋ္ဌိစ္စသမုပ္ပာဒ်တွင် ''အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၏''ဟု အဝိဇ္ဇာမှစ၍ ဟောကြားထားခဲ့သည်။ အဝိဇ္ဇာဆိုသည်မှာ အာသဝေါတရား (၄)ပါးဖြစ်သော ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝတို့ ဖြစ်သည်။

သံသရာမှ လွတ်မြောက်လိုသောသူတို့သည် အမှားနှင့်အမှန်ကို ရွေးချယ်ရာ၌ ရွေးချယ်မှု မှန်ကန်ခြင်းတည်းဟူသော ပညာကြောင့် အဝိဇ္ဇာမှ ဝိဇ္ဇာသို့ ရောက်ရှိနိုင်ပေသည်။ သံသရာအဆက်ဆက် ဖုံးလွှမ်းခဲ့သော အဝိဇ္ဇာတရားတို့၏ ခြယ်လှယ်မှုကို ရုန်းထွက်လွတ်မြောက်နိုင်ရန်မှာ မိမိတို့ရွေးချယ်မှု၊ ဆုံးဖြတ်မှု မှန်ကန်သော ပညာဖြင့်သာလျှင် သံသရာမှ လွတ်မြောက်သော လမ်းမှန်ကို ရောက်ရှိနိုင်ပေမည်။ ဆိုလိုသည်မှာ လူတို့သည် မှန်ကန်သောလမ်းကို မှန်ကန်သော အသိပညာဖြင့်သာ ရွေးချယ် လျှောက်လှမ်းနိုင်ရန် ပဓာနကျပေသည်။ ဝိဇ္ဇာဆိုသည်မှာ အသိဉာဏ်ဖြစ်သည် ဆိုသော်လည်း သာမည အသိဉာဏ်ကို ဆိုလိုသည်မဟုတ်ပေ။ ''သစ္စာလေးပါးကို ထိုးထွင်းသိမြင်သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ဝိဇ္ဇာဉာဏ်''ဟု ဆိုလိုခြင်းဖြစ်၏။ ဝိဇ္ဇာသည် အမှန်ကိုသိခြင်းဖြစ်၍ အဝိဇ္ဇာသည် အမှန်ကိုမသိခြင်း၊ အမှားကို သိခြင်းဖြစ်သည်။ ဝိဇ္ဇာသည် ပညာဉာဏ်ဖြစ်၍ အဝိဇ္ဇာသည်မောဟဖြစ်သည်။ ဝိဇ္ဇာသည် အလင်းရောင်ဖြစ်၍ အဝိဇ္ဇာသည် အမှောင်ထုဖြစ်သည်။ အမှောင်ထုက ဖုံးလွှမ်းထားသဖြင့် ရှုရာစက်ဆုပ်ဖွယ်အာရုံကို အဝိဇ္ဇာက ဖုံးလွှမ်းပေးသဖြင့် နှစ်သက်မြတ်နိုး သာယာတပ်မက်ခြင်း ဖြစ်ကြရသည်။

ကြောက်လန့်ဖွယ်အာရုံကို မကြောက်မလန့်နိုင်ဘဲ အချိန်မရွေး ပေါက်ကွဲလောင်နိုင်သော ယမ်းထုပ်ကြီးနှင့်တူသောခန္ဓာငါးပါးကို ရတနာထုပ်မှတ်၍ အမြတ်တနိုးသိမ်းပိုက်ကြသည်။ နံ့သာလိမ်းကျံထားသော မစင်ပုပ်အိုးကြီးကို နံ့သာဆီအိုးမှတ်၍ ပွေ့ပိုက်ယူဆောင်လာသူကဲ့သို့ ခန္ဓာငါးပါး အပုပ်အသိုးများကို အမြတ်တနိုး သိမ်းပိုက်ကြသည်။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်ဟုပြဆိုရာ၌ အမှန်ကို မသိမှု၊ မိုက်မဲတွေဝေမှု၊ အမှောင်ဖုံးလွှမ်းမှုကြောင့် လူဘဝ၊

နတ်ဘဝတို့၌ လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ကာမဂုဏ်စည်းစိမ်တို့ကို ရရှိခံစားနိုင်ရန် အကုသိုလ် သင်္ခါရဟုခေါ်ဆိုသော အကုသိုလ်ကံများကို မသိခြင်းသည် အဝိဇ္ဇာ မောဟတရားပင် ဖြစ်ပါသည်။

ဝိဇ္ဇာဆီသို့

ဝိဇ္ဇာဟူသည် အမှန်ကို မြင်နိုင်ခြင်း၊ မတွေဝေခြင်း၊ အကောင်းအဆိုး အကျိုးအပြစ်၊ အမှားအမှန်ကို ခွဲခြားနိုင်သည့် ပညာပင်ဖြစ်ပါသည်။ ဝိဇ္ဇာသည် ကုသိုလ်တရားများသို့ရောက်ခြင်း၏ ရှေ့သွားခေါင်းဆောင် ဖြစ်ပါသည်။ ဝိဇ္ဇာကပ်ရောက်နေသော အသိဉာဏ်ရှိသူအား မှန်သောအမြင်သည်သာ မြင်၏။ မှန်သော အမြင်ရှိသူအား မှန်သောကြံစည်ခြင်းသည် ဖြစ်၏။ မှန်သောကြံစည်ခြင်းရှိသူအား မှန်သော ဉာဏ်သည်ဖြစ်၏။ မှန်သောဉာဏ်ရှိသူအား မှန်သော လွတ်မြောက်ခြင်းသည် ဖြစ်၏။မိမိတို့သည် မျက်မြင်ထက် ဉာဏ်မြင်ဖြင့် မြင်တတ်အောင် ကြိုးပမ်းရမည်။ ဥပမာအားဖြင့် မီးရထားသံလမ်းသည် ဝေးလျှင် ကျဉ်းသွားသည်ကို မျက်စိဖြင့် မြင်ရသော်လည်း ဘယ်နေရာမှ မကျဉ်းကြောင်းကို ဉာဏ်ဖြင့်သာ သိရ၏။ ဉာဏ်အမြင်မပါဘဲ မျက်မြင်အတိုင်းသာ ယူနေပါက သစ္စာတရားနှင့် အလှမ်းဝေးနေပေဦးမည်။ သစ္စာတရားတို့ကို သိရှိရန် ဝိပဿနာတရားကို အားထုတ်ရပေမည်။

ဝိပဿနာတရားအားထုတ်ရာတွင် အောက်ပါ ဉာဏ်များရရှိရန် အရေးကြီးလှပေသည်။

(၁) ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ် - ကံနှင့်အကျိုးပေးကို ယုံကြည်သောဉာဏ်။

(၂) နာမရူပ ပရိစ္ဆေဒဉာဏ် - နာမ်နှင့် ရုပ်ကို ပိုင်းခြားသိသောဉာဏ်။

(၃) ပစ္စယပရိဂ္ဂဟဉာဏ် - အကြောင်းအကျိုးကို သိမ်းဆည်းသိသောဉာဏ်။

(၄) လက္ခဏဉာဏ် - ရုပ်၊ နာမ်၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သိသောဉာဏ်။

(၅) မဂ်ဉာဏ် - ကိလေသာတရားတို့အား အပြီးတိုင် ပယ်သတ်တတ်သောဉာဏ်။

တရားရရန် ဉာဏ်စဉ်ဆယ်ပါး

သင်ကြားပို့ချမ်းလာ ဉာဏ်စဉ် (၁၀)ပါးတို့မှာ

(၁) သမ္မသနဉာဏ်

(၂) ဥဒယဗ္ဗယဉာဏ်

(၃) ဘင်ဉာဏ်

(၄) ဘယဉာဏ်

(၅) အာဒီနဝဉာဏ်

(၆) နိဗ္ဗိဒါဉာဏ်

(၇) မုဉ္စိတုကမျတာဉာဏ်

(၈) ပဋိသင်္ခါဉာဏ်

(၉) သင်္ခါရုပေက္ခာဉာဏ်

(၁၀) အနုလောမဉာဏ်တို့ဖြစ်သည်။

ဝိပဿနာဉာဏ်စဉ် (၁၀)ပါးတို့ကို ပဓာနကိစ္စ အလိုက် အုပ်စုခွဲလျှင် အုပ်စု(၄)ခု ရပါသည်။

(က) ဒုက္ခသစ္စာကို ပိုင်းခြားရှုသိခြင်း၊

(ခ) သမုဒယသစ္စာကို ပယ်စွန့်ခြင်း၊

(ဂ) မဂ္ဂသစ္စာကို ပွားများခြင်း၊

(ဃ) နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းတို့ ဖြစ်ပြီး ဆိုင်ရာပဓာနကိစ္စများဖြစ်သော သစ္စာ (၄)ပါး ကိစ္စတို့ကို ဆောင်ရွက်ကြပါသည်။

အင်္ဂါ(၈)ပါးရှိသော "အရိယမဂ္ဂင်"

သတ္တဝါတို့သည် သံသရာလွတ်မြောက်ရာ အမှန် မြတ်နိဗ္ဗာန်သို့ ရောက်ရှိနိုင်ရန်အတွက် မြတ်စွာ

ဘုရားရှင်က လမ်းညွှန်ပြသခဲ့ရာတွင် မဇ္ဈိမပဋိပဒါ တည်းဟူသော အလယ်အလတ်လမ်းစဉ်ကိုလိုက်၍ မဂ္ဂင်ရှစ်ပါး တရားမြတ်တို့ကို ကျင့်သုံးဆောက်တည် ပွားများအားထုတ်ရမည်ဖြစ်ကြောင်း ဟောတော်မူခဲ့ လေသည်။ မြတ်စွာဘုရားရှင်က မဂ္ဂင် (၈)ပါးသည် နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သည်ဟု ဟော ကြားခဲ့ပါသည်။ မဂ္ဂသစ္စာဆိုသည်မှာ နိဗ္ဗာန်ကို ရောက်ချင်သော ပုဂ္ဂိုလ်အားလုံးသည် မဂ္ဂင်(၈)ပါး (ဝါ) မဂ္ဂသစ္စာကို ပွားများကြရပါမည်။ ကြိုးစားပွား များရသော မဂ္ဂင်သည် ''သမ္မာဒိဋ္ဌိ'' ဟုဆိုသော မှန်သောအမြင်ပင် ဖြစ်ပေသည်။ ''သမ္မာ'' မှန်စွာ၊ ''ဒိဋ္ဌိ'' မြင်ခြင်းတို့ဖြစ်ပါသည်။

(၁) သမ္မာဒိဋ္ဌိ (မှန်သောအမြင်)
(၂) သမ္မာသင်္ကပ္ပ (မှန်သောအကြံအစည်)
(၃) သမ္မာဝါစာ (မှန်သောစကား)
(၄) သမ္မာကမ္မန္တ (မှန်သောအလုပ်)
(၅) သမ္မာအာဇီဝ (မှန်သောအသက်မွေးမှု)
(၆) သမ္မာဝါယာမ (မှန်သောအားထုတ်မှု)
(၇) သမ္မာသတိ (မှန်သောအောက်မေ့မှု)
(၈) သမ္မာသမာဓိ (မှန်သောတည်ကြည်မှု) စသည်တို့ ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်က ရဟန်းတို့ ဝိဇ္ဇာနှင့် ဝိမုတ္တိတို့သည် အကြောင်းနှင့်တကွ ဖြစ်သည်ဟူ၍ ငါဆို၏။ အကြောင်းကင်း၏ ငါမဆိုဟု ဟောတော်မူခဲ့ ပါသည်။ ၄င်းမှာ သတ္တဝါတို့သည် သူတော်ကောင်း တို့နှင့် ပေါင်းဖော်ရခြင်း၊ သူတော်ကောင်းတို့၏ တရားကို နာကြားရခြင်း၊ သဒ္ဓါယုံကြည်မှု ပြည့်စေ ခြင်း၊ နလုံးသွင်းမှန်ကန်ကောင်းမွန်ခြင်း၊ သတိသမ္ဗ ဇဉ် တရားတို့ဖြင့်ပြည့်ခြင်း၊ ဣန္ဒြေစောင့်စည်းခြင်း၊ သုစရိုက်သုံးပါးကို ဖြစ်စေခြင်း၊ ဗောဇ္ဈင်ခုနစ်ပါး ကို ပွားများစေခြင်း၊ ထိုမှတဆင့် ဝိဇ္ဇာဝိမုတ္တိသို့ ရောက်ရှိခြင်းဟူ၍ ဟောတော်မူခဲ့ပါသည်။ 'လမ်း ဟူသမျှတို့တွင် အဂ်ါရှစ်ပါးရှိသော လမ်းသည် အမြတ် ဆုံးဖြစ်၏။ သစ္စာဟူသမျှတို့တွင် အရိယသစ္စာလေးပါး တို့သည် အမြတ်ဆုံး ဖြစ်ကုန်၏။ တရားဟူသမျှတို့တွင် ရာဂကင်းရာနိဗ္ဗာန်သည် အမြတ်ဆုံးဖြစ်၏။ မဂ်ဖိုလ် နိဗ္ဗာန်သို့ ပို့ဆောင်တတ်သော တစ်ကြောင်းတည်းသော ခရီးလမ်းထွက်ပေါက်မှာ အဂ်ါရှစ်ပါး အပြည့်အဝ ရှိသော အရိယမဂ်လမ်းစဉ်သာ ဖြစ်ပါသည်။' မဟာ သတိပဋ္ဌာနသုတ်တော်တွင် မြတ်စွာဘုရားရှင်က 'ရဟန်းတို့ အကြင်လေးပါးသော သတိပဋ္ဌာန် တို့ သည် ရှိကုန်၏။ သတိပဋ္ဌာန်တည်း ဟူသော ဤခရီး လမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန်၊ စိုးရိမ် ပူပန်ခြင်းနှင့်ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန်၊ ကိုယ်ဆင်းရဲခြင်းနှင့် စိတ်ဆင်းရဲခြင်းတို့ကို ချုပ်ငြိမ်း စေရန်၊ အရိယမဂ်ကိုရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တစ်ကြောင်းတည်းသော ထွက်ပေါက်ခရီးလမ်း ပေတည်း'' ဟူ၍ ဟောတော်မူခဲ့ပါသည်။

မြတ်စွာဘုရားရှင်က သိက္ခာသုံးပါး သာသနာ သုံးရပ်တို့အား ထင်ရှားစွာ သင်ကြားပြသထား ရစ်တော်မူခဲ့သဖြင့် ကျွန်ုပ်တို့သည် မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားတော်တို့အား နာယူသင်ကြားခြင်း၊ မဂ္ဂင်ရှစ်ပါး တရားတော်တို့အား ကျင့်ကြံအားထုတ်ခြင်းတို့ဖြင့် အဝိဇ္ဇာတရားတို့ကျက်စားရာ သံသရာအကျဉ်းထောင် အတွင်းမှ လွတ်မြောက်၍ အဝိဇ္ဇာတရားတို့ ဆိတ် သုဉ်းရာဖြစ်သော မြတ်နိဗ္ဗာန်ဆိုသည့် ''အဝိဇ္ဇာ ကင်းမဲ့ဇုန်'' ဆီသို့ မဂ္ဂင်ဖောင်ကြီးကိုစီးလျက် အရောက်သွားရပေလိမ့်မည်။

စာတမ်းအမည် - မြတ်နိုဗွာန်သို့ရောက်ကြောင်းအမှန် ဣန္ဒြေငါးတန်
ပြုစုသူ - အဖွဲ့. (၅)
ကြီးကြပ်သူ - ဆရာမ ဒေါ်အေးအေးမြင့်

အဖွဲ့.(၅) ၏ အဖွဲ့ဝင်များ အမည်စာရင်း

စဉ်	အမည်	ခုံနံပါတ်	စဉ်	အမည်	ခုံနံပါတ်
၁။	ဥူးဓမ္မသာမိ	DM - 4	၁၅။	ဦးကျော်ကျော်ဦး	DM - 166
၂။	ဥူးမေမိယ	DM - 11	၁၆။	ဒေါ်ကြူကြူစိုး	DM - 174
၃။	ဥူးဥာဏိက	DM - 14	၁၇။	ဒေါ်မူမူအေး	DM - 211
၄။	ဥူးစန္ဒောဘာသ	DM - 25	၁၈။	ဒေါ်မိုးမိုးရှိန်	DM - 231
၅။	ဥူးရေဝတ	DM - 37	၁၉။	ဒေါ်နွယ်နွယ်ဝင်း	DM - 250
၆။	ဒေါ်မာလာရီ	DM - 44	၂၀။	ဒေါ်စန်းစန်းမိုး	DM - 287
၇။	ဒေါ်စန္ဒာထေရီ	DM - 53	၂၁။	ဦးသာထွန်း	DM - 313
၈။	ဒေါ်သီလဝတီ	DM - 54	၂၂။	ဒေါ်သန်းသန်းနွယ်	DM - 320
၉။	ဦးအောင်ဝရ	DM - 70	၂၃။	ဒေါ်သင်းသင်းအေး	DM - 345
၁၀။	ဒေါ်အေးအေးသိန်း	DM - 83	၂၄။	ဒေါ်တင်တင်ဦး	DM - 367
၁၁။	ဒေါ်အေးမြတ်ဝင်း	DM - 93	၂၅။	ဦးဝေလွင်	DM - 385
၁၂။	ဒေါ်လှပြုံးသွင်	DM - 119	၂၆။	ဦးဝင်းကိုကိုထိုက်	DM - 386
၁၃။	ဒေါ်ခိုင်ခိုင်နွယ်	DM - 127	၂၇။	ဒေါ်ဝင်းဝင်းရီ	DM - 392
၁၄။	ဒေါ်ဥာဏသီဂီ	DM - 153			

မြတ်နိဗ္ဗာန်သို့ရောက်ကြောင်းအမှန် ဣန္ဒြေငါးတန်

အဖွဲ့ (၅)

သုတေသနစာတမ်းအကျဉ်း

ကျွန်ုပ်တို့အပါအဝင်ဖြစ်သော လောကလူသားမှန်သမျှတို့သည် အတိတ်ဘဝမှ ကာမာဝစရ ကုသိုလ်ကံ၏ ထောက်ပံ့မှုဖြင့် ရခဲလှစွာသော လူ့ဘဝအတွင်းသို့ ကံကောင်းထောက်မစွာ ရောက်ရှိနေခဲ့ကြရပေသည်။ ထိုမျှမက ကြံ့ကြိုက်ဖွယ်ရာ လွန်စွာခဲယဉ်းလှသော ဘုရားရှင်၏ သာသနာတော်မြတ်တွင်း၌လည်း လူဖြစ်ခွင့်ကို ရရှိနေကြရပေသည်။ ထို့ကြောင့်ပင်လျှင် ကျွန်ုပ်တို့၏နေ့စဉ်ရှင်သန်မှု ဘဝကိုယ်စီအတွင်း၌ စားဝတ်နေရေး လူမှုဘဝကြီးပွားတိုးတက်ရေးအစရှိသော လောကီအကျိုးစီးပွား ဖြစ်ထွန်းမှုများနှင့်အတူ သံသရာဝဋ္ဋဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ရေးဟူသော လောကုတ္တရာအကျိုးစီးပွား ဖြစ်ထွန်းနိုင်ရေးတို့အတွက် မရှိမဖြစ်အလိုအပ်ဆုံးသော တရားသည်ကား ကျွန်ုပ်တို့ကိုယ်စီအတွက် အမှန်ပင် ရှိနေပါပေ၏။

ဤအရာသည်ကား အခြားမဟုတ်ပါပေ။ ကျွန်ုပ်တို့၏ စိတ်သန္တာန်၌ အစိုးတရဖြင့် ထာဝစဉ်စွဲမြဲစွာ ရှိနေသင့်သော ဣန္ဒြေငါးပါး သူတော်ကောင်းတရားတို့ပင် ဖြစ်ပါပေ၏။ လောကအတွင်း အမှန်စင်စစ်ရှိနေသော ဣန္ဒြေ(၂၂)ပါးတို့အနက် အရေးကြီးဆုံးနှင့် ပဓာနအကျဆုံးဖြစ်သော ဣန္ဒြေ(၅)ပါးအကြောင်းကို အထူးအလေးထား၍ ဖေါ်ပြလိုပါသည်။ အဆိုပါ ဣန္ဒြေ(၅)ပါးတို့သည်ကား မိမိတို့၏ စိတ်သန္တာန်၌ သဒ္ဓါတရားဖြင့် အစိုးရသော 'သဒ္ဓိန္ဒြေ'၊ ဝီရိယဖြင့် အစိုးရသော 'ဝီရိယိန္ဒြေ'၊ သတိတရားဖြင့် အစိုးရသော 'သတိန္ဒြေ'၊ သမာဓိတရားဖြင့် အစိုးရသော 'သမာဓိန္ဒြေ' နှင့် ပညာဖြင့်အစိုးရသော 'ပညိန္ဒြေ' တို့ပေတည်း။ ထိုဣန္ဒြေ (၅)ပါးတို့သည် ကျွန်ုပ်တို့၏ ဘဝကိုယ်စီ၌ လောကီ၊ လောကုတ် နှစ်ဌာနတို့၏ အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် အဘယ်ကြောင့် ဤမျှ အရေးပါအရာရောက်ရပါသနည်း။ အကြောင်းသော်ကား ကျွန်ုပ်တို့ကိုယ်စီ၏ သန္တာန် အလေ့အလာများစွာဖြင့် ရှိနေတတ်မြဲဖြစ်သော ပကတိသာမာန်စိတ်နေ သဘာဝမျှလောက်ဖြင့် ဘဝရှင်သန်မှုတွင် ထူးကဲသာလွန်သော လောကီအကျိုးစီးပွားကို ရရှိနိုင်မည် မဟုတ်သကဲ့သို့ လောကီထက်သာလွန်သော လောကုတ္တရာအကျိုးစီးပွားဖြစ်သည့် မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာအစစ်ကို ရရှိဖို့ဟူသည်မှာ လွန်စွာခဲယဉ်းလှသောကြောင့်ဖြစ်ပေသည်။

ထိုကဲ့သို့လျှင် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဟူသော စိတ်ကိုအစိုးရသည့် ဣန္ဒြေ(၅)ပါးမည်သည် စိတ်၏အကြီးအမှူး ဦးစီးခေါင်းဆောင်

ဖြစ်သော ဗိုလ်(၅)ပါးလည်း ဖြစ်နေပါပေ၏။ အဆိုပါ ဗိုလ်(၅)ပါးဖြင့် မိမိတို့အလိုရှိရာကို ထူးကဲသာလွန်စွာ ပေါက်မြောက်အောင်မြင်နိုင်စေရန် လေ့ကျင့်ကြိုးပမ်းအားထုတ်နိုင်သော ထည်ဝါသည့် စိတ်သည်ပင်လျှင် ဣန္ဒြေရှိသော ဣန္ဒြေဖြင့်အစိုးရသော ကောင်းမြတ်သည့်စိတ်ဖြစ်ပေသည်။ ထိုကဲ့သို့သော မြင့်မြတ်ထည်ဝါလှသည့် ဣန္ဒြေ(၅)ပါးတို့ဖြင့် အစိုးတရမရှိသော သာမန်စိတ်နေသဘာဝသည် ကျွန်ုပ်တို့ မျှော်မှန်းတောင့်တအပ်သော လောကီအကျိုး မဂ်ဖိုလ် နိဗ္ဗာန်ဟူသည် သံသရာလွတ်မြောက်ခြင်း အကျိုးရလဒ်ကောင်းကို မည်သို့လျှင် ပေးစွမ်းနိုင်ပါအံ့နည်း။

ထို့ကြောင့်လည်း ကျွန်ုပ်တို့အတွက် နောက်ဆုံးပန်းတိုင်အဖြစ် ရည်မှန်းတောင့်တရာ နိဗ္ဗာန်ချမ်းသာသို့ ဧကန်ရောက်ကြောင်းဖြစ်သော ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းအလုပ်ကို ကျင့်ကြံပွားများအားထုတ်ရာ၌ စွမ်အားသတ္တိ နံ့နေးသော ပကတိစိတ်အရည်အသွေးကို သဒ္ဓါတရားဦးစီးသည့် ဣန္ဒြေ(၅)ပါးဖြင့် အစိုးတရရှိနေသော စွမ်းအားပြည့်ဝသည့် ဘာဝနာစိတ် ဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးရခြင်းပင် ဖြစ်ပါသည်။

ဣန္ဒြေဟူသည် 'ဣန္ဒြိယ' ဟူသော ပါဠိစကားလုံးကို မြန်မာမှုပြုထားခြင်းဖြစ်ပြီး 'အစိုးရခြင်း' ဟု အဓိပ္ပါယ်ရပါသည်။ ဆိုင်ရာကိစ္စတို့၌ အလွန်အစိုးရသော စေတသိက်တရားတို့ကို ဣန္ဒြေဟုခေါ်ဆိုခြင်းဖြစ်သည်။ မြတ်ဗုဒ္ဓ၏ တရားတော်များအရ ဣန္ဒြေ အမျိုးမျိုးရှိသည့်အနက် ကျွန်ုပ်တို့အနေဖြင့် အထူးတလည် ဖော်ထုတ်တင်ပြလိုသည်မှာ ဗောဓိပက္ခိယတရားတော်လာ ဣန္ဒြေ(၅)ပါးအကြောင်းပင် ဖြစ်ပေသည်။ အဆိုပါ ဣန္ဒြေ(၅)ပါးသည် အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည့် သဒ္ဓါတရားဖြင့် အစိုးရသည့် သဒ္ဓိန္ဒြေ၊ ဝီရိယတရားဖြင့် အစိုးရသော ဝီရိယိန္ဒြေ၊ သတိတရားဖြင့် အစိုးရသော သတိန္ဒြေ၊ သမာဓိတရားဖြင့် အစိုးရသော သမာဓိန္ဒြေနှင့် ပညာဖြင့်အစိုးရသော ပညိန္ဒြေတို့ ဖြစ်ကြပါသည်။ ထိုဣန္ဒြေ (၅)ပါးဖြင့် ပြည့်စုံညီညွတ်သော ဣန္ဒြေရှိသည့် စိတ်သည် လောကီ အကျိုးစီးပွား ဖြစ်ထွန်းစေနိုင်ယုံမျှမက လောကုတ္တရာ အကျိုးစီးပွားဖြစ်သော အမြတ်ဆုံးသောနိဗ္ဗာန်သို့ တိုင်အောင် အရောက်လှမ်းနိုင်မည် ဖြစ်သောကြောင့် လောကလူသားများဖြစ်ကြသော ကျွန်ုပ်တို့အတွက် လွန်စွာအားကိုးထိုက်လှသည့် တန်ဖိုးရှိလှသော စိတ်ကောင်းစိတ်မြတ်ပင် ဖြစ်ပါပေ၏။ အဆိုပါ ဣန္ဒြေ(၅)ပါးသည် အစွန်းမရောက်ပဲ ညီညွတ်မျှတနေစေရန် သတိတရားဖြင့် ထိန်းချုပ်ပေးနိုင်ခြင်းဖြင့် မိမိတို့အလိုရှိသည့်အတိုင်း လောကုတ်လောကီ အကျိုးနှစ်လီတို့ ပြီးမြောက်အောင်မြင်နိုင်မည်မှာ မလွဲဧကန်ပင်ဖြစ်ပေသည်။

ကျွန်ုပ်တို့အတွက် ထိုမျှလောက် တန်ဖိုးကြီးမားလှသော ဣန္ဒြေ (၅)ပါးအနက် ရှေ့သွားဦးဆောင်ဖြစ်သော သဒ္ဓိန္ဒြေဆိုသည်မှာ ကုသိုလ်စိတ် (၈)ပါး၊ မဟာကြိယာစိတ် (၈)ပါး အပွနာဇော(၂၆)ပါး ပေါင်း (၄၂)ပါးတို့၌ရှိသော 'သဒ္ဓါစေတသိက်' ပေတည်း။ သဒ္ဓါတရား၌ ပကတိသဒ္ဓါနှင့် ဘာဝနာသဒ္ဓါ ဟူ၍ နှစ်မျိုးရှိသည့်အနက် သံသရာလွတ်မြောက်ကြောင်းဖြစ်သော ကမ္မဋ္ဌာန်းဘာဝနာအလုပ်၌ စွမ်းအားရှိသည့် ဘာဝနာသဒ္ဓါသည် အစိုးတရရှိရပေမည်။ ထိုဘာဝနာသဒ္ဓါဖြင့် အစိုးရသော သဒ္ဓိန္ဒြေ၏ စွမ်းအားသတ္တိသည်ကား အရိယာစခန်းသို့ တက်လှမ်းနိုင်ခြင်း၏ အဦးအစဖြစ်သော သောတာပတ္တိအင်္ဂါ-၄ပါး အရာ၌ လွန်စွာထင်ရှားလှသည်ကို တွေ့မြင်နိုင်ပါသည်။ ၄င်းတို့မှာ -

၁။ ဘုရားရှင်၏ ဂုဏ်တော်- ၉ပါး၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း။

၂။ တရားဂုဏ်တော်- ၆ပါး၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း။

၃။ သံဃာ့ဂုဏ်တော်- ၉ပါး၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း။

၄။ လောကုတ္တရာသမာဓိဖြစ်သော သီလဝိသုဒ္ဓိ နှင့် ပြည့်စုံခြင်းတို့ ဖြစ်လေသည်။

ဝိရိယဖြင့်အစိုးရသော ဝိရိယနေ့ဆိုသည်မှာ မဟာကုသိုလ်စိတ် (၈)ပါး၊ မဟာကြိယာစိတ် (၈)ပါး၊ အပွန်နာဇော (၂၆)ပါး၊ ပေါင်း (၄၂)ပါး၌ရှိသော 'ဝိရိယစေတသိက်'ဖြစ်ပါသည်။ ထိုဝိရိယတွင်လည်း ကာယိကဝိရိယနှင့် စေတသိကဝိရိယဟူ၍ နှစ်ပါးရှိသည့်အနက် ကမ္မဋ္ဌာန်းဘာဝနာအလုပ်၌ ထိုဝိရိယနှစ်ပါးလုံး ပြည့်စုံမှသာလျှင် မဂ်ဖိုလ်စခန်းသို့ လျင်မြန်စွာပေါက်မြောက် အောင်မြင်နိုင်မည် ဖြစ်ပေသည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့ ကိုးကွယ်အားထားရာ မြတ်ဗုဒ္ဓကိုယ်တော်တိုင်ပင် ဝိရိယပါရမီဖြင့် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ရခြင်း ဖြစ်ပါပေ၏။

ထိုမှတဖန် သတိစေတသိက်တရားဖြင့် အစိုးရသော သတိနေ့ဆိုသည်မှာ မဟာကုသိုလ်စိတ် (၈)ပါး၊ မဟာကြိယာစိတ် (၈)ပါး၊ အပွန်နာဇော (၂၆)ပါးတို့၌ရှိသော 'သတိစေတသိက်'တရားပင် ဖြစ်သည်။ ကုသိုလ်ကောင်းမှု အစရှိသော ကောင်းသောအာရုံ များ၌ ကာယကထာသတိမှ စ၍ လောကုတ္တရာ 'သမ္မာသတိမဂ္ဂင်' တိုင်အောင် ကြီးမြင့်တိုးပွားနိုင်ခဲ့သော ဘာဝနာသတိကို ဆိုလိုခြင်း ဖြစ်လေသည်။ တစ်နည်းအားဖြင့် သတိဟူသည် အောက်မေ့ခြင်း အမှတ်ရခြင်းသဘောရှိပြီး အချက်အချာကျလှသော တံခါးစောင့် တံခါးမှူးနှင့် ပမာတူလေသည်။ ထိုသတိအရာ၌ ကောင်းစွာအစိုးရခြင်းဖြင့် စိတ်ရူးစိတ်နောက်ပျောက်စေပြီး ဘုရားရှင်၏ သာသနာတော်၌ မိမိတို့၏စိတ်ကို သတိတရားဖြင့် အစိုးတရရှိသော လူကောင်းလူမွန်ဖြစ်စေခြင်းသည် သတိနေ့၏ စွမ်းအားပင် ဖြစ်၏။

ထိုနည်းတူပင် သမာဓိနေ့ဟူသည် မဟာကုသိုလ်စိတ်(၈)ပါး၊ မဟာကြိယာစိတ် (၈)ပါး၊ အပွန်နာဇော (၂၆)ပါးတို့၌ရှိသော 'ဧကဂ္ဂတာစေတသိက်' ပင် ဖြစ်သည်။ တည်တံ့သောစိတ်၏ ဖြစ်မြောက်ကြောင်း တရားဖြစ်ခြင်းကြောင့်လည်း သမာဓိသည် ဧကဂ္ဂတာ မည်၏။ တစ်နည်းမူ တစ်ခုတည်းသော အာရုံကိုသာ ယူတတ်သည်ဖြစ်၍ မပျံ့မလွင့်တည်ကြည်သော သဘောဖြစ်၍လည်း နိဝရဏတရားများ ကင်းကွာပြီး အာနာပါနအစရှိသော သမထ အာရုံတို့၌ စိတ်သည် အထူးတည်ကြည်ငြိမ်သက်စေခြင်းဖြင့် ဈာန်-၄ပါး စိတ်ကိုနိုင်နင်းခြင်းသည် သမာဓိနေ့၏ အစွမ်းသတ္တိ ပင်ဖြစ်သည်။

အရေးအကြီးဆုံး ဣန္ဒြေဖြစ်သော ပညာနေ့ဟူသည်ကား မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်-၄ပါး ဖြစ်သော 'ပညာစေတသိက်'ဖြစ်ပါသည်။ ထိုပညာသည် အနိစ္စအစရှိသည်တို့၏ အစွမ်းဖြင့် အမျိုးမျိုး ထိုးထွင်း၍ သိတတ်သောကြောင့် ပညာမည်၏။ ဟုတ်မှန်သည့်သဘောကို ထိုးထွင်းသိမြင်ခြင်း၌ အကြီးအမှူးအဖြစ် အစိုးရခြင်းနှင့် ယှဉ်သောကြောင့် ပညာနေ့မည်ပါသည်။ သတိပဋ္ဌာန်အာရုံ၌ စိတ်၏ တွေဝေမှုကို ပညာနေ့ကပယ်သတ်၏။ သမထအရာမှ ပညာနေ့သည် ဣဒ္ဓိဝိဓ အစရှိသော အဘိညာဉ်(၅)ပါး ဖြစ်လာနိုင်သည်။ ထိုပညာနေ့သည် အရိယသစ္စာတရား (၄)ပါးအရာ၌ လွန်စွာထင်ရှားလှပေသည်။ ပညာနေ့ရှိသူ၌ သစ္စာ (၄)ပါးကို ထိုးထွင်းသိမြင်မှုနှင့် ပတ်သက်၍ နိုင်နင်းသောစိတ်ရှိ၏။ ဘာဝနာဉာဏ် ပညာကြီးလေ ဘဝခန္ဓာ၏ ဆင်းရဲကို သိမြင်လေပင် ဖြစ်၏။ ပညာနေ့ထက်မြက်သည်နှင့်အမျှ သစ္စာ(၄)ပါးကို ထူးကဲပိုင်နိုင်စွာ သိမြင်နိုင်ခြင်းသည်ပင်

ပညိန္ဒြေ၏ အစွမ်းသတ္တိဖြစ်ခြင်းကြောင့် ဣန္ဒြေ(၅)ပါးတွင် ပညိန္ဒြေသည် အမြတ်ဆုံးဖြစ်၏။

ထိုနည်းတူပင် ဣန္ဒြိယသံယုတ်တော်၌ ဣန္ဒြေ(၅)ပါးကို အကျဉ်းမျှဖွင့်ဆိုရပါလျှင် မြတ်ဗုဒ္ဓသည် ဣန္ဒြေ(၅)ပါးအရာ၌ ရှုမှတ်အပ်ပုံကို 'ဒဠ္ဌမ္ဘသုတ်တော်' တွင် ဤသို့မိန့်တော်မူခဲ့၏။ သဒ္ဓါန္ဒြေကို 'သောတာပတ္တိမဂ်၏ အကြောင်းတရား (၄)ပါး' အရာ၌လည်းကောင်း။ ဝီရိယန္ဒြေကို 'သမ္မပ္ပဓာန်တရား (၄)ပါး' အရာ၌လည်းကောင်း ရှုမှတ်အပ်၏။ ထို့အတူ သတိန္ဒြေကို 'သတိပဋ္ဌာန် တရား-၄ပါး' အရာ၌ ရှုမှတ်ရမည်ဖြစ်ပြီး၊ သမာဓိန္ဒြေကိုမူ 'ဈာန်လေးပါး' အရာ၌လည်းကောင်း ပညိန္ဒြေကို 'အရိယသစ္စာ တရား (၄)ပါး' အရာ၌ ရှုမှတ်အပ်၏ဟူ၍ လမ်းညွှန်ပြတော်မူထားခဲ့ပါသည်။

ထိုမျှမက ဣန္ဒြိယ ယမိုက်ကျမ်း၌ ဣန္ဒြေ(၅)ပါးနှင့်ပတ်သက်၍ ဖွင့်ဆိုထားခဲ့သည်မှာ -

၁။ သဒ္ဓါန္ဒြေသည် ယုံကြည်မှုဌာနကို အစိုးရ၏။ (မြတ်စွာဘုရား၏ ဗောဓိဉာဏ်တော်ကို ယုံကြည်၏။)

၂။ ဝီရိယန္ဒြေသည် ကျင့်ကြံအားထုတ်လုပ်ကိုင်ရေးဌာနကို အစိုးရ၏။

၃။ သတိန္ဒြေသည် မမေ့မလျော့ခြင်းဌာနကို အစိုးရ၏။

၄။ သမာဓိန္ဒြေသည်မူ တည်ကြည်ရေးဌာနကို အစိုးရ၏။

၅။ ပညိန္ဒြေမူကား တတ်သိလိမ္မာရေးဌာနကို အစိုးရ၏ဟူ၍

လမ်းညွှန်ပြသတော်မူခဲ့လေသည်။ ဤသို့လျှင် သဒ္ဓါန္ဒြေ သတိန္ဒြေ ပညိန္ဒြေဟူသော ဣန္ဒြေ-၃ပါးသည် ကောင်းသောအမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်ရာ၌ အကြီးအမှူးအရာ၌ အုပ်စိုးကြပြီး ဝီရိယန္ဒြေနှင့် သမာဓိန္ဒြေတို့သည် ကောင်းသောအမှုမျှသာမက မကောင်းသောအမှုကိစ္စတို့ကိုပြုလုပ်ရာ၌ ကြီးမှူးအုပ်စိုးကြ၏ဟူ၍ သိရှိအပ်ပေသည်။

ဣန္ဒြိယ ယမိုက်အလိုအားဖြင့် ဆိုင်ရာဌာနတို့၌ ဣန္ဒြေသဘောတို့သာလျှင် အစိုးရကြကုန်ပြီး သတ္တဝါအစိုးရသည်၊ ပုဂ္ဂိုလ်အစိုးရသည်ဟူ၍ မရှိပါပေ။ ထို့ကြောင့်လည်း အတ္တဒိဋ္ဌိအထင်ပျောက်၍ အနတ္တဝိဇ္ဇာဉာဏ်သို့ ဆိုက်ရောက်၏။ ထိုကဲ့သို့ မိမိအလိုသို့ မလိုက်သော အစိုးမရသော အနတ္တသဘောကို ထင်ရှားစေခြင်းအကျိုးငှာ ဣန္ဒြိယ ယမိုက်ဒေသနာကို မြတ်ဗုဒ္ဓမှ ဟောတော်မူခဲ့သည်ကို သိရှိမှတ်သားရပါသည်။

ထိုထက်ပို၍မူကား ပဋ္ဌာန်းဒေသနာတော်လာ ဣန္ဒြေ(၅)ပါးနှင့် ပတ်သက်၍ လေ့လာသိရှိရသည်မှာ ဣန္ဒြေ(၅)ပါးအား လွတ်မြောက်ကြောင်းဘာဝနာ ဣန္ဒြေ(၅)ပါးဟူ၍ ဖွင့်ဆိုထား၏။ ဘာဝနာအလုပ်စခန်းတွင် မဂ်နှင့်ယှဉ်တွဲပြီး ဖြစ်ပေါ်လာသော သဒ္ဓါတရားသည် လုံးဝခိုင်မြဲပြီး ထိုသဒ္ဓါအား 'အာဟာရဝတီ သဒ္ဓါ' ဟု ခေါ်ဆိုကြောင်းနှင့် ကျိုးကြောင်းဆီလျော်၍ ခိုင်မြဲသော သဒ္ဓါပင်ဖြစ်ကြောင်းလည်း ဖွင့်ဆိုထားသည်ကို လေ့လာသိရှိရ၏။ ထို့ပြင် ဝီရိယိန္ဒြေကိုမူ သဒ္ဓါတရားဖြင့် ကောင်းမွန်စွာစုစည်းထားသော့ စိတ်နေသဘာဝတို့ကို အဆင့်မြင့်သော ဘာဝနာ ဝီရိယစွမ်းအားဖြင့် အကောင်အထည်ဖော်လုပ်ဆောင်ပေးပြီးလျှင် ကမ္မဋ္ဌာန်းအာရုံ၌ ပညာဖြင့်ယှဉ်၍ 'အာသဝက္ခယဉာဏ်' သို့တိုင်အောင် တက်လှမ်းနိုင်၏ဟူ၍ ဝီရိယိန္ဒြေ၏ စွမ်းအားကို ဖော်ပြထားခဲ့လေသည်။

သတိန္ဒြေနှင့် ပတ်သက်၍မူ လေ့လာသိရှိရသည်မှာ သတိဟူသည် ကောင်းမြတ်သော စေတသိက်ဖြစ်ပြီး သဒ္ဓါတရား၏ကျေးဇူးဖြင့် ကောင်းသော အလေ့စရိုက်သို့ ရောက်ရှိပြီးသော စိတ်ကောင်း စိတ်မြတ်များကို

မူလမကောင်းသော အလေ့အကျင့်များရာ အာရုံဆီသို့ ပြန်လည်မရောက်ရှိစေရန် ထိုသတိတည်းဟူသော စွမ်းအားဖြင့် ထိန်းသိမ်းစောင့်ရှောက်ပေးရခြင်းပင် ဖြစ်သည်။ ပုထုဇဉ်တို့၏ သဘာဝအလျောက် လောဘ, ဒေါသအလိုသို့ရောက်၍ မကောင်းသောသဘာဝဖြင့် စိတ်တို့သည် အလေ့အကျင့်များတတ်ကြပေသည်။ ထို့ကြောင့်လည်း သတိ၏စွမ်းအားဖြင့် သာလျှင် ပုထုဇဉ်တို့၏ ကျင်လည်ကျက်စားလေ့ရှိသော စိတ်မိုက်စိတ်ရိုင်းတို့ကို ထိန်းသိမ်းနိုင်စွမ်းရှိပါသည်။ ထိုသို့မကောင်းသော မလိုအပ်သည့်အာရုံများ မဝင်ရောက်နိုင်စေယုံမျှမက သတိတရား၏ စွမ်းအားဖြင့် ဖြစ်ထွန်းလာသော မိမိတို့၏သန္တာန်မှ ကောင်းမြတ်သောစိတ်နှင့် ဦးတည်ချက်အာရုံတို့ကို မျက်ခြေပြတ်ပျောက်ဆုံးမသွားရန် တို့အတွက်ပါ ထိုသတိတည်းဟူသော သတိနွေ့၏စွမ်းအားဖြင့် ထိန်းသိမ်းစောင့်ရှောက်စေရန် အရေးကြီးလှပေသည်။ ထိုကဲ့သို့လျှင် သတိတည်းဟူသော ကောင်းမြတ်မှန်ကန်သည့် စေတသိက်တရားသည် ဣန္ဒြိယအနေဖြင့် အစိုးရပြီး ကျေးဇူးပြုပါသည်။

သမာဓိနွေ့ဟူသည် သမာဓိစွမ်းအားဖြင့် စိတ်ကို အစိုးရခြင်းဖြစ်သည်။ သမာဓိစေတသိက်သည် စိတ်အားလုံးနှင့်ယှဉ်သော 'ဧကဂ္ဂတာစေတသိက်' ဖြစ်ပြီး၊ ဝိစိကိစ္ဆာ၌ရှိသော စေတသိက်မှလွဲ၍ ကျန်အားလုံးတို့သည် သမာဓိနွေ့မည်၏။ ဝိပဿနာဘာဝနာလုပ်ငန်း၌ 'ဥပစာရသမာဓိ'ဖြင့် 'ကာမစ္ဆန္ဒနီဝရဏ' တရားများ ကင်းရှင်း၍ တည်ကြည်ငြိမ်သက်သော သမာဓိတရား၏ အစိုးရမှုဖြင့် ဘာဝနာအလုပ်၌ ကောင်းစွာပြီးမြောက်နိုင်မည်ဖြစ်ပေသည်။ ပညာနွေ့၏အနက်အဓိပ္ပါယ်အား ဖွင့်ဆိုရာ၌ အာရုံတို့၏ သဘောလက္ခဏာအမှန်ကို ပညာစွမ်းအားဖြင့်သာ သိရှိနိုင်ပြီး ထိုပညာဖြင့် အစိုးရသောစိတ်သည် ပညာနွေ့ဖြစ်ကြောင်းသိရှိရ၏။ ထိုပညာနွေ့ဖြင့် လောကီနယ်ပယ်၌ အောင်မြင်ဖြစ်ထွန်းမှုကို ပေးစွမ်းနိုင်သကဲ့သို့ လောကုတ္တရာနယ်၌လည်း အမြတ်ဆုံးသော မဂ်ဖိုလ်နိဗ္ဗာန်သို့တိုင်အောင် အရောက်လှမ်းနိုင်မည်မှာ ဧကန်ပင် ဖြစ်ပါပေ၏။

ကျွန်ုပ်တို့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များပီပီ ကျွန်ုပ်တို့၏ နောက်ဆုံးပန်းတိုင်သည်ကား ဒုက္ခဆင်းရဲအပေါင်းမှ အပြီးတိုင်ချုပ်ပျောက် ကုန်ဆုံးရာဖြစ်သော မြတ်နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ရေးပင် ဖြစ်ပါသည်။ ထို့ကြောင့်လည်း မြတ်ဗုဒ္ဓကိုယ်တော်တိုင် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးအား ဟောမိန့်တော်မူခဲ့သည်ကို ထပ်မံဖော်ပြလိုပါသည်။ မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည် ပုဗ္ဗကောဋ္ဌကအရပ်၌ သီတင်းသုံးနေတော်မူစဉ် ရှင်သာရိပုတ္တရာအား ဤသို့မိန့်တော်မူခဲ့၏။ 'သာရိပုတ္တရာ သဒ္ဓါနွေ့ ဝီရိယနွေ့ သတိနွေ့ သမာဓိနွေ့ ပညာနွေ့ဟူသော ဣန္ဒြေ (၅)ပါးတို့ကို ကြိမ်ဖန်များစွာ ပွားများလေ့ကျက်အပ်သည်ရှိသော် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်၏။ အမြိုက်နိဗ္ဗာန်လျှင် လဲလျောင်းရာရှိ၏။ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏' ဟူ၍ဖြစ်၏။

ထို့အတူပင် ဆန့်ကျင်ဘက်အားဖြင့် ဣန္ဒြေ (၅)ပါး ကင်းမဲ့သူ ပွားများအားထုတ်ခြင်း မရှိသူ၏ သန္တာန်၌မူ မကောင်းသောအာရုံ မကောင်းသော ကိလေသာတရားတို့၏ ပူးဝင်နှောင့်ယှက်မှုကြောင့် လောကီအကျိုးစီးပွား မဖြစ်ထွန်းရုံမျှမက လောကုတ္တရာ အကျိုးစီးပွားဖြစ်သော အမြိုက်နိဗ္ဗာန်ချမ်းသာနှင့်ကား အဝေးကြီး ဝေးကြမည်သာဖြစ်၏။ အဆိုပါ ဣန္ဒြေ(၅)ပါး ချို့တဲ့သူ၏ခန္ဓာကိုယ်သည် ကိုယ်ရောစိတ်ပါ မင်းမဲ့တိုင်းပြည်ကဲ့သို့ ပရမ်းပတာ ဖရိုဖရဲဖြင့် အရူးတစ်ယောက်၏ ရှင်သန်မှုမျိုးနှင့် တူနေပုံကို လယ်တီဆရာတော်ဘုရားကြီး၏ အဆုံးအမတော်များက ညွှန်ပြလျက်ရှိနေပါသည်။ ထို့ကြောင့်လည်း

သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာဟူသော ဣန္ဒြေ(၅)ပါးသည် မိမိတို့၏ခန္ဓာကိုယ်တည်းဟူသော တိုင်းပြည်တွင် မရှိမဖြစ်လိုအပ်လှသည့် သူတော်ကောင်းတရားများသာ ဖြစ်နေသည်မှာ ထင်ရှားလှပေသည်။ ထိုကြောင့်သာလျှင် လောကလူသားတိုင်းသည် မိမိတို့၏သန္တာန်၌ တန်ဖိုးကြီးမားလှသည့် အဆိုပါ ဣန္ဒြေ(၅)ပါးဖြင့် ပြည့်စုံခိုင်ခန့် တည်မြဲနေအောင် အစဉ်ကြိုးပမ်းအားထုတ်သင့်ကြပေသည်။ သဒ္ဓါတရားကို အားကောင်းအောင်၊ ဝီရိယကိုထက်သန်အောင် သတိကိုစွဲမြဲအောင်၊ သမာဓိကိုခိုင်မြဲအောင်၊ ပညာကိုထက်မြက်အောင် လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် မိမိတို့အလိုရှိအပ် တောင့်တအပ် မြတ်နိုးအပ်သော ပစ္စုပ္ပန်လောကီအကျိုးစီးပွားနှင့်တကွ သံသရာလောကုတ္တရာအကျိုးစီးပွားတို့ကို ရရှိခံစားနိုင်ကြမည်မှာ မလွဲဧကန်ပါပေတည်း။

ဤကဲ့သို့လျှင် လောကုတ်လောကီ နှစ်ဌာနတို့အတွက် မရှိမဖြစ် အရေးပါအရာရောက်လှသည့် ဣန္ဒြေ(၅)ပါးတို့၏ သန့်ရှင်းစင်ကြယ်ကြောင်းတရား-၁၅ ပါးရှိပုံကို မြတ်ဗုဒ္ဓမှ ညွှန်ပြထားတော်မူခဲ့၏။

သဒ္ဓါဣန္ဒြေ၏ စင်ကြယ်ကြောင်းတရား-၃ပါးမှာ -

၁။ မယုံကြည်သော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်း။

၂။ ယုံကြည်သော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ခြင်း။

၃။ ကြည်ညိုဖွယ် သုတ္တန်တို့ကို ဆင်ခြင်ခြင်းဟူ၍ လည်းကောင်း။

ဝီရိယဣန္ဒြေ၏ စင်ကြယ်ကြောင်းတရား-၃ပါးမှာ -

၁။ ပျင်းရိသော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်း။

၂။ ဝီရိယရှိသောပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ခြင်း။

၃။ ဝီရိယနှင့်စပ်သော သုတ္တန်တို့ကို ဆင်ခြင်ခြင်းဟူ၍လည်းကောင်း ညွှန်ပြထားခဲ့၏။

ထို့ပြင် သတိဣန္ဒြေ၏စင်ကြယ်ကြောင်းတရား-၃ပါးသည် -

၁။ သတိလွတ်သော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်း။

၂။ သတိအားကောင်းသော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ခြင်း။

၃။ သတိပဋ္ဌာန် သုတ္တန်တို့ကို ဆင်ခြင်ခြင်းဟူ၍ ဖြစ်ပါသည်။

သမာဓိဣန္ဒြေ၏ စင်ကြယ်ကြောင်းတရား-၃ ပါးကိုမူ -

၁။ မတည်ကြည်သော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်း။

၂။ တည်ကြည်သော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ခြင်း။

၃။ ဈာန် ဝိမောက္ခတို့ကို ဆင်ခြင်ခြင်းဟူ၍ လမ်းညွှန်ပြတော်မူခဲ့၏။

နောက်ဆုံးအနေဖြင့် ပညာဣန္ဒြေ၏စင်ကြယ်ကြောင်းအကြောင်းတရား ၃ပါးကို ဤသို့ ညွှန်ပြတော်မူခဲ့၏။

၁။ ပညာနည်းသော ပုဂ္ဂိုလ်တို့ကို ရှောင်ကြည်ခြင်း။

၂။ ပညာရှိ ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ခြင်း။

၃။ နက်နဲသောဉာဏ်ပညာနှင့် စပ်သောတရားတို့ကို ဆင်ခြင်ခြင်းတို့ ဖြစ်ပါသည်။

ဤသို့အားဖြင့် ဣန္ဒြေ (၅)ပါးတို့၏ စင်ကြယ်ကြောင်းတရား (၁၅)ပါးရှိပုံကို ဤသို့သောအခြင်းအရာများဖြင့် မြတ်ဗုဒ္ဓကိုယ်တော်တိုင် လမ်းညွှန်ပေးတော်မူခဲ့သည်ကို လေ့လာမှတ်သားနိုင်ပါသည်။

ထိုမျှမက ကျွန်ုပ်တို့၏ ဣန္ဒြေ (၅)ပါး ထက်သန်ခိုင်မြဲစေရန်အတွက် ပွားများလေ့ကျင့်ပုံ (၁၁)မျိုး

ရှိသည်ကိုလည်း ရှင်တော်ဗုဒ္ဓမှ ဟောမိန့်ထားခဲ့ပါသေးသည်။

၄င်းတို့မှာ -

၁။ မယုံကြည်ခြင်းကို စွန့်သောပုဂ္ဂိုလ်သည် သဒ္ဓါနေ့ကို ပွားများအပ်၏။

၂။ ပျင်းရိခြင်းကို စွန့်သောပုဂ္ဂိုလ်သည် ဝီရိယနေ့ကို ပွားများအပ်၏။

၃။ မေ့လျော့ခြင်းကို စွန့်သောပုဂ္ဂိုလ်သည် သတိနေ့ကို ပွားများအပ်၏။

၄။ ပျံ့လွင့်ခြင်းကို စွန့်သောပုဂ္ဂိုလ်သည် သမာဓိနေ့ကို ပွားများအပ်၏။

၅။ တွေဝေမှုကို မိုက်မဲမှုကို စွန့်သောပုဂ္ဂိုလ် ပညာနေ့ကို ပွားများအပ်၏ဟူ၍ ဖြစ်ပါသည်။

ထို့ကြောင့်လည်း လောကသားများဖြစ်သော ကျွန်ုပ်တို့အတွက် မျက်မှောက်သံသရာ၌ လွန်စွာ အရေးကြီးလှသည့်အလျောက် ကောင်းကျိုးချမ်းသာ အမျိုးမျိုးကို ပေးစွမ်းနိုင်သော အဆိုပါ ဣန္ဒြေ (၅) ပါးတို့သည် တစ်ဖက်စောင်းနင်းဖြင့် လွန်ကဲခြင်း မရှိစေရန်နှင့် အချိုးညီညီဖြင့် ညီညွတ်မျှတနေစေရန် အတွက် သတိတရားဖြင့် ထိန်းညှိပေးရန် လိုအပ်လှပေသည်။ ဤသည်ကိုပင် ရှေးပညာရှင်ကြီးများက အဆိုအမိန့်ရှိထားခဲ့သည်မှာ သဒ္ဓါနှင့်ပညာ ညီမျှစေရေးအတွက် -

'သဒ္ဓါ လွန်ကဲ၊ ပညာနည်း၊ တလွဲ ယုံတတ်သည်။'

'ပညာလွန်ကဲ၊ သဒ္ဓါနည်း၊ ကောက်ကွေ့စဉ်းလဲသည်။' ဟူ၍လည်းကောင်း၊

ဝီရိယနှင့်သမာဓိ ညီမျှစေရန်ကိုမူ -

'ဝီရိယလွန်ကဲ သမာဓိနည်း ပြန့်ကျဲနေတတ်သည်။'

'သမာဓိလွန်ကဲ ဝီရိယနည်း ပျင်းတွဲနေတတ်သည်။' ဟူ၍လည်းကောင်း လမ်းညွှန်မိန့်ဆိုခဲ့သည်ကို မှတ်သားရပါသည်။

ဤကဲ့သို့လျှင် သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့်သမာဓိတို့ အချိုးညီညီဖြင့် ယှဉ်တွဲနိုင်ရေးအတွက် ထိန်းချုပ်ကွပ်ကဲပေးရသော သတိတရားသည် အတိုင်းမသိ အရေးပါအရာရောက်လှသည်မှာ ထင်ရှားလွန်းလှပါပေ၏။ သတိဟူသည် ပိုသည်မရှိ၊ လိုသည်သာရှိသော သူတော်ကောင်းတရားဖြစ်နေခြင်းကြောင့် ကျွန်ုပ်တို့သည် အရာရာတွင် သတိရှိလေ ကောင်းလေ၊ သတိမြဲလေ အမှားနည်းလေဆိုသည်ကို ထာဝစဉ်သတိပြုသင့်ကြပေသည်။ ထိုမျှမက ဣန္ဒြေ (၅)ပါးတို့၏ ထက်မြက်ကြောင်းတရား (၉)ပါးရှိကြောင်းကိုလည်း မှတ်သားနိုင်ပါသေးသည်။ အထူးသဖြင့် မှာမူ လောကုတ္တရာ အကျိုးစီးပွားအတွက် ကမ္မဋ္ဌာန်းဘာဝနာ ပွားများ အားထုတ်ရာ၌ ထက်မြက်သော ဣန္ဒြေတို့နှင့် ပြည့်စုံမှ သာလျှင် ကျွန်ုပ်တို့ လိုလားတောင့်တအပ်သော တရားထူး တရားမြတ်များကို မဂ်ဖိုလ်ဆိုက်သည်အထိ လျင်မြန်စွာ ရရှိခံစားနိုင်ကြမည်မှာ ဧကန်မလွဲပါပေ။ ထိုကဲ့သို့ ဣန္ဒြေထက်မြက်ကြောင်း တရား(၉) ပါးနှင့် ပတ်သက်၍ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးမှ လက်ဆောင်ပုဒ်များဖြင့် ရေးဖွဲ့သိရှိစေခဲ့ပါသည်။

ထိုလက်ဆောင်ပုဒ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဖြစ်တိုင်းရုပ်နာမ်၊ ချုပ်ပျက်ဟန် ဧကန်ရှုရမည်။

၂။ ရှုမှတ်မှုမှာ၊ ရိုသေစွာ၊ ကောင်းစွာပြုရမည်။

၃။ မနားမရပ်၊ ကြားမပြတ်၊ ရှုမှတ်မြဲရမည်။

၄။ ဝိပဿနာ၊ ရှုမှတ်ရာ၊ သင့်ရာယူရမည်။

၅။ စိတ်တည်ငြိမ်ကြောင်း၊ နိမိတ်ဟောင်း၊ ကောင်းကောင်းမှတ်ရမည်။

၆။ သင့်လျော် လျောက်ပတ်၊ ဗောဒ္ဓေါင်မြတ်၊ မပြတ်ပွားရမည်။

၇။ ကိုယ်နှင့်အသက်၊ မင့်ကွက်၊ ရက်စက်နိုင်ရမည်။

၈။ ရှုစဉ်ပေါ်ရိုး ဆင်းရဲမျိုး လွမ်းမိုးနိုင်ရမည်။

၉။ လမ်းဆုံးမရောက်၊ လက်မမြောက်၊ တောက်လျှောက်သွားရမည် ဟူ၍ ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့မျှော်မှန်းတောင့်တအပ်သော အမြတ်ဆုံးပန်းတိုင်ဖြစ်သည့် မြတ်နိဗ္ဗာန်သို့ ဟောမှု၊ နာမှု၊ ကျင့်မှုဟူသော နည်းလမ်းတို့ဖြင့်သာလျှင် အရောက်လှမ်းနိုင်ကြမည် ဖြစ်ပါသည်။

နိုင်းချယ်အားဖြင့် ကျွန်ုပ်တို့သည် ဣန္ဒြေ (၅)ပါးဖြင့် ပြည့်စုံညီညွတ်သော ကောင်းမြတ်ထည်ဝါသည့် ယဉ်ကျေးသောစိတ်ဖြင့်သာလျှင် ရတနာမြတ်သုံးပါး အပေါ် မမှိတ်မသုန် ခိုင်မြဲသည့် ယုံကြည်မှုသဒ္ဓါတရားပိုင်ရှင် တကယ့်ဗုဒ္ဓဘာသာဝင်များအဖြစ် ဒါန၊ သီလ၊ ဘာဝနာ အစရှိသော ကုသိုလ်ပေါင်းစုမြတ်ကောင်းမှုတို့ကို စဉ်ဆက်မပြတ် တိုးပွားစည်ပင်အောင် ဖြည့်ကျင့်ဆည်းပူးနိုင်ကြပေမည်။ လောကလူသားတို့၏ သန္တာန်၌ လုံ့ဝိရိယစွာ ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သော 'ဂရုဓမ္မ နိစ္စသီလ' ဖြစ်သော (၅)ပါးသီလအရာ၌ အဆိုပါဣန္ဒြေ-၅ပါးနှင့် ပြည့်စုံညီညွတ်မှု မရှိပါက မည်သို့မျှ လုံ့ဝိရိယစွာ စောင့်ထိန်းနိုင်ကြမည် မဟုတ်ပါချေ။ ထိုကဲ့သို့ ရတနာမြတ်-၃ ပါးနှင့် မိမိတို့၏ ကိုယ်ကျင့်သီလအပေါ် မြတ်နိုးတန်ဖိုးထားလျက် စောင့်ရှောက်ထိန်းသိမ်းနိုင်ခြင်းသည်ပင် သဒ္ဓါတရားတည်းဟူသော သဒ္ဓိန္ဒြေဖြင့် ပြည့်စုံခြင်း၏ အမှတ်အသားပင် ဖြစ်ပေသည်။

ဤသို့လျှင် ဣန္ဒြေ (၅) ပါးဖြင့် အစိုးတရှိနေသော စိတ်ကောင်း စိတ်မြတ်ပိုင်ရှင်တို့၏ ပုံရိပ်ကောင်းများသည်ကား ကျွန်ုပ်တို့၏ မျက်မှောက်လောက ဝန်းကျင်နယ်ပယ်တွင်း၌ တင့်တယ်လှပထယ်ဝါစွာ ရှိနေကြသည်ကို ကျွန်ုပ်တို့အနေဖြင့် မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြမည်သာဖြစ်လေသည်။ ထို့ကြောင့်လည်း လူဘောင်လောကအတွင်း၌ မိမိတို့၏ ကိုယ်ပိုင်ဘဝမျှသာမက မိမိပတ်ဝန်းကျင်နှင့် လောက၏အလှကိုပါ အဆိုပါ ဣန္ဒြေ (၅)ပါးနှင့် ပြည့်စုံသော စိတ်ကောင်းစိတ်မြတ်ဖြင့်သာလျှင် တင့်တယ်လှပစွာ တည်ဆောက်နိုင်ကြမည်မှာ မလွဲအမှန်ဖြစ်သည်မှာ ယုံမှားသံသယဖြစ်ဖွယ် မရှိပါချေ။ ထိုကဲ့သို့ လူဘောင်လောကကို တင့်တယ်စွာ အလှဆင်ရှင်သန်သူများနှင့် ဆန့်ကျင်ဘက်အားဖြင့် ဣန္ဒြေ (၅)ပါးမှ ချို့ယွင်းပျက်ကွက်စွာဖြင့် အချည်းနှီး ရှင်သန်နေကြသူများ၏ ဘဝပုံရိပ်များသည်ကား မိုးနှင့်မြေပမာ ကွာခြားလျက်ရှိနေမည်သာဖြစ်လေသည်။

ထို့ကြောင့်လည်း လောကလူသားမှန်သမျှတို့သည် ရှင်သန်နေရသော ဘဝကိုယ်စီအတွင်း၌ အတ္တပရအကျိုးစီးပွားကိုလည်းကောင်း၊ မိမိတို့၏ ပစ္စုပ္ပန်အကျိုးစီးပွားနှင့် လောကုတ္တရာ အကျိုးစီးပွားကိုလည်းကောင်း ဣန္ဒြေ(၅)ပါးပြည့်စုံခြင်းဟူသော သူတော်ကောင်းတရားတို့ဖြင့် အစိုးတရရှိနေသော မြင့်မြတ်မှန်ကန်ထည်ဝါလှသည့် စိတ်နေသဘာဝ အမူအကျင့်တို့ဖြင့်သာလျှင် တင့်တယ်စွာ သယ်ပိုးရွက်ဆောင်နိုင်ကြမည်ဖြစ်ပါကြောင်း 'မြတ်နိဗ္ဗာန်သို့ ရောက်ကြောင်းအမှန် ဣန္ဒြေငါးတန်' အမည်ရှိသည့် ဤစာတမ်းကို လေ့လာဆည်းပူးရသမျှသော ဓမ္မဗဟုသုတများဖြင့် စွမ်းနိုင်သမျှ ရေးသားပြုစုလိုက်ရပါတော့သည်။

စာတမ်းအမည် - **ကံတို့၏ဆန်းကြယ်ပုံ**
ပြုစုသူ - **အဖွဲ့ (၆)**
ကြီးကြပ်သူ - **ဆရာမ ဒေါ်ယဉ်ယဉ်မော်**

အဖွဲ့(၆) ၏ အဖွဲ့ဝင်များ အမည်စာရင်း

စဉ်	အမည်	နံပါတ်	စဉ်	အမည်	နံပါတ်
၁။	အရှင်သိရိန္ဒ	DM - 26	၁၄။	ဒေါ်သီသီ	DM - 339
၂။	အရှင်ပညာသိဒ္ဓိ	DM - 20	၁၅။	ဒေါ်နီနီ	DM - 139
၃။	ဦးစောထွန်းဦး	DM - 293	၁၆။	ဒေါ်နွယ်နွယ်ဆွေ	DM - 249
၄။	ဒေါ်ဝင်းဝင်းရွှေ	DM - 395	၁၇။	ဒေါ်သင်းဝင်းအေး	DM - 368
၅။	ဒေါ်အေးအေးမာ	DM - 73	၁၈။	ဒေါ်အေးအေးနွယ်	DM - 77
၆။	ဒေါ်မိမိသိန်း	DM - 205	၁၉။	ဒေါ်အေးအေးသိန်း	DM - 81
၇။	ဒေါ်နုနုလှိုင်	DM - 254	၂၀။	ဒေါ်ရီရီစန်း	DM - 399
၈။	ဒေါ်မိမိဇင်	DM - 236	၂၁။	ဒေါ်ခင်ညို	DM - 151
၉။	ဒေါ်သင်းသင်းခိုင်	DM - 347	၂၂။	ဒေါ်မြသန်း	DM - 203
၁၀။	ဒေါ်ဇင်မာချို	DM - 410	၂၃။	ဒေါ်အေးအေးမာ	DM - 74
၁၁။	ဒေါ်ဆွေဆွေမိုး	DM - 285	၂၄။	ဒေါ်ဝိုဝိုလွင်	DM - 277
၁၂။	ဒေါ်မေမြတ်မွန်	DM - 235	၂၅။	ဒေါ်လှလှဝင်း	DM - 115
၁၃။	ဒေါ်စန္ဒာအောင်	DM - 311	၂၆။	ဒေါ်ယုလွင်လွင်နိုင်	DM - 190

ကံတို့၏ ဆန်းကြယ်ပုံ

အဖွဲ့ (၆)

သုတေသနစာတမ်းအကျဉ်း

ဤစကြာဝဠာနှင့် အခြားသော အနန္တစကြာဝဠာ၊ အနန္တသတ္တဝါတို့သည် လောကနိယာမကြီး (၅)မျိုး ဖြစ်သော ကမ္မနိယာမ၊ စိတ္တနိယာမ၊ ဥတုနိယာမ၊ ဗီဇနိယာမနှင့် ဓမ္မနိယာမတို့အတိုင်း ဖြစ်ပျက်တည်ရှိနေပါသည်။ ထိုနိယာမ (၅)မျိုးအနက် ကမ္မနိယာမဟူသော ကံအကြောင်းတရားကြောင့် သတ္တလောကဖြစ်ပေါ်လာ၍ သတ္တဝါတို့၏ စိတ်ဆန္ဒအရ သြကာသလောကကြီး ထပ်ဖြစ်လာရပါသည်။ ထိုကဲ့သို့ သက်ရှိသက်မဲ့များ ပေါ်ပေါက်ဖြစ်ပေါ်လာ၍ ပျက်သုဉ်းခြင်း၊ မတည်မြဲခြင်း ဟူသော သင်္ခါရလောကဖြစ်လာရပြန်သည်။ ဤဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် ကံဟူသော အကြောင်းတရားသည် အလွန်အရေးပါသောတရားဖြစ်ကြောင်း သိသာလှပါသည်။ သို့သော် ထိုကံနှင့်ပတ်သက်၍ အခြားသောဘာသာဝင်များသည် ယုံကြည်လက်ခံခြင်းမရှိဘဲ အရာရာတိုင်းသည် သူတို့ကိုးကွယ်နေကြသော ဖန်ဆင်းရှင် တန်ခိုးရှင်များက စီမံနေကြသည်ဟု ယုံကြည်နေကြပါသည်။

မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များကြား၌ ကံနှင့်ပတ်သက်၍ ဂဃနဏ မသိသောကြောင့် ယုံမှားသံသယရှိသူများ သံသယကင်းစေရန်နှင့် မိမိဘဝကို ဖန်ဆင်းနေသော ဖန်ဆင်းရှင်မှာ မည်သူမှမဟုတ်မိမိပြုသောကံများကသာ ဖန်ဆင်းရှင်ဖြစ်ကြောင်း သိရှိနားလည်စေရန်၊ သတ္တဝါအမျိုးမျိုးမှ ကံအမျိုးမျိုး ပြုကြသောကြောင့် အကျိုးပေးမတူအောင် ပေးသော ကံ၏ ပရိယာယ်ကို နားလည်စေရန်၊ ပုဂ္ဂိုလ်သတ္တဝါဖြစ်ကြောင်း၌ ဝေးသောအကြောင်းဖြစ်သည့် အဝိဇ္ဇာနှင့်တဏှာကို တရားစခန်းများ၌ အဓိကထားသင်ကြားကြ၍ သိရှိရင်းနှီးပြီးဖြစ်သော်လည်း နီးသောအကြောင်းဖြစ်သည့် ကံအကြောင်းကို ဗုဒ္ဓဘာသာဝင် တော်တော်များများ သိရှိနားလည်မှု နည်းသောကြောင့် သိရှိနိုင်စေရန် ရည်ရွယ်ပြီး ဒီခေါင်းစဉ်လေးကို ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။

ကံတို့၏ဆန်းကြယ်ပုံကို အခန်း(၉)ခန်း ထည့်သွင်းရေးသားထားပါသည်။

အခန်း(၁)

ကံရှုထောင့်

(၁) ကံဆိုသည်မှာ

(၂) ကံ၏စွမ်းအား

(၃) ကံ၏တည်ရာ

(၄) ကံမည်ပုံ

(၅) ကံဆိုတာဖယ်ရှားလို့မရ

(၆) ကံနှင့်ကိလေသာအရေးပါပုံ

(၇) ကံသခ်ါရဘဝ

ဆိုပြီး အခန်း၈ယ် (၇)ခန်းနှင့် ဖွဲ့စည်းထား ပါသည်။

၁-၁။ ကံဆိုသည်မှာ

ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာ မြတ်သုံးပါးနှင့်တကွ ကံနှင့်ကံ၏ အကျိုးတရားတို့ကို လက်ခံယုံကြည်မှုသာလျှင် ဗုဒ္ဓဘာသာဝင် ဖြစ်ပါ သည်။ ကံနှင့် ပတ်သက်၍ ကံကောင်းသည်၊ ကံဆိုး သည်၊ ကံနိမ့်သည်၊ ကံမြင့်သည်။ အခြေအနေတစ်ခုမှ လျှောကျပျက်စီးသွားလျှင် ကံဆိုးသည်၊ တိုးတက် မြင့်မားသွားလျှင် ကံကောင်းလာသည်။ လုံ့ထမ်းလာ သည်ကို မြင်နိုင်သော်လည်း ကံထမ်းလာသည်ကို မမြင်နိုင်စသည်ဖြင့် ပြောစမှတ် ပြုကြပါသည်။ ကောင်းမှုကုသိုလ်ပြုလုပ်လျှင်ကောင်းကျိုးခံစားမည်။ မကောင်းမှုပြုလုပ်လျှင် မကောင်းကျိုး ခံစားရမည်ဟု ဘုရားရှင်က ဟောကြားထားသော်လည်း လောကၽွ ကောင်းတာလုပ်ပြီး မကောင်းဖြစ်နေသူများ၊ မကောင်းလုပ်ပြီး ကောင်းကျိုးပေးနေမှုများသည် မည်သည့်ကံများက အကျိုးပေးနေ၍ ဖြစ်နေရခြင်းကို ရေးသား ဖော်ပြထားပါသည်။

၁-၂။ ကံ၏စွမ်းအား

လောကမှာ ဣဒ္ဓိဟူသောတန်ခိုးသည် အင်မတန် ကြီးမားလှပါသည်။ မြေလျှိုးခြင်း၊ မိုးပျံခြင်း၊ တောင် များကို ဖောက်ထွက်ခြင်း၊ ရေပြင်ကို မြေပြင်ပြု၍ လမ်းလျှောက်နိုင်ခြင်း စသည်တို့ပြုနိုင်ပါသည်။ ဒါပေမယ့် ကံနှင့်နှိုင်းယှဉ်လျှင် အင်အားသေးသွားပါ သည်။ ဘုရားရှင်ပြီးလျှင် တန်ခိုးအရာမှာ အကြီးဆုံး ရှင်မောဂ္ဂလာန်ဟာ အတိတ်က ပြုလုပ်သော အကု သိုလ်ကံစွမ်းကို မလွန်ဆန်နိုင်ဘဲ ခိုးသားဓားပြရိုက် သတ်၍ ပရိနိဗ္ဗာန်ပြုခဲ့ရပါသည်။ ဘုရားရှင် ကိုယ် တိုင် ဝိပါက်တော် (၁၂)ပါးကို မလွန်ဆန်နိုင်ပါဘူး။ ထိုအရာကိုကြည့်ခြင်းဖြင့် ကံ၏စွမ်းအားကို သိနိုင် ပါသည်။

၁-၃။ ကံတည်ရာ

ကံဟာ ဘယ်မှာနေပြီး ဘယ်လိုစီရင်တယ်ဆိုတာနဲ့ ပတ်သက်ပြီး မိလိန္ဒမင်းကြီးမှ မေးလျှောက်ထား၍ ရှင်နာဂသေနမထေရ်မြတ် ပြန်လည်ဖြေကြားပုံမှာ - ကံသည် သတ္တဝါတိုင်းအား အရိပ်ကဲ့သို့ ထပ်ချပ် မကွာ နောက်မှလိုက်၍ အကျိုးပေးနေလျှက်ရှိသော် လည်း ထိုကံ၏တည်နေရာကိုမူ တပ်အပ်မပြောနိုင်၊ ဥပမာနှင့်သာ ပေးနိုင်ကြောင်း - အသီးမသီးသော သရက်ပင်တစ်ပင်တွင် သီးမည့်သရက်သီးများသည် ပင်စည်တွင်လည်းကောင်း၊ အကိုင်း၊ အခက်၊ အရွက်၊ အညွှန့်၊ အမြစ်တို့တွင်လည်းကောင်း မည်သည့်နေရာ တွင် ရှိသည်ဟု မပြောနိုင်သကဲ့သို့ ကံသည်လည်း ထိုနည်းတူပင် ဖြစ်သည်ဟု ဖြေကြားခဲ့ပါသည်။

၁-၄။ ကံမည်ပုံ

ဘုရားရှင်က စေတနာကို ကံလို့ပဲ ဟောပါတယ်။ စေတနာကို ဘာကြောင့် ကံလို့ခေါ်ရမလဲဆိုလျှင် စေတနာကအားလုံးကို စုစည်းပေးသော သဘောရှိတယ်။ သဘာဝတရားများကို စုစည်းပေး ခြင်းဖြင့် စွမ်းအင် သတ္တိရလာမည်။ သူကိုယ်တိုင်က စွမ်းဆောင်မှုရှိ၍ အခြားသဘာဝတရားကိုလည်း စွမ်းဆောင်မှုရှိလာအောင် စွမ်းအားတွေပေးသဖြင့် ထိုစွမ်းအားများ စုမိသွားသောအခါ စိတ်ကတွေးမှု မနောက်၊ နှုတ်ကပြောမှု ဝစီကံ၊ ကိုယ်ဖြင့်ပြုမှု ကာယကံဆိုသော သဘောတရားမျိုး ပေါ်ပေါက်

လာပါတယ်။ ကမ္မဆိုသော စကားလုံးဟာ ပြုလုပ်မှု သက်သက်ကိုမဆိုဘဲ ပြုလုပ်မှုနောက်ကွယ်ကနေ ဖြစ်ပေါ်နေအောင် စွမ်းဆောင်နေသော စေတနာကိုပင် ဆိုလိုခြင်းဖြစ်ပါသည်။

၁-၅။ ကံဆိုတာဖယ်ရှားလို့မရ

ဝဋ်သုံးပါးတွင် ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဟူ၍ (၃)မျိုးရှိရာ ဘယ်ဝဋ်ကို ဖယ်ရှားရမှာလဲ လို့ဆိုရင် ကိလေသာဝဋ်ကို ဖယ်ရှားရပါမည်။ ဖယ်ရှားလိုက်တာနှင့် တစ်ပြိုင်နက် ကံတရားတွေဟာ အလုပ်မဖြစ်နိုင်ပါ၊ စွမ်းဆောင်မှုမရှိတော့ပါ။ ကံတွေအကျိုးမပေးနိုင်သာ ကံကိုဖယ်ရှားနိုင်သည်ဟု ဆိုသော်လည်း တကယ်တော့ ကံကို ဖယ်ရှား၍ မရနိုင်ပါ။

၁-၆။ ကံနှင့် ကိလေသာအရေးပါပုံ

သံသရာဝဋ်မှ လွတ်ဖို့ဆိုလျှင်လည်း ကံနှင့် ကိလေသာပြုသောအကြောင်း (၂)ပါးထဲမှ ကိလေသာကို ပယ်ဖျက်ဖို့ အင်မတန်အရေးကြီးပါတယ်။ ကိလေသာ၏ အကူအညီမပါဘဲ ကံတစ်ခုထဲကနေ မထုတ်လုပ်နိုင်ပါ။ မျိုးစေ့က သူ့ဘာသာသူ အပင်မပေါက်နိုင်ပါ။ မြေနှင့်ရေထိတွေ့မှ မြေ၏ အကူအညီ၊ ရေ၏ အကူအညီရမှ မျိုးစေ့ကအပင်ကို ဖြစ်ပေါ်စေပါသည်။ ကံတရားက သီးသီးသန့်သန့် ကံချည်းရှိနေပါသည်။ ကိလေသာအကူ မပါ ပါက ထိုကံတရားသည် အကျိုးတစ်စုံတစ်ရာကို ပေးစွမ်းနိုင်ခြင်းမရှိပါ။ ထိုသဘောကိုသိဖို့ အင်မတန်အရေးကြီးပါသည်။

၁-၇။ ကံ-သခ်ါရ-ဘဝ

ကံကို သခ်ါရလို့ဟောသကဲ့သို့ ဘဝကိုလည်း ဟောပါသည်။ ဘဝမှာ ဥပပတ္တိဘဝနှင့် ကမ္မဘဝဟူ၍ (၂) မျိုးရှိပြီး ကံကထုတ်လုပ်လိုက်သော ခန္ဓာကို ဥပပတ္တိဘဝဟုခေါ်ပြီး ကံတရားကိုတော့ ကမ္မဘဝဟု ခွဲခြားပြီး ကြည့်ရမည်ဖြစ်ပါသည်။ သို့သော် ဘဝပစ္စယာဇာတိဆိုသော စကားလုံး၌ ဘဝဆိုသည်မှာ ဥပပတ္တိဘဝကို ဆိုလိုသည်မဟုတ်ဘဲ ကံကိုဘဲ ဆိုလိုခြင်းဖြစ်ကြောင်း အဋ္ဌကထာကျမ်းတွေမှာ ရှင်းလင်းဖော်ပြထားပါသည်။

ကမ္မစတုက္ကဖြစ်တဲ့ ကံ (၄)မျိုးမှာ -

(၁) ကိစ္စစတုက္က

(၂) ပါကဒါနပရိယာယစတုက္က

(၃) ပါကကာလ စတုက္က

(၄) ပါကဌာနစတုက္က ဖြစ်ပါသည်။

အခန်း(၂)

ကိစ္စစတုက္က - ကိစ္စ၏စွမ်းအားဖြင့်ဆောင်ရွက်ခြင်း (၄)မျိုး

(၁) ဇနကကံ

(၂) ဥပတ္ထမ္ဘကကံ

(၃) ဥပဃာတကကံ

(၄) ဥပဃာတကကံ (သို့မဟုတ်) ဥပစ္ဆေဒကကံ

၂-၁။ ဇနကကံ

ပဋိသန္ဓေအခါ၊ ပဝတ္တိအခါတို့၌ ဝိပါက်နာမက္ခန္ဓာ၊ ကဋ္ဌတ္ဘာရုပ်စသော အကျိုးဝိပါက်တို့ကို မိမိကိုယ်တိုင် ဖြစ်စေတတ်သော ကုသိုလ်၊ အကုသိုလ်ကံ ဖြစ်ပါသည်။

၂-၂။ ဥပတ္ထမ္ဘကကံ

ကိုယ်တိုင်အကျိုးပေးခြင်းငှာ မစွမ်းနိုင်သော်လည်း ဇနကံ အကျိုးပေးခွင့်ရစေရန်လည်းကောင်း၊

အကျိုးပေးခွင့်ရပြန်သော်လည်း အကျိုးပေးထက်သန်စေရန်လည်းကောင်း၊ အကျိုးပေးပြီးသော ဇနကက်၏ အကျိုးဝိပါက်တို့ကို ကြာရှည်စွာဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း၊ ကူညီထောက်ပံ့ပေးသော ကုသိုလ်၊ အကုသိုလ်ကဖြစ်ပါသည်။

၂-၃။ ဥပဝိဋ္ဌကက်

ဇနကက် အကျိုးပေးခွင့်မရစေရန်လည်းကောင်း၊ အခွင့်ရပြန်သော်လည်း အကျိုးပေး မထက်သန်စေရန်လည်းကောင်း၊ ဇနကက်၏ အကျိုးပေးဝိပါက်တို့ကို မဖွံ့ဖြိုး၊ မတိုးတက်လာစေရန်လည်းကောင်း၊ ကပ်၍ နှိပ်စက်တတ်သောကုသိုလ်၊ အကုသိုလ်ကဖြစ်ပါသည်။

၂-၄။ ဥပဃာတကက် (သို့မဟုတ်) ဥပဌေဒကက်

နှိပ်စက်ရုံသာမက ဇနကက်ကို လုံးဝအကျိုးမပေးနိုင်စေရန်လည်းကောင်း၊ ဇနကက်၏ ပေးပြီးသော အကျိုးဝိပါက်တို့ကို ပြတ်စဲသွားစေရန်လည်းကောင်း၊ ကပ်၍သတ်ဖြတ်တတ်သော ကုသိုလ်၊ အကုသိုလ်က ဖြစ်ပါသည်။

အခန်း(၃)

ပါကဒါနပရိယာယစတုက္ကာ- အကျိုးပေးအလှည့် အစဉ်အားဖြင့် ဆောင်ရွက်ခြင်း (၄)မျိုး

(၁) ဂရုက်
(၂) အာသန္နက်
(၃) အာစိဏ္ဏက်
(၄) ကဋတ္တာက်

၃-၁။ ဂရုက်

တစ်ပါးသောက်တို့က မတားမြစ်နိုင်လောက်အောင် အလွန်အကျိုးအပြစ်ကြီးလေးသော ကံကို ဂရုက်လို့ ခေါ်ပါသည်။ ဂရုက် (၂)မျိုးရှိပါသည်။ ကုသိုလ်ဂရုက်ဆိုတာ မဟာဂျုတ်စျာန် ကုသိုလ်ကဖြစ်ပြီး၊ အကုသိုလ် ဂရုက်ကတော့ ပဌာနန္တရိယက် (၅)ပါးနှင့် နိယတမိစ္ဆာဒိဋ္ဌိ (၃)ပါးတို့ ဖြစ်ပါသည်။

၃-၂။ အာသန္နက်

သေခါနီးကာလ၌ ရှေးကပြုဖူး၍ သေခါနီးမှ အမှတ်ရကာ အဟောင်းပေါ်လာသောကံနှင့် သေခါနီးမှ ပြုလုပ်နေဆဲဖြစ်သော ကုသိုလ်၊ အကုသိုလ်ကဖြစ်ပါသည်။

၃-၃။ အာစိဏ္ဏက်

နေ့စဉ်မပြတ်ဝတ်ထား၍ စွဲစွဲမြဲမြဲပြုလုပ်သော ကုသိုလ်၊ အကုသိုလ်က၊ တစ်ကြိမ်ပြုပြီး ထပ်ခါထပ်ခါ သတိရသော ကုသိုလ်၊ အကုသိုလ်ကဖြစ်ပါသည်။

၃-၄။ ကဋတ္တာက်

အတိတ်ဘဝ၊ ပစ္စုပ္ပန်ဘဝတို့၌ ဂရုက်၊ အာသန္နက်၊ အာစိဏ္ဏက်တို့၏အခြေသို့ မရောက်တတ်ဘဲ အမှတ်မထင် သာမာန်မျှပြုလုပ်သော ကုသိုလ်၊ အကုသိုလ်ကဖြစ်ပါသည်။

အခန်း(၄)

ပါကကာလစတုက္ကာ - အကျိုးပေးရာ အချိန်ကာလ အားဖြင့် ဆောင်ရွက်ခြင်း (၄)မျိုး

(၁) ဒိဋ္ဌဓမ္မဝေဒနီယက်
(၂) ဥပပဇ္ဇဝေဒနီယက်
(၃) အပရာပရိယဝေဒနီယက်
(၄) အဟောသိက်

၄-၁။ ဒိဋ္ဌမङ္ဂေဒနိယက်

ရှေ့သွားထောက်ပံ့မှုမရသဖြင့် အားမကောင်း၊ ဘဝသစ်အကျိုးကိုမပေးနိုင် ယခုဘဝ အကျိုးပေးသော ပထမဇောစေတနာ ဖြစ်ပါသည်။

၄-၂။ ဥပပဇ္ဇေဒနိယက်

ရှေးရှေးဇောတို့ဟာ အဆင့်ဆင့် ထောက်ပံ့မှု အနန္တရ ကမ္မသတ္တိရသဖြင့် အင်အားကောင်း၍ ဒုတိယဘဝ၌ အကျိုးပေးသော သတ္တမဇောစေတနာ ဖြစ်ပါသည်။

၄-၃။ အပရာပရိယဝေဒနိယက်

အသေဝနသတ္တိရ၍ တတိယဘဝမှစ၍ နိဗ္ဗာန် မရမီစပ်ကြား၊ ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးပေးသော အလယ်ဇော (၅) ချက်စေတနာ ဖြစ်ပါသည်။

၄-၄။ အဟောသိက်

အချိန်အခါလွန်သွား၍လည်းကောင်း၊ အရဟတ္တ မဂ်ဉာဏ်ဖြင့် တဏှာအကြောင်းရင်းကို ပယ်၍ အသေဝန သတ္တိမရ အကြောင်းချို့၍ အကျိုးမပေး သော ရှေ့ဇော (၇)ချက် စေတနာဖြစ်ပါသည်။

အခန်း(၅)

ပါကဋ္ဌာနစတုက္ကာ - အကျိုးပေးရာ ဘုံဌာနအားဖြင့် ၄ (၄)မျိုး

(၁) အကုသိုလ်ကံ

(၂) ကာမာဝစရကုသိုလ်ကံ

(၃) ရူပါဝစရ ကုသိုလ်ကံ

(၄) အရူပါဝစရ ကုသိုလ်ကံ

၅-၁။ အကုသိုလ်ကံ

လောဘ၊ ဒေါသ၊ မောဟ ဆိုသော အကုသိုလ် (၁၂)ပါး၊ ကမ္မဒ္ဒါရ၏ အစွမ်းအားဖြင့် - အကုသိုလ် ကာယကံ၊ ဝစီကံ၊ မနောကံ (၃)ပါး၊ စိတ္တုပ္ပါဒ်ဒ္ဒါရ၏အစွမ်းအားဖြင့် - အကုသိုလ်ကံ စေတနာ (၁၂)ပါး၊ မကောင်းသော စရိုက်အကျင့် ဖြစ်သော ဒုစရိုက် (၁၀)ပါးတို့ ဖြစ်ပါသည်။

၅-၂။ ကာမာဝစရကုသိုလ်ကံ

ကမ္မဒ္ဒါရအစွမ်းအားဖြင့် - ကုသိုလ် ကာယကံ၊ ဝစီကံ၊ မနောကံ (၃)ပါးနှင့် ဒါန၊ သီလ၊ ဘာဝနာတို့ ၏ အစွမ်းအားဖြင့် ပုညကြိယာ (၁၀)ပါး၊ သုစရိုက် (၁၀)ပါးတို့ ပါဝင်ပြီး၊ စိတ္တုပ္ပါဒ်အစွမ်းအားဖြင့် ကာမကုသိုလ်ကံ (၈)ပါးတို့ ဖြစ်ပါသည်။

၅-၃။ ရူပါဝစရကုသိုလ်ကံ (၅)ပါး

(က) ကမ္မဒ္ဒါရအစွမ်းအားဖြင့် အလွန်နူးညံ့သိမ်မွေ့လှသဖြင့် ကာယဒ္ဒါရ၊ ဝစီဒ္ဒါရမဖြစ်၊ မနောဒ္ဒါရ၌သာ ဖြစ်သောကြောင့် မနောကံ (၁)မျိုးသာ ရှိပါသည်။

(ခ) ဒါန၊ သီလ၊ ဘာဝနာ အစွမ်းအားဖြင့် ဘာဝနာ (၁)မျိုးသာရှိပါသည်။ ကမ္မကုသိုလ် မနောကံ၊ ဘာဝနာမယမျိုးမဟုတ် ဈာန်အပွနာသို့ ရောက်သော မနောကံ ဘာဝနာမယ ဖြစ်ပါသည်။

(ဂ) စိတ္တုပ္ပါဒ်အစွမ်းအားဖြင့် ရူပကုသိုလ်ကံ (၅)ပါးလည်း ရှိပါသည်။ (ပ-ဈာန်မှ ပဉ္စမဈာန်ထိ ပါဝင်ပါသည်။)

၅-၄။ အရူပါဝစရကုသိုလ်တံ (၄)မျိုး

(က) ကမ္မဋ္ဌာန်းအစွမ်းအားဖြင့် မနောက် (၁) မျိုးသာ ဖြစ်ပါသည်။

(ခ) ဒါန၊ သီလ၊ ဘာဝနာအစွမ်းအားဖြင့် ဈာန်အပွားနာက် ဘာဝနာမယ ဖြစ်ပါသည်။

(ဂ) စိတ္တုပ္ပါဒ်ဌာန်းအစွမ်းအားဖြင့် အရူပ ကုသိုလ်တံ (၄)ပါး ရှိပါသည်။

အာကာသာနဉ္စာယတနဈာန်၊ ဝိညာဏဉ္စာယတန ဈာန်၊ အာကိဉ္စညာယတနဈာန်၊ နေဝသညာ နာသညာ ယတနဈာန်တို့ဖြစ်ပါသည်။

ဘုရား၊ ရဟန္တာတို့မှာလည်း ရှေးရှေးဘဝက ပြုခဲ့သော ကုသိုလ်၊ အကုသိုလ်တံတို့၏ အကျိုး တရားများကို ခံယူကြရပါသည်။ ယခုဘဝတွင် ဘုရား၊ ရဟန္တာ မဖြစ်မီ၊ တစ်ချိန်က ပြုခဲ့သောကံများ သည် နောက်ထပ် ဘဝမဖြစ်တော့၍ အကျိုးပေးစရာ မလိုတော့ပေ။ ဘုရား၊ ရဟန္တာဖြစ်ပြီးနောက် အကု သိုလ်အပြုအမူမျိုး လုံးဝမရှိတော့သဖြင့် အကုသိုလ်တံ မရှိကြောင်း သိရပါသည်။ ကုသိုလ်အပြုအမူမျိုးကို ဘုရား၊ ရဟန္တာတို့သည် ပြုကြမည်သာဖြစ်သည်။ ဘုရား၊ ရဟန္တာတို့ပြုသောကံသည် ကုသိုလ်တံ၊ အကုသိုလ်တံ မဖြစ်တော့ပါ။ ပြုခြင်းသည် ကြိယာမျှ သာဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော ဘုရား၊ ရဟန္တာတို့ မှာ လိုချင်မှု ဆန္ဒ၊ တပ်မက်မှု ရာဂတို့ကို လုံးဝမရှိသောကြောင့် ဖြစ်ပါသည်။

အခန်း (၆)

(၁) ကိုယ့်တံ ကိုယ်ပိုင်ကိုယ်ကနိုင်၊

(၂) ကံထိန်းသုံးဖြာ သာသနာ၊

(၃) ကံကိုထိန်းတတ် ဘဝမြတ်၊

(၄) ကံထိန်းပိုင်လှ ဗာကုလ၊

(၅) ကံထိန်း (၃)ခု ပိုင်အောင်ပြု

ဆိုတဲ့ ယောဆရာတော်ဘုရားကြီးရဲ့ ကံပိုင်း ဆိုင်ရာ လေ့လာမှတ်သားဖွယ်ရာ ကဗျာလေးတွေဖြစ်ပါ သည်။ မိမိကံကို မိမိပိုင်အောင်နိုင်အောင် အသိဉာဏ် ဖြင့် ထိန်းချုပ်ထားသင့်ကြောင်း၊ သို့မှသာ ကံသည် မိမိပိုင်ဖြစ်၍ ကံကို မိမိကနိုင်တော့မှသာ မိမိအလိုကျ လောကီပန်းတိုင်၊ လောကုတ္တရာပန်းတိုင်များသို့ အရောက်နှင်နိုင်တော့မည်ဖြစ်ကြောင်း မိမိကံကို ကံထိန်းခလုတ် မတပ်ဆင်ပဲ လွတ်ထားပါက လေ တိုက်ရာလွင့်နေသော သစ်ရွက်ခြောက်ပမာ ဦးတည် ချက်မရှိ လမ်းကြောင်းမသိပဲ ကံချယ်လှယ်သမျှ ခံနေရ၍ ဒုက္ခလွတ်လမ်းမရှိတော့ကြောင်းကို ဖော်ပြ ထားပါသည်။ ဒါအပြင် မြတ်စွာဘုရားရဲ့ သာသနာ တော်(၃)ရပ်ဖြစ်တဲ့ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေ တို့ကိုလည်း မျက်စိဥပမာ၊ ခြေထောက်ဥပမာ၊ ကိစ္စ ပြီးမြောက်မှုတွေနဲ့ ခိုင်းနှိုင်းပြီးဖော်ပြထားပါသည်။ ဗာကုလမထေရ်မြတ်ရဲ့ ကံထိန်းခလုတ် အသိဉာဏ် ကောင်းလှသဖြင့် တစ်အသက်ရှည်နှင့်ကမ္ဘာတစ်သိန်း ကာလပတ်လုံး အပါယ်မကျပဲ အထက်တန်းကျကျ နေထိုင်သွားရကြောင်း၊ နောက်ဆုံးဘဝ၌ ငါးမြို့ခံရ သည့်တိုင် အနာရောဂါဒဏ်ရာ တစ်စက်မျှမရဘဲ အသက်ရာကျော်အောင် နေထိုင်ရပြီး ရဟန္တာဘဝဖြင့် နိဗ္ဗာန်သို့ စံမြန်းရပုံကို စပ်ဆိုထားပါသည်။

အခန်း (၇)

သုဘလုလင်မှ မြတ်စွာဘုရားအား လျှောက်ထား သော မေးခွန်းများနှင့် မြတ်စွာဘုရားမှ ပြန်လည် ဖြေကြားထားပုံကိုလဲ မှတ်သားဖွယ်တွေ့မြင်ရမှာ ဖြစ်ပါသည်။

လူချင်းတူပါလျှက် တချို့က အသက်တို၍ အချို့က အသက်ရှည်ကြသည်။

တချို့က ရောဂါထူပြီး တချို့က ရောဂါကင်းပါသည်။

တချို့က ရုပ်ဆိုးပြီး တချို့က ရုပ်အဆင်း လှကြပါသည်။

တချို့က အခြေအရံနည်းပြီး တချို့က အခြံအရံများကြပါသည်။

တချို့က ဆင်းရဲပြီး တချို့က ချမ်းသာကြပါသည်။

တချို့က အမျိုးယုတ်ပြီး တချို့က အမျိုးမြတ်ကြပါသည်။

တချို့က ပညာဉာဏ်နည်းပြီး တချို့က ပညာဉာဏ်ကြီးကြပါသည်။

ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာပါလဲ တန်ခိုးရှင် ဖန်ဆင်းရှင်မှ ဖန်ဆင်း၍လော၊ ဒါမှမဟုတ် အခြားတစ်စုံတစ်ရာအကြောင်းကြောင့်လောဟု မေးလျှောက်ရာ ဘုရားရှင်မှ - အို သုဘလုလင် သတ္တဝါတို့သည် မိမိပြုလုပ် အားထုတ်သော ကောင်းက၊ မကောင်းက်သာလျှင် ကိုယ်ပိုင်ဥစ္စာဖြစ်သည်။ ကောင်းမွေ့ဆိုးမွေ့ဖြစ်သည်။ မိတ်ဆွေယုတ် မိတ်ဆွေကောင်းဖြစ်သည်။ ကံသာလျှင် အားထားရာ ဖြစ်သည်။ ထိုကံကဘဲ သတ္တဝါများကို အယုတ်အမြတ်၊ အနိမ့်အမြင့်ဖြစ်အောင် အဆင့်အတန်း ခွဲခြားပေသည်။ ကံဆိုရာမှာလည်း

- တန်ခိုးရှင် ဖန်ဆင်းရှင်မှ ဖန်ဆင်းပေးသော အရာ မဟုတ်၊
- ထာဝရဘုရား၊ ဗိသဿနိုး၊ ဗြဟ္မာ၊ နတ်များမှ မစရိုးမြွှောက်သော အရာလည်းမဟုတ်၊
- ဝိဇ္ဇာ၊ ဓော်ဂျီ၊ တပသီ၊ နယ်ရှင်၊ မယ်ရှင်တို့ စောင့်မပေးသော အရာလည်းမဟုတ်၊
- ဆုတောင်းရုံမျှ ဆုတောင်းလို့ရတဲ့ အရာလည်း မဟုတ်၊
- အလိုတော်ရှိရုံမျှ ပြည့်တဲ့အရာလည်းမဟုတ်၊
- မိုးပေါ်က ကျလာတာလည်းမဟုတ်ဘဲ၊

မိမိပြုသော ကာယက်၊ ဝစီက်၊ မနောက်အမှုများ သာဖြစ်လို့ လူချင်းမတူတာဟာလည်း မိမိပြုတဲ့ ကံလက်ချက်ကြောင့်ဟု ဟောကြားရာ သုဘလုလင်မှာ သိပ်နားမလည်၍ အကျယ်ဟောကြားပေးရန် ဒုတိယ အကြိမ် ထပ်လျှောက်ရာ ဘုရားရှင်မှ ဥပမာလေးများ ပေးကာ တစ်ချက်ခြင်း ရှင်းလင်းဖြေကြားပေးတော်မူခဲ့ပါသည်။ ထိုကဲ့သို့ ဘုရားရှင်ဖြေကြားထားချက်ကို ရှင်ဥတ္တမကျော်ရဲ့ အမေးအဖြေဆောင်ပုဒ်လေးနဲ့ မှတ်မိလွယ်အောင် ဖော်ပြထားပါသည်။

အခန်း(၈)

၈-၁။ ကမ္မဝါဒနှင့် ဗေဒင်ယတြာ

ဗုဒ္ဓရဲ့ ကမ္မဝါဒနဲ့ လူအများယုံကြည်လက်ခံနေတဲ့ ဗေဒင်၊ ယတြာ၊ ကံကောင်းစေမဲ့ နေ့စွဲ၊ အမည်စသည်တို့သည် လုံးဝဆန့်ကျင်ဘက် ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်ကြောင်း ကံဆိုးများကို ကုသိုလ်ကံများ ပြုလုပ်ဆောင်ရွက်ခြင်းဖြင့်သာ အမှန်တကယ် ဖယ်ရှားနိုင်မည်ဖြစ်ကြောင်းကို အာယုဝဍ္ဎနကုမာရ ပုံပြင်ဖြင့် ဥပမာပေးရှင်းပြထားပါသည်။ ရှေးဦးသုတေသနပြု ရှာဖွေချက်ခေါင်းစဉ်အောက်၌လည်း ယတြာများအထူးစီရင်ချက်များသည် ဟန်ပြသာအတုအယောင်သာဖြစ်ကြောင်း၊ ကံကြောင့်ဖြစ်သော ဘဝကံကြမ္မာကို ပြောင်းလဲလိုလျှင် ကမ္မနိယာမဖြင့်သာ အမှန်တကယ်ပြောင်းလဲနိုင်ကြောင်း ထိုကံများကို ကျော်လွှားဖို့ရာ အဆင့်မြင့်ကုသိုလ်ကံစွမ်းအားဖြင့်သာ ကျော်လွှားဖယ်ရှားနိုင်ကြောင်း ရေးသားဖော်ပြထားပါသည်။

၈-၂။ အနာဂတ်ရုပ်ပုံလွှာနှင့် ဗေဒင်

မိမိအနာဂတ်ကောင်းမကောင်းကို ဗေဒင်မေးစရာမလိုဘဲ ပစ္စုပ္ပန်ကာလ၌ ဉာဏ်ဝိရိယကို ကောင်းစွာ အသုံးချ၍ စိမ်ကိန်းချမှတ်လုပ်ကိုင်ဆောင်

ရွက်ခြင်း၊ ကုသိုလ်ကောင်းမှုဟူသမျှ ရနိုင်သမျှပြု ရနိုင်သမျှစု၊ ကိုယ်ကျင့်တရားကောင်းမွန်အောင် ပျိုးထောင်၊ စိတ်ဖြူစင်အောင်နေ၊ လုပ်ငန်းကို လေးလေး စားစား စွဲစွဲမြဲမြဲလုပ်၊ နှစ်နှစ်သက်သက် ပျော်ပျော် ရွှင်ရွှင်လုပ် ဤကဲ့သို့ ပြုလုပ်သူတစ်ယောက်၏ အနာဂတ်သည် ဗေဒင်မေးစရာမလိုကြောင်း ထပ်မံ ဖော်ပြထားပါသည်။ ကံအကျိုးပေးကို ဖော်ပြရာ၌ လည်း အတိတ်ကံ ပစ္စုပ္ပန်ကံ(၂)မျိုးကို ပေါင်း၍ အားအနည်း အများအလိုက် အကျိုးပေးပုံကိုလည်း မှတ်သားဖွယ် ဖတ်ရှုရမှာ ဖြစ်ပါသည်။

ဒါအပြင် သက်တမ်း (၁၂)နှစ်ပဲ ထီးနန်းစံရမည့် ဝဘသမင်းဟာ ကုသိုလ် (၆)မျိုး အစဉ်အစိုက်ပြုလုပ်၍ ကံဆိုးကိုပြုပြင်လိုက်နိုင်ခြင်းကြောင့် (၄၄)နှစ် ကျော် နန်းစံရ၍ အပိုကြေးအနေနဲ့ (၃၂)နှစ် ပိုနန်းစံခဲ့ရကြောင်း ကိုလည်း ဗဟုသုတအဖြစ် သိရှိရပြီး ထိုမင်းပြုခဲ့သော ကုသိုလ်(၆)မျိုးကိုလည်း မိမိတို့ဘဝအတွက် အသုံးချ နိုင်ရန် လေ့လာခွင့်ရမှာ ဖြစ်ပါသည်။

အခန်း(၉)

ကောင်းသောနံ့နက်ခင်း

၁။ ကံကိုယ်စောင့်နတ်

၂။ ကံကုန်လျှင် ဒုက္ခမငြိမ်း၊ တရားကုန်မှ ဒုက္ခငြိမ်းမယ်။

၃။ ဘုရားအဆူဆူ ဆုံးမခဲ့သော တရား။

၄။ အတွေးပုံရိပ် ပယ်သတ်မယ်။

၅။ အချိန်တိုင်းတွေးနေရင်း ဘဝပြောင်းနေမယ် ဆိုတဲ့ ခေါင်းစဉ်လေးတွေပါဝင်ပါသည်။

ကောင်းသော နံ့နက်ခင်းပါ။ ကောင်းသော ကာယက်၊ ဝစီက်၊ မနောက်များပြုသော နံ့နက်သည်မဂ်လာ အပေါင်းနဲ့ပြည့်စုံတဲ့ နံ့နက်ခင်းဖြစ်ကြောင်း၊ ရာသီ ဥတု စသည်တို့ သာယာလှပမှုနှင့်မဆိုင်ကြောင်း မြန်မာ့အစဉ်အလာရ ပြုနေကြသော နေ့ကောင်း ရက်မြတ်၊ နက္ခတ်ကောင်းစသည်တို့ကို ရွေးချယ်ပြုနေ ခြင်းသည် ဘုရားဟောမဟုတ်၊ ကောင်းမှုကုသိုလ်ပြု သောနေ့သည်သာ နေ့ကောင်း၊ နက္ခတ်ကောင်းဟု ဟောကြားခဲ့လေသည်။ ကြာပန်းကပ်လျှင် ကြန့်ကြာ တတ်သည်၊ ပန်းသီးကပ်လျှင် ပင်ပန်းတတ်သည်၊ နေချင်း ညချင်းကြီးပွားဖို့ ဂျင်းကိုလျှမယ်၊ အကြီ အောင်ဖို့ ကြံကိုလျှမယ် စသည်ဖြင့် ပြုနေကြသူများ ကိုတော့ ဘုရားက အညံ့စားဗုဒ္ဓဘာသာလို့သာ သတ်မှတ်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၉-၁။ ကံကိုယ်စောင့်နတ်

ကောင်းကံများပြုနေခြင်းဟာ မိမိကိုယ်ကို စောင့်ရှောက်ရာရောက်၍ ထိုကံကပဲ မိမိကို စောင့် ရှောက်မည့် နတ်ဖြစ်ကြောင်း ကုသိုလ်ကံသည်သာ မိမိကံဖြစ်သင့်၍ အကုသိုလ်ကံသည် မိမိကံမဖြစ်သင့် ကြောင်းကို မန်လည်ဆရာတော်မှ မာဃဒေဝလက်ံ သစ်တွင် 'တရားဟုဆို၊ ကံကုသိုလ်သာ၊ ကိုယ်ကို စောင့်တတ်၊ ကိုယ်စောင့်နတ်တည်း' ဟုစပ်ဆိုခဲ့လေ သည်။

၉-၂။ ကံကုန်လျှင် ဒုက္ခမငြိမ်း၊ တရားကုန်မှ ဒုက္ခငြိမ်းမည်

ဘုရား၊ ရဟန္တာတို့သည် ကုသိုလ်၊ အကုသိုလ်ကံ ကိုပယ်သောကြောင့် ခန္ဓာပြန်မဖြစ် ထာဝရငြိမ်းရသည် ဟု ဆိုသော်လည်း အမှန်မှာ ကံကိုပယ်လိုက်သည် မဟုတ်၊ ဒုက္ခဖြစ်ကြောင်း တရားကိုသာ ပယ်လိုက် ခြင်းသာဖြစ်ကြောင်း မိန်းမတစ်ဦးကို စွဲလန်းနေသော ယောကျ်ားငယ်တစ်ဦး၏အဖြစ်ကို မီးမောင်းထိုးပြ ထားပါသည်။

၉-၃။ အတွေးပုံရိပ်ပယ်သတ်မယ်

စိတ်ရှိလို့တွေးတယ်၊ တွေးမှုကြောင့် ကံမြောက်စေတယ်။ ဒါကြောင့် အတွေးကို ပယ်သတ်ရမယ်လို့ ဆိုထားပါသည်။ အထည်ထင်၊ ငါထင်၊ အာရုံကပ်ငြိလို့ တဏှာကူးသွားရင်တော့ အတွေးတွေ ဆက်ဖြစ်နေဦးမှာပါ။ ဒါကြောင့် မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီးက 'ဖြစ်အောင်လည်းမပြုနဲ့၊ ပျက်အောင်လည်း မပြုနဲ့၊ ဖြစ်အောင်ပြုရင် လောဘ၊ ပျက်အောင်ပြုရင် ဒေါသ၊ ဖြစ်ပျက်မမြင်ရင် မောဟ' လို့ မိန့်တော်မူခဲ့ပါသည်။

၉-၄။ အချိန်တိုင်းတွေးနေရင်း ဘဝပြောင်းနေမယ်

ပိုင်းလော့ ဆရာတော်ဘုရားရဲ့ အဆုံးအမများကို တင်ပြထားခြင်းဖြစ်ပါသည်။ လူ့ဘဝရတုန်း၊ သာသနာတော်နဲ့ကြုံတုန်း၊ နည်းလမ်းကောင်းတွေ ရတုန်းမှာ သံသရာမှလွတ်မြောက်ဖို့ ကြိုးစားသင့်ကြောင်း မြင်မြင်သမျှ ကြားကြားသမျှတွေကို ဆင်ခြင်ရင်း အစုန်လမ်းရောက်နေသလား၊ အဆန်လမ်းရောက်နေသလားဆိုတာ သတိထားပြီး အမြဲထိန်းပေးဖို့ လမ်းညွှန်ပြထားပါသည်။

နိဂုံးချုပ်အနေနဲ့ကတော့ နေ့စဉ်ပြုနေတဲ့ ကုသိုလ်၊ အကုသိုလ်ကံများဟာ နောက်ဘဝနင့် နိဗ္ဗာန်မရရှိမီ ဘဝအဆက်ဆက်မှာပါသွားမည့် ကံတွေဖြစ်သကဲ့သို့ လက်ရှိဘဝတွင်လည်း အကျိုးပေးမည့်ကံများ ဖြစ်ပါသည်။ သေခါနီးခ်ိန် အာသန္နကံကောင်းစေရန်မှာ အရေးကြီးဆုံးဖြစ်သကဲ့သို့၊ ကလျာဏ မိတ္တကောင်းရှိဖို့လည်း အရေးကြီးပေသည်။ ထို့ကြောင့် နေ့စဉ်အကုသိုလ်ကိုရှောင်၊ ကုသိုလ်ကိုဆောင်၍ ကလျာဏမိတ္တကို ပေါင်းရမည်ဖြစ်လေသည်။ ကုသိုလ်ဟုဆိုရာ၌လည်း သမထကုသိုလ်သည် ဗြဟ္မာဘုံသို့သာ ရောက်နိုင်သဖြင့် နိဗ္ဗာန်လမ်းကြောင်းနှင့်မတူသည်ကို သတိပြုသင့်ပေသည်။ ထိုနေရာ၌ အထူးသတိပြုရန်မှာ လောကီကုသိုလ်တရားတို့သည် သံသရာလည်စေ၊ ရှည်စေတတ်သော တရားဖြစ်၍ မလုပ်သင့်ဟု မယူဆသင့်ပေ။ ကျွန်ုပ်တို့သည် လောကုတ္တရာမဂ်ဖိုလ် မရမချင်း သံသရာလည်နေကြရဦးမည်ဖြစ်သောကြောင့် ဘဝကောင်း၊ နေရာကောင်း၊ ဘုံကောင်းရရှိစေရန် လိုအပ်ပေသည်။ သို့မှသာ လောကုတ္တရာကုသိုလ်ကို ကောင်းစွာရှာဖွေကျင့်ကြံနိုင်မည် ဖြစ်လေသည်။ နိဗ္ဗာန်ရောက်ကြောင်းအတွက်ကတော့ ဝိပဿနာကုသိုလ်ကိုသာ အားစိုက်ပြုလုပ်ရမည်ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါသည်။

စာတမ်းအမည် - **သမ္မပ္ပဓာန်တရား(၄)ပါးကို ချဉ်းကပ်လေ့လာခြင်း**
ပြုစုသူ - **အဖွဲ့(၇)**
ကြီးကြပ်သူ - **ဆရာဦးစန်းဝင်း**

အဖွဲ့(၇) ၏အဖွဲ့ဝင်များအမည်စာရင်း

စဉ်	အမည်	နံပါတ်	စဉ်	အမည်	နံပါတ်
၁။	ဦးမြင့်အောင်	DM - 218	၁၇။	ဒေါ်ခင်မာဝေ	DM - 142
၂။	ဒေါ်ဆွေဆွေမော်	DM - 305	၁၈။	ဦးမင်းဇင်	DM - 208
၃။	ဒေါ်သဇင်ပွင့်ဖြူ	DM - 366	၁၉။	ဒေါ်စိုးစိုးလွင်	DM - 298
၄။	ဒေါ်ခင်ခင်သွဲ	DM - 136	၂၀။	ဒေါ်နီနီနိုင်	DM - 241
၅။	ဒေါ်ခင်မမ	DM - 139	၂၁။	ဒေါ်ဝါဝါ	DM - 383
၆။	ဒေါ်ခင်ထားဦး	DM - 134	၂၂။	ဦးဇော်မင်းသန်း	DM - 408
၇။	ဦးအေးမြင့်အောင်	DM - 101	၂၃။	ဦးကျော်နိုင်မြင့်	DM - 168
၈။	ဒေါ်လွင်လွင်မိုး	DM - 191	၂၄။	ဒေါ်ဥမ္မာဦး	DM - 269
၉။	ဒေါ်ကြူကြူသင်း	OM - 8	၂၅။	ဒေါ်ခင်လှရီ	DM - 132
၁၀။	ဒေါ်ခင်ချိုဝင်း	DM - 175	၂၆။	ဒေါ်တင်တင်မြင့်	DM - 360
၁၁။	ဒေါ်ဝင်းဝင်းမြင့်	DM - 391	၂၇။	ဒေါ်သန္တာလှိုင်	DM - 322
၁၂။	ဒေါ်သိန်းသိန်းဝင်း	DM - 331	၂၈။	ဒေါ်စုစုဝင်း	DM - 303
၁၃။	ဦးဟန်တိုး	DM - 110	၂၉။	ဒေါ်မြမြဝင်း	DM - 214
၁၄။	ဒေါ်သဇင်သက်ဟန်	DM - 328	၃၀။	ဒေါ်စန်းစန်းရီ	DM - 288
၁၅။	ဒေါ်မာလာသက်ဟန်	DM - 195	၃၁။	ဒေါ်တင်တင်ဝင်း	DM - 362
၁၆။	ဒေါ်ငြိမ်းငြိမ်းအိ	DM - 264	၃၂။	ဒေါ်ကြည်ကြည်သန်း	DM - 172

သမ္မပ္ပဓာန်တရား(၄)ပါးကို ချဉ်းကပ်လေ့လာခြင်း
အဖွဲ့ (၇)
သုတေသနစာတမ်းအကျဉ်း

ဘုရားရှင် (၄၅)ဝါကာလပတ်လုံး ဟောကြားတော်မူခဲ့သော တရားတော်များကို အနှစ်ချုပ်လျှင် ဗောဓိပက္ခိယတရား (၃၇)ပါး သာရ၏။ ထို(၃၇)ပါးသော ဗောဓိပက္ခိယတရားတို့တွင် 'ဝိရိယ'မည်သော ပရမတ္ထစေတသိက်တရားသည် ၉-နေရာ၊ ၉-ဌာနခွဲ ပါရှိနေပြီး၊ သတိပဋ္ဌာန်တရား(၄)ပါး တို့တွင်လည်း အာတာပီ = ပြင်းပြင်းထန်ထန် အားထုတ်ခြင်း(ဝိရိယ) ဟူ၍ အနက်ဖွင့်သဖြင့် ဗောဓိပက္ခိယတရား(၃၇)ပါးလုံးတွင် ဤဝိရိယမည်သော ပရမတ္ထစေတသိက်တရားသည် အကျုံးဝင်ပါရှိနေသည်ဟု မှတ်ယူအပ်ပေသည်။ ထိုကြောင့် သာသနာတော်ကြီး၏ အနှစ်ဖြစ်သော ဗောဓိပက္ခိယတရား(၃၇)ပါးတို့၌ ပါရှိသည့် ဝိရိယ၏ အရေးပါနေမှုများကို၊ လောကီ လောကုတ် နှစ်ဖြာသော အကျိုးစီးပွားတို့အတွက် ကျင့်ကြံကြိုးကုတ် အားထုတ်နေကြကုန်သော ကလျာဏပုထုဇဉ် အပေါင်းတို့နှင့်တကွ ကျွန်ုပ်တို့အားလုံး အနေဖြင့်ပါ အလွန်အလွန် အရေးပါအရာရောက်နေမှုတို့ကို လေ့လာသိရှိနိုင်ကြစေရန် စိတ်ရည်သန်လျက် ဤစာတမ်းငယ်ကို ပြုစုရေးသားရခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ အလွန်အရေးပါလှသည့် 'ဝိရိယ'၏ အကြောင်းခြင်းရာများကို ဗောဓိပက္ခိယတရားတို့၌ ပါရှိသည့် သမ္မပ္ပဓာန်တရား(၄)ပါး၊ ၄င်းသမ္မပ္ပဓာန်တရား(၄)ပါး၏ အနက်သဘောအဓိပ္ပာယ်၊ ဆိုလိုရင်းများအား 'ဝိရိယ'နှင့် ပတ်သက်သမျှသော ပါဠိတော်၊ မြန်မာပြန်၊ အဋ္ဌကထာ၊ ဋီကာ၊ ဓာတ်ဝတ္ထုများ၊ တရားတော်များ၊ ထိုထိုများပြားလှသော ဝိရိယနှင့် ဆိုင်ရာ ကျမ်းစာအုပ်များမှ ရှာဖွေစုစည်းပေါင်းစပ်ပြီး ဤစာတမ်းကို အခန်း၄ယ်(၆)ခန်းဖြင့် ရေးသားတင်ပြထားခြင်း ဖြစ်ပါသည်။

အခန်း(၁)တွင် ဗောဓိပက္ခိယတရား(၃၇)ပါး အကျဉ်းနှင့် 'ဝိရိယ'ပါဝင်သော ဆိုင်ရာဌာနများ၊ သမ္မပ္ပဓာန်လေးပါး၊ သမ္မာဝါယာမမဂ္ဂင်၊ လောကီ ရေးရာအဖြာဖြာမှ ဝိရိယအရေးပါပုံတိုကိုလည်းကောင်း၊ အခန်း(၂)တွင် ဝိရိယ၏အနက် သဘောအဓိပ္ပာယ်၊ လက္ခဏာ၊ ကိစ္စရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်စသဖြင့် အသေးစိတ် ခွဲခြမ်းစိတ်ဖြာလေ့လာ သုံးသပ်၍လည်းကောင်း၊ အခန်း(၃)တွင် သင်ကြိုဟ်ကျမ်းလာ အတိုင်း သမ္မပ္ပဓာန်တရားလေးပါးကို အားထုတ်ရာတွင် လိုအပ်သောအချက်များ အင်္ဂါရပ်များနှင့် ပစ္စုပ္ပန်တမလွန် ကြွယ်ဝချမ်းသာရေးတရားများ၊ အခန်း(၄)တွင် ဝိရိယာဓိပတိနှင့်ဆိုင်ရာကိုလည်းကောင်း၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာတို့မှ ဝိရိယ၏ အခန်းကဏ္ဍ

တို့ကိုလည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် လေ့လာတင်ပြချက်များ၊ အခန်း(၅)တွင် 'မဟာသတိပဋ္ဌာနသုတ်' မှ အာတာပီဝိရိယ၏ အရေးပါပုံ၊ လက်တွေ့ဝိပဿနာ ရှုမှတ်မှုတို့ကိုလည်းကောင်း၊ အခန်း(၆)တွင် ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုမြင်သုံးသပ်ပြီး၊ ဝိရိယ၏အကျိုးကျေးဇူးကြောင့် ပေါ်ထွန်းလာသော မြတ်ဗုဒ္ဓ၏ ကြိုးပမ်းချက်များ၊ မဆုတ်နစ်သော ဇွဲလုံ့လ(ဝိရိယ)ဖြင့် မျက်မှောက်ခေတ်အတွက် လျှပ်စစ်မီးသီးကို တီထွင်ဖန်တီးခဲ့သူ အယ်ဒီဆင်၏အကြောင်း ဘဝတစ်စိပ်တစ်ဒေသ၊ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့ 'ဝိရိယ'ကို အရင်းတည်၍ ကြိုးစားအားထုတ်သင့်ပုံတို့ ကို ရေးသားတင်ပြထားပါသည်။ အခန်းတစ်ခုချင်းကို သိသင့်သမျှတင်ပြထားသကဲ့သို့ အခန်းတစ်ခန်းနှင့် တစ်ခန်းလည်း ဆက်စပ်မှုရှိစေရန် ရေးသားထားပါသည်။

ဟောဓိပက္ခိယတရား(၃၇)ပါးအကျဉ်း

(က) သတိပဋ္ဌာန်တရား ၄-ပါး၊ (ခ) သမ္မပ္ပဓာန်တရား ၄-ပါး၊ (ဂ) ဣဒ္ဓိပါဒ် ၄-ပါး၊ (ဃ) ဣန္ဒြေ ၅-ပါး၊ (င) ဗိုလ် ၅-ပါး၊ (စ) ဗောဇ္ဈင် ၇-ပါး၊ (ဆ) မဂ္ဂင် ၈-ပါး တို့ဖြစ်ပါသည်။

သမ္မပ္ပဓာန်တရား(၄)ပါး

၁။ ဖြစ်ပြီး၊ ဖြစ်ဆဲ ဖြစ်ကုန်သော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာကြိုးစားအားထုတ်ခြင်း။

၂။ ရှေ့သို့ဖြစ်လတ္တံ့သော အကုသိုလ်တရားတို့ကို မဖြစ်ရအောင်ကြိုးစားအားထုတ်ခြင်း။

၃။ မဖြစ်ဖူးသေးကုန်သော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှာ ကြိုးစားအားထုတ်ခြင်း။

၄။ ဖြစ်ပြီး၊ ဖြစ်ဆဲ ဖြစ်ကုန်သော ကုသိုလ်တရားတို့ကို မြဲမြံခိုင်ခဲ့အောင် ကြိုးစား အားထုတ်ခြင်း။

သမ္မပ္ပဓာန်တရားများကို အားထုတ်ရာတွင်လည်း အောက်ဖော်ပြပါအင်္ဂါ (၄)ပါးဖြင့် ပြည့်စုံရပါမည်။ တရားထူး တရားမြတ်ကို အားထုတ်သောအခါ 'သမ္မပ္ပဓာန်' ဝိရိယဖြင့် ငါ၏ကိုယ်ခ္ဌအရိုး၊ အကြော၊ အရေတို့သာလျှင် ကြွင်းချင်ကြွင်းကျန်ပါစေ၊ အသွေး အသားတို့ ခြောက်ခန်းသော်လည်း ခြောက်ခန်းပါစေ၊ ရထိုက် ရောက်ထိုက်သော သူတော်ကောင်း တရားမှန် သမျှ မရမနေ၊ မ့ရောက်မနေ ဝိရိယကို မလျှော့၊ မဆုတ်နစ်သော ဇွဲလုံ့လဝိရိယဖြင့် အားထုတ်အပ်ပါသည်။

လောကီရေးရာအဖြာဖြာ အရေးပါလှဝိရိယ

လောကီရေးရာ၌လည်း ဝိရိယ၏အရေးပါမှုကို 'အလသဿ ကုတော သိပ္ပံ၊ အသိပ္ပဿ ကုတော ဓနံ' စသဖြင့် ဖော်ပြထားမှုအရ ပျင်းသောသူသည် အဘယ်မှာ အတတ်ပညာတတ်အံ့နည်း။ အတတ်ပညာ မရှိသောသူအား ဥစ္စာဓနအဘယ်မှာ ရနိုင်အံ့နည်း။ ... နောက်ဆုံး နိဗ္ဗာန်ကို အဘယ်မှာ မျက်မှောက်ပြုနိုင်အံ့နည်းဟူ၍ ဖော်ပြပါရှိသဖြင့်လည်း ဝိရိယ၏ အရေးပါအရာရောက်မှုကို လေ့လာမှတ်သားနိုင်ကြပါသည်။

မျက်မှောက် ၂၁-ရာစုခေတ်သည် နည်းပညာခေတ် ဖြစ်ပါသည်။ ဤခေတ်တွင် ဝိရိယစွမ်းအားရှင်တို့ တီထွင်ဖန်တီးထုတ်လုပ်မှုကြောင့်သာလျှင် နေ့စဉ်နှင့် အမျှ အသစ်အသစ်သော ဝတ္ထုအာရုံကာမဂုဏ် တရားများ ဖြစ်ထွန်းပေါ်ပေါက်နေရသည် မဟုတ်ပါလော။ ယနေ့ကမ္ဘာပေါ်တွင် ဦးဆောင်နေကြသူများသည် လုံ့လဝိရိယရှင်များသာ ဖြစ်ပါသည်။ ထို့ကြောင့် လောကီ၊ လောကုတ် နှစ်ဖြာသော အကျိုး

စီးပွားတို့အတွက် အဓိကကျသည့် 'သမ္မပ္ပဓာန်တရား(၄)ပါး'ကို ထက်သန်သော လုံ့လဝီရိယဖြင့် အားထုတ် ကြိုးစားကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

ဝီရိယဟူသည် - ရဲရင့်သူ၏ဖြစ်ကြောင်း 'အားထုတ်ခြင်း' သဘော။ ဤဝီရိယသည် စိတ်၊ စေတသိက်တို့၏ ထိုင်းမှိုင်းခြင်း(ထိန၊ မိဒ္ဓ)ကို ဆန့်ကျင်ဘက်ပြုလျက် ပျင်းရိမှု(ကောသဇ္ဇ)တရားများကို လွှမ်းမိုးလျက်၊ အရေးရောက်က နောက်မဆုတ်တတ်သောတရားဖြစ်၏။ ရဲရင့်သည်၏အဖြစ်သည် ဝီရိယမည်ပါသည်။ အတူဖြစ်ဖက်တရားတို့အား ထောက်ပံ့ပေးခြင်း 'ကိစ္စ' ရှိ၏။ မဆုတ်မနစ်သည်၏ အဖြစ်ဖြင့် ဉာဏ်အားရှေ့ရှုထင်၏။ ထိတ်လန့်မှု သံဝေဂလျှင် နိုးသောအကြောင်းပဒဋ္ဌာန်ရှိပါသည်။

ဂ (မျိုးစေ့)၊ ဝီရိယ (မြေသြဇာ)၊ ဉာဏ် (ရေ)

ကျမ်းဂန်များအရ- ဂ=မျိုးစေ့၊ ဝီရိယ=မြေသြဇာ၊ ဉာဏ်=ရေဟူ၍နှိုင်း၏။ ထိုခိုင်းနှိုင်းချက်အရ သစ်ပင်တစ်ပင် ရှင်သန်ဖြစ်ထွန်းရာ၌ မျိုးစေ့၊ မြေသြဇာ၊ ရေတို့လိုအပ်ပါသည်၊ မျိုးစေ့မကောင်း စေကာမူ မြေဆီသြဇာကောင်း၊ ရေမှန်မှန်လောင်းပါက ထိုမကောင်းသောမျိုးစေ့သည် ရှင်သန်ထွားကျိုင်းနိုင်၏။ ထို့အတူ ဂမကောင်းစေကာမူ၊ ဝီရိယထား၊ ဉာဏ်အားဖြင့် ဆောင်ရွက်လုပ်ကိုင်ပါက အောင်မြင်မှုရနိုင်ပါသည်။

ဂ (ဆောက်လုပ်ရေးပစ္စည်း)၊ ဝီရိယ (ဆောက်လုပ်ရေးသမား)၊ ဉာဏ် (ဗိသုကာ)

တနည်းအားဖြင့်လည်း- ဂသည်ဆောက်လုပ်ရေးပစ္စည်း၊ ဝီရိယကားဆောက်လုပ်ရေးသမား၊ ဉာဏ်သည် ဗိသုကာ ပညာရှင်နှင့်တူ၏။ အဆောက်အဦးကို ဆောက်လုပ်ရာ၌ ဗိသုကာပညာရှင် ဆွဲပေးသည့် ပုံအတိုင်းသာ ဆောက်လုပ်ရေးသမားက ဆောက်လုပ်ရမည်သာဖြစ်၏။ ဆောက်လုပ်ရေးသမား၏ လုပ်ငန်းတာဝန်ကား ဆောက်လုပ်ခြင်းသာ ဖြစ်ပါသည်။ လက်တွေ့အားဖြင့်လည်း မိမိတို့၏လုပ်ငန်း တာဝန်များကို ကြိုးစားပမ်းစား ဆောင်ရွက်နေသူများ ဤလောကမြေပြင်၌ များစွာရှိပါ၏။ ကျွန်ုပ်တို့ ကိုးကွယ်ရာ ဘုရားကိုယ်တော်တိုင် ဝီရိယပါရမီကို မနေမနား အားထုတ်ကြိုးပမ်း၍ ပါရမီဖြည့်ကျင့်တော်မူခဲ့ပြီး နောက် ၄၅-ဝါကာလပတ်လုံး ကြိုးစားအားထုတ် ထုတ်ဖော်ဟောကြားခဲ့သည့် တရားဓမ္မများကိုသိရှိရန်၊ သိသည့်အတိုင်း လိုက်နာကျင့်သုံးကြရန် ကြိုးစားအားထုတ်ကြဖို့ရာ အထူးလိုအပ်လှပါသည်။

ကောင်းကျိုးချမ်းသာသုခလေးမျိုး

ပုထုဇဉ်လောကီလူသားမှန်သမျှတို့သည် ကောင်းကျိုးချမ်းသာသုခကိုလိုလားတောင့်တကြ၏။ သို့သော် တောင့်တတိုင်း ရကြသည်မဟုတ်ပါ၊ နည်းမှန်လမ်းမှန် ချမ်းသာကြောင်း(၄)မျိုးနှင့် ထိုချမ်းသာလေးမျိုးတို့ကို ရရာရကြောင်း သမ္မဒါ-စမျိုးတို့ရှိပါသည်။

(က) ရှိမှုချမ်းသာ (အတ္ထသုခ)

(ခ) သုံးဆောင်မှုချမ်းသာ (ဘောဂသုခ)

(ဂ) ကြွေးမြီမရှိမှုချမ်းသာ (အာနဏျသုခ)

(ဃ) အပြစ်မရှိမှုချမ်းသာ (အနဝဇ္ဇသုခ)ဟူ၍ ဖြစ်၏။ ဤတွင် အပြစ်မရှိမှု ချမ်းသာသည် သာလွန်ကောင်းမြတ်ပါ၏။ ရှိမှု၊ သုံးဆောင်မှု၊ ကြွေးမြီကင်းမှု ချမ်းသာတို့သည် အပြစ်မရှိမှုချမ်းသာ၏ တစ်ဆယ့်ခြောက်စိတ်တစ်စိတ်မျှ မမီနိုင်ချေ။ ထိုပြင် ထိုချမ်းသာလေးမျိုးတို့ကို ရရာရကြောင်း လိုက်နာပြုကျင့်ဖွယ် ပစ္စုပ္ပန်အတွက်သမ္မဒါလေးပါးနှင့် တမလွန်အတွက် လေးပါးဟူ၍ရှိသေး၏။ ၄င်းတို့မှာ- ထကြွလုံ့လဝီရိယ

နှင့် ပြည့်စုံခြင်း၊ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ပြည့်စုံခြင်း၊ မိတ်ကောင်းရှိမှုနှင့်ပြည့်စုံခြင်း၊ အဝင်အထွက်မျှတအောင် အသက်မွေးမှုနှင့်ပြည့်စုံခြင်းဟု ပစ္စယွန် အတွက်လေးပါး၊ နောင်တမလွန်အတွက် သဒ္ဓါတရား နှင့်ပြည့်စုံခြင်း၊ အကျင့်သီလနှင့်ပြည့်စုံခြင်း၊ စွန့်ကြဲမှု နှင့်ပြည့်စုံခြင်း၊ ပညာနှင့်ပြည့်စုံခြင်းတို့ ဖြစ်ပါသည်။

အာရမ္မဏာဓိပတိနှင့် သဟဇာတာဓိပတိ

အဓိပတိပစ္စည်းတွင် အာရမ္မဏာဓိပတိနှင့် သဟဇာတာဓိပတိဟူ၍နှစ်မျိုးရှိ၏။ အာရမ္မဏာဓိပတိ ဟူသည်မှာ- အာရုံခြောက်ပါးမှ အလွန်နှစ်လိုဖွယ် ဆွဲအားပြင်းသော အတိဂ္ဂဠာရုံအာရုံများကို မြင်ရ၊ ကြားရသူအား လွမ်းမိုးနိုင်စွမ်းရှိသည့်အတွက် အာရမ္မဏာဓိပတိဟုခေါ်ရ၏။ ဥပမာ- ဘုရားလောင်း ကိုပင် ရူးစေနိုင်လောက်သည့် ဆွဲဆောင်နိုင်စွမ်းသော ဥမ္မာဒန္တီ၊ ပပဝတီတို့၏ ရုပ်အဆင်းအဂီါများသည် အာရမ္မဏာဓိပတိမည်ပါသည်။ သဟ ဇာတာဓိပတि ဟူသည် နာမ်အဓိပတိတရားသာ ဖြစ်ပါသည်။

ထိုနာမ်အဓိပတိတရားများသည် ခန္ဓာကိုယ်အပေါ် ၌ မည်မျှအုပ်စိုးလွမ်းမိုးနိုင်ပါသနည်းဆိုလျှင်ရ 'ဆန္ဒဝတော ကိ နာမကမ္မံ နု သိဒ္ဓတိ'၊ 'ဝီရိယဝတော ကိ နာမကမ္မံ နု သိဒ္ဓတိ'၊ 'စိတ္တဝတော ကိ နာမကမ္မံ နု သိဒ္ဓတိ'၊ 'ဝီမံသဝတော ကိ နာမကမ္မံ နု သိဒ္ဓတိ' ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာ ကဲ့စွာပြုမူ ဆောင်ရွက်မှုအဖြာဖြာ၌ မုချအမှန် ပြီးစီးအောင်မြင်ရ မည်ဟု ဟောကြားထားပါသည်။

စာရိတ္တသီလ နှင့် ဝါရိတ္တသီလ - ဤကျင့်ဝတ်ကို ပြုကျင့်အပ်၏၊ ဟုမြတ်စွာဘုရား ပညတ်ထားသော သိက္ခာပုဒ် သီလကို ဖြည့်ကျင့်ခြင်းသည် 'စာရိတ္တ သီလ'၊ ဤဒုစရိုက်ကို မပြုအပ်ဟု မြတ်စွာဘုရား တားမြစ်ထားသောအမှုကို မပြုခြင်းသည် 'ဝါရိတ္တ သီလ' မည်ပါသည်။ စာရိတ္တသီလကို ယုံကြည်မှု (သဒ္ဓါ)၊ မပျင်းမရိကျင့်လိုသော 'ဝီရိယ' 'ဤနှစ်ပါး ပြည့်စုံမှသာ ကောင်းစွာဖြည့်ကျင့်နိုင်ပါသည်။ ထို့ကြောင့် သဒ္ဓါတရားအားကောင်းရုံမျှဖြင့် စာရိတ္တသီလ ကို မဖြည့်ကျင့်နိုင်ပေ၊ စာရိတ္တသီလနှင့်ပြည့်စုံနိုင်စေ ရန်အတွက် မပျင်းမရိသော ဝီရိယပါထက်သန်ရန် အထူးလိုအပ်လှပါ၏။

ဝီရိယနှင့်စပ်သောခုတင်

ကိလေသာတရားတို့ကို ခါထုတ်ဖျက်ဆီးခြင်း ဟူသော 'ခုတင်အကျင့်-၁၃ပါး'တို့တွင် ... နိသဇ္ဇ ခုတင်သည် ဝီရိယနှင့်စပ်သောခုတင်တစ်ပါး ဖြစ်ပါ သည်။ ထိုခုတင်ကို ဆောက်တည်ကျင့်သုံးသော ပုဂ္ဂိုလ်သည် ထက်သန်သော လုံ့လဝီရိယရှိမှသာ ဆောက်တည်ကျင့်သုံးနိုင်ခြင်းကြောင့် ဖြစ်ပါသည်။ ဤသာသနာတော်၌ အရှင်မဟာကဿပ ရဟန္တာ ပုဂ္ဂိုလ်ကြီး တစ်ပါးသာလျှင် ခုတင်-၁၃ပါးလုံးကို ဆောက်တည်နိုင်သည့် ပုဂ္ဂိုလ်ထူးကြီးဖြစ်၏။

ပါပသို့ ရမတိ မနော (ပုထုဇဉ်တို့၏)စိတ်သည် မကောင်းမှု၌ မွေ့လျော်၏ဟု ဘုရားရှင်ဟော၏။ ဤသို့ မကောင်းမှု၌ မွေ့လျော်တတ်သောစိတ်ကို အလွတ်မထားဘဲ 'သမထ၊ ဝိပဿနာ' ဖြင့် ထိန်းရ ပါမည်။ ယခုကျန်းမာ နေစဉ် အချိန်ကတည်းက သမထ၊ ဝိပဿနာအလုပ်တို့ကို လေ့ကျင့်ထားကြရ ပါလိမ့်မည်။ စိတ်တည်ငြိမ်မှုကို ရရှိရန် ကမ္မဋ္ဌာန်း တရား (၄၀)အနက် တစ်ပါးပါးကို စူးစူးစိုက်စိုက် ပွားများအားထုတ်ရ၏။ သမထ၏အစွမ်းအားဖြင့် ပဋ္ဌမစျာန်တိုင်အောင် ပေါက်မြောက်နိုင်ပါသည်။

ဘုံသုံးပါး၌ ဖြစ်နေသော ရုပ်၊ နာမ်၊ ခန္ဓာအဖြာဖြာ တို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု လက္ခဏာရေး သုံးပါးတင် ဆင်ခြင်ခြင်းသည် ဝိပဿနာမည်၏။

မိမိ ၏ အဖျတ္တခန္ဓာရှိ ရုပ်တရား၊ နာမ်တရားတို့ကို လက္ခဏာရေးသုံးပါးဖြင့် ဝိပဿနာတရား ရှုမှတ်ပွားများရပါမည်။ ဘုရားရှင် ဟောကြားသမျှ ဒေသနာတော်အားလုံးသည် သစ္စာ ၄-ပါး၌ အကျုံးဝင်နေပါသည်၊ ထိုသစ္စာလေးပါးမှ လွတ်သောတရား မရှိပါ။ သစ္စာလေးပါးကို သိမြင်နိုင်စေရန်အတွက် သတိပဋ္ဌာန်တရားလေးပါးကို ကျင့်ကြံပွားများကြရပါမည်။ သတိပဋ္ဌာန်တရားကျင့်စဉ်ကို ကြိုးစားအားထုတ်လျှင် အကျိုး(၇)ပါးရ၏။

၄င်းတို့မှာ-၁။ ကိလေသာအညစ်ကြေးများ ကင်းစင်ခြင်း ၂။ သောကကင်းခြင်း ၃။ ပရိဒေဝ ၄။ ဒုက္ခ ၅။ ဒေါမနဿဟုဆိုအပ်သော အဆိုးတရား(၄)မျိုး၊ ပူလောင်မှု (၄)ပါးကို ပယ်ရှားပစ်နိုင်ပြီး ၆။ နိဗ္ဗာန်လမ်းကြောင်း ပေါ်သို့ ရောက်သွားနိုင်ခြင်းနှင့် ၇။ နိဗ္ဗာန်ကို ကိုယ်တိုင်လက်တွေ့သိရှိနိုင်ခြင်း ဆိုသည့်အကျိုး(၇)မျိုးတို့ဖြစ်ပါ၏။ ဤသည်ကို ဘုရားရှင်က 'မဟာသတိပဋ္ဌာနသုတ်'တွင် ဟောကြားတော်မူခဲ့ပါသည်။

မဟာသတိပဋ္ဌာနသုတ်မှ 'အာတာပီ'(ဝီရိယ)

ကတမေ စတ္တာရော ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟာရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနယျလောကေ ... (မဟာသတိပဋ္ဌာနသုတ်)

လေးပါးကုန်သော (ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်) တရားတို့သည် အာယ်သည်တို့နည်းဟူမူ ဤသာသနာတော်၌ အားထုတ်နေသောသူသည် (အာတာပီ) ကိလေသာအစေး စိတ်အညစ်အကြေးကို ပူနွေးသွေ့ခြောက်ကင်းပျောက်စေနိုင်သော 'သမ္ဘပ္ပဓာန်လုံ့လ ဝီရိယ' ရှိသည်ဖြစ်၍ (ဝါ)အပြင်းအထန် အားထုတ်သည်ဖြစ်၍၊ 'သတိ' ရှိသည်ဖြစ်၍၊ (ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ) သဘောတရားအပေါင်းတို့ကို (အဘိဇ္ဈာ)=လောဘနှင့် (ဒေါမနဿ)=ဒေါသတို့ကို ဖြစ်ခွင့်မရအောင် တဒင်္ဂ၊ ဝိက္ခမ္ဘန ပဟာန်အားဖြင့် ပယ်ရှားဖျောက်ဖျက်၍နေ၏ဟု ဖော်ပြပါရှိပါသည်။ သတိပဋ္ဌာန်တရားဟု ဆိုသော်ငြားလည်း 'သတိ'တစ်ခုတည်းဖြင့် ကိစ္စမပြီးပါ။ အာတာပီ (ဝီရိယ)၊ သမ္ပဇာနော(ပညာ)၊ ဝီရိယနှင့် ပညာတို့ ပါဝင်မှသာလျှင် ဘာဝနာကိစ္စပြီးစီးနိုင်ပါသည်။

အကန်းကမ္ဘာအတွက် ပွင့်ထွန်းလာရသော မဟာလူသား တို့ဘုရား

စကြဝဠာအနန္တ၊ သတ္တဝါအနန္တတို့တွင် 'သစ္စာလေးပါးမြတ်တရား'ကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် ကောင်းစွာသိမြင်တော်မူပါပေထသော သဗ္ဗညုတညာဏ်ရှင် ဘုရားရှင်သာ မပွင့်ထွန်းခဲ့ပါက ဤစကြဝဠာ, သတ္တဝါ, ကမ္ဘာလောကကြီးသည် အကန်းကမ္ဘာကြီးသာ ဖြစ်ပါလိမ့်မည်။ ထိုဘုရားရှင် ပွင့်ထွန်းပေါ်၍သာ အကန်းကမ္ဘာမှ လွတ်ခဲ့ရပါပြီ။ ဘုရားရှင်၏တရားတော်များကြောင့် နှစ်သက်ဝမ်းမြောက်ခြင်းအကျိုး၊ သောကငြိမ်းခြင်းအကျိုး၊ လူနတ် နိဗ္ဗာန် သုံးတန်သောသမ္ပတ္တိအကျိုးတို့ကို ပေးစွမ်းနိုင်မည် ဖြစ်ပါသည်။ မြတ်စွာဘုရားရှင် ပွင့်ထွန်းခြင်းကို မဆိုထားနှင့် မြတ်စွာဘုရား၊ မြတ်စွာဘုရားဟူသော အသံကို မျှသော်လည်း လောကဌ်ကြားရခဲ၏။ ဘုရားဖြစ်ကြောင်း ဆုတောင်းပြည့်ဖို့ပင် အကြောင်းအင်္ဂါ(၈)ပါးတို့ဖြင့် ပြည့်စုံရပါမည်။ ထိုပြင် အနည်းဆုံး လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီ(၁၀)ပါး၊ အပြား(၃၀)၊ စွန့်ခြင်းကြီးငါးပါးတို့ကို ဖြည့်စွန့်တော်မူပြီးမှသာ ဗုဒ္ဓမြတ်စွာဘုရားဟူ၍ ပေါ်ထွန်းလာရခြင်း

လည်း ဖြစ်ပါသည်။ ထိုသို့ ရခဲလှစွာသော ကမ္ဘာ အသရေ်ကုန်လွန်၍ မဟာလူသားမြတ်ဘုရား၏ တရားမမ္မများကို သိခွင့်၊ ကြုံခွင့်၊ နာကြားခွင့်ရနေသော အခါအခွင့် ကောင်းကြီးနှင့်လည်း ကြုံကြိုက်ခွင့်ရနေ ကြသည် မဟုတ်ပါလော။

ဘုရားရှင်၏ ကျင့်တော်စဉ်များစွာတို့အနက် အဓိကထား တင်ပြလိုသည်မှာ လုံ့လဝီရိယ အကြောင်း ကိုသာ တင်ပြချင်ပါသေးသည်။ ဘုရားမဖြစ်မီ ဘုရားလောင်းဘဝ၌ သာမာန်လူတို့ ကျင့်နိုင်ခဲသော ဒုက္ကရစရိယအကျင့်ကို ခြောက်နှစ်တို့ကာလပတ်လုံး အပင်ပန်းအဆင်းရဲခံကာ သူမတူသော လုံ့လဝီရိယဖြင့် အားထုတ်ကြိုးပမ်းခဲ့ပါသည်။ အလွန်ပြင်းပြသော ထက်သန်သည့်ဇွဲလုံ့လဝီရိယဖြင့် အားထုတ်ခဲ့သည် မှန်ပါသော်လည်း မှားယွင်းသည့် လမ်းစဉ်ဖြစ်သဖြင့် ဘုရားအဖြစ်သို့ မရရှိခဲ့ပါ။ ထို့ကြောင့် ဝီရိယရှိပင် ရှိငြားသော်လည်း တရားနှင့်လျော်ညီသော 'ဉာဏ် (ပညာ)'ဖြင့် ကြိုးပမ်းမှသာ သမ္မာ ဝါယာမဖြစ်၏။ အလွန်အလေးထား မှတ်သားဖွယ်ရာလည်း ကောင်းလှ ပါသည်။

မျက်မှောက်ခေတ်လူသားတို့၏ ကြိုးပမ်းချက်များမှ စံတင်ထိုက်သူ သောမတ်(စ်)အဲယ်ဗာအယ်ဒီဆင် (၁၈၄၇-၁၉၃၁)

မျက်မှောက်ခေတ်လူသားတို့သည် သိပ္ပံပညာရှင် များ၏ ဇွဲ၊ လုံ့လ၊ ဝီရိယတို့၏ အသီး အပွင့်များကို လက်တွေ့အကျိုးခံစားနေကြရခြင်းဖြစ်ပါသည်။ ထင်ရှားကျော်ကြားလှသော တီထွင်သူ သိပ္ပံပညာရှင် ကြီးများထဲမှ လျှပ်စစ်မီးသီးကို စတင်ဖန်တီးခဲ့သော သောမတ်(စ်)အဲယ်ဗာအယ်ဒီဆင်၏ မဆုတ်နစ်သောဇွဲ၊ လုံ့လ၊ ဝီရိယကို မှတ်တမ်းတင် မိတ်ဆက်ပေးပါရစေ။ သူသည် ငယ်စဉ်ကလေးဘဝကတည်းက နားပင်းနေ ခဲ့ပြီး အတန်းကျောင်းကိုလည်း ၂-လ၊ ၃-လခန့်သာ နေခဲ့ရဖူးသူဖြစ်၏။ သာမန်ကြေးနန်းသမားလေးတစ်ဦး သာဖြစ်ပါသည်။ သူ၏ ဇွဲလုံ့လဝီရိယနှင့် စိတ်ထက် သန်မှုသည် အလွန်လေးစားအတုယူဖွယ်ကောင်း၏၊ လျှပ်စစ်မီးသီးကို စမ်းသပ်တီထွင်ရာ၌ လွယ်လွယ် ကူကူ ရှာဖွေတွေ့ရှိအောင်မြင်ခဲ့သည်တော့ မဟုတ်ပါ။ ၄င်းလျှပ်စစ်မီးသီးတွင်း၌ ထည့်သွင်းအသုံးပြုရမည့် ပစ္စည်းကို အကြိမ်ပေါင်းတစ်ထောင်ကျော်ထိ အောင်မြင်မှုမရဘဲ ဖြစ်နေ၏။ သို့သော် ဇွဲမလျော့ဘဲ မနေမနားဆက်လက် ကြိုးစားခဲ့ခြင်းကြောင့် ယနေ့ မျက်မှောက်ခေတ်လူသားများသည် လျှပ်စစ်မီး အလင်း ရောင်၏ အကျိုးကျေးဇူးကို ခံစားနေကြရခြင်းလည်း ဖြစ်၏။ ၄င်း၏တီထွင်မှု အမျိုးအစားပေါင်း (၁၀၀၀) ကျော်ခန့်ရှိကြောင်း သိရပါသည်။ မှန်ကန်သော ကြိုးစားအားထုတ်မှု ဇွဲ၊ လုံ့လဝီရိယရှိသူတို့အတွက် ထိုသူရည်မှန်းသလောက်ပေးရန် အောင်ပွဲများက အလုံအလောက်ရှိပါ၏။ 'ကြိုးစားက ဘုရားဖြစ်နိုင်' ဟုဆိုကြပါသည်၊ သို့သော် မှန်ကန်သော ကြိုးစား အားထုတ်မှု၊ ကောင်းကျိုးကို ဖြစ်စေမည့် 'ဝီရိယ' မျိုး ဖြစ်ရန်တော့ လိုအပ်လှပါသည်။

ဗုဒ္ဓဘာသာဝင်တိုင်း၏ နောက်ဆုံးပန်းတိုင်သည် 'နိဗ္ဗာန်'ဖြစ်၏။ နိဗ္ဗာန်ဟူသော အရဟတ္တဖိုလ်သို့ ရောက်ရန် 'ဝီရိယ'ကိုအရင်းတည်ကာ ကြိုးစားကျင့် ကြံပွားများမှသာ မြတ်နိဗ္ဗာန်သို့ မျက်မှောက်ပြု ဆိုက်ရောက်နိုင်ပါလိမ့်မည်။ ဝီရိယဟူသည် လူသား တိုင်း၌ရှိနေသော အသုံးပြုနိုင်သော လက်နက်ကောင်း တစ်ခုဟု ဆိုနိုင်ပါသည်။ ထိုဝီရိယဟူသော လက်နက် ကောင်းကိုအသုံးပြု၍ အရာရာကို 'ဆန္ဒ နှင့် စိတ် ဓာတ်' တစ်ထပ်တည်းကျအောင် ကြိုးစားအားထုတ် ပါက အရာရာအောင်မြင်နိုင်ပါသည်။ ဤတွင် ဗောဓိပက္ခိယတရား(၃၇)ပါး၌ ပါဝင်သော 'သမ္မပ္ပဓာန်

တရား(၄)ပါး'သည်လည်း

(၁) ဖြစ်ပြီး အကုသိုလ်တရားတို့ကို ပယ်ရန် အားထုတ်ခြင်း။

(၂) မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်အောင် အားထုတ်ခြင်း။

(၃) မဖြစ်ဖူးသေးသော ကုသိုလ်တရားတို့ကို ဖြစ်လာရအောင် အားထုတ်ခြင်း။

(၄) ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို မြဲမြံခိုင်ခံ့ တိုးပွားအောင် အားထုတ်ခြင်းတို့ဖြစ်ပါ၏။

တစ်နည်းအားဖြင့် 'ရှောင်ရန်' နှင့် 'ဆောင်ရန်' လိုရင်းအချက် ၂-ချက်သာမဟုတ်ပါလော။

ဤသို့ဆိုလျှင် ဘုရားရှင်တိုင်း၊ ဘုရားရှင်တိုင်း ဟောတော်မူသည့် **'မကောင်းမှုရှောင်၊ ကောင်းမှု ဆောင်၊ ဖြူအောင်စိတ်ကိုထား'** ဟူသော ဝစနာစကား နှင့်အညီ ... မကောင်းမှု 'ရှောင်'၊ ကောင်းမှု 'ဆောင်' ပြီးနောက် ဖြူအောင်စိတ်ထားနိုင်ဖို့ဆိုလျှင် လောကုတ္တရာမဂ်ဖိုလ်တရားများကို ပဓာနိယဂ်တရား ငါးပါးနှင့်အညီ ကျင့်ကြံကြိုးစားကြရပါမည်။ ထို့ကြောင့် 'သမ္မပ္ပဓာန်လုံ့လဝီရိယ'ဖြင့် မိမိတို့၏ဘဝ များကို တစ်ဆင့်ထက်တစ်ဆင့် ရင့်ထက်ရင့်အောင် မလင့်ပုံသေ ဖြည့်ကျင့်တော်မူကြပါစို့။

❁ ❁ ❁

စာတမ်းအမည် - **ဗုဒ္ဓဘာသာဝင်တို့၏ ဓာတ်ကြီးလေးပါးကမ္မဋ္ဌာန်းကို လေ့လာပူဇော်ခြင်း**

ပြုစုသူ - **အဖွဲ့. (၈)**

ကြီးကြပ်သူ - **ဆရာဦးစန်းဝင်း**

အဖွဲ့.(၈) ၏ အဖွဲ့ဝင်များ အမည်စာရင်း

စဉ်	အမည်	နံပါတ်	စဉ်	အမည်	နံပါတ်
၁။	ဦးအဂ္ဂဝံသ	DM - 1	၁၆။	ဒေါခင်အေး	DM - 128
၂။	ဦးအောင်ကျော်သန်း	DM - 65	၁၇။	ဒေါခင်မေဦး	DM - 144
၃။	ဦးမြင့်စိုး	DM - 226	၁၈။	ဒေါခင်သီတာဦး	DM - 158
၄။	ဦးမျိုးလွင်	DM - 228	၁၉။	ဒေါမာမာအေး	DM - 194
၅။	ဦးစန်းလွင်	DM - 286	၂၀။	ဒေါမေသူလွင်	DM - 197
၆။	ဦးသိန်းဇော်လှ	DM - 333	၂၁။	ဒေါမေမြန္ဓယ်	DM - 213
၇။	ဦးထွန်းလှိုင်	DM - 365	၂၂။	ဒေါမြင့်မြင့်	DM - 220
၈။	ဦးဇော်လင်းနိုင်	DM - 412	၂၃။	Dr. ဒေါမြင့်ရီ	DM - 227
၉။	ဒေါအေးမြသီတာယု	DM - 90	၂၄။	ဒေါဇြိမ်းဇြိမ်းလတ်	DM - 265
၁၀။	ဒေါအေးမွန်ထွေး	DM - 92	၂၅။	ဒေါသက်မာဝင်း	DM - 334
၁၁။	ဒေါချောစုလှိုင်	DM - 104	၂၆။	ဒေါသီတာ	DM - 342
၁၂။	ဒေါချိုချိုလွင်	DM - 105	၂၇။	ဒေါတင်မြတ်သန္တာစု	DM - 355
၁၃။	ဒေါဌေးဌေးထွန်း	DM - 122	၂၈။	ဒေါတင်နွယ်ဦး	DM - 357
၁၄။	ဒေါထိုက်ထိုက်	DM - 124	၂၉။	ဒေါတင်တင်အေး	DM - 358
၁၅။	ဒေါထွေးထွေးစံ	DM - 125	၃၀။	ဒေါဇာဖြူမြင့်	DM - 407

ဗုဒ္ဓဘာသာဝင်တို့၏ ဓာတ်ကြီးလေးပါးကမ္မဋ္ဌာန်းကို လေ့လာပူဇော်ခြင်း

အဖွဲ့ (၈)

သုတေသနစာတမ်းအကျဉ်း

ဗုဒ္ဓဘာသာဝင်တို့၏ နေ့စဉ်နေထိုင်မှုဘဝတွင် အားထားစရာ လက်ကိုင်ကမ္မဋ္ဌာန်းတစ်ပါးပါးကို နှလုံးသွင်း ဆင်ခြင်နိုင်စေရန် သမာဓိထင်လွယ်သော ဓာတ်ကမ္မဋ္ဌာန်းအား ပွားများအားထုတ်ပုံကို လေ့လာတင်ပြခဲ့ပါသည်။ ဓာတ်လေးပါးကမ္မဋ္ဌာန်းဟူသည် မိမိတို့ခန္ဓာကိုယ်တွင် ကိန်းအောင်းနေသော ဓာတ်တို့၏သဘောကို ဆင်ခြင်နှလုံးသွင်းလျက် ဝိပဿနာရှုမှတ်ပွားများခြင်းဖြစ်ပါ၏။ ထိုသို့ ဆင်ခြင်နှလုံးသွင်းကြရာတွင် မာမှု၊ ပျော့မှု၊ ပေါ့မှု၊ လေးမှု၊ ပူမှု၊ အေးမှု၊ ယိုစီးမှု၊ ဖွဲ့စေးမှု စသောသဘောတို့ကို မပြတ်ဆင်ခြင်ကာ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ပုဂ္ဂိုလ်သတ္တဝါပညတ်များ ကင်းစင်သည်အထိ ပွားများကြရမည်ဖြစ်ပါသည်။ အဆိုပါ ဓာတ်သဘောတို့သည် မမြဲခြင်း၊ ဆင်းရဲခြင်း၊ မိမိအလိုသို့မလိုက်ခြင်း စသော အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘော ပေါ်လွင်အောင် အထိ ပွားများကြရမည်ဖြစ်ပါသည်။ ဖောက်ပြန်ပြောင်းလဲခြင်း၊ မတည်မြဲခြင်း၊ အသစ်အသစ်ထပ်၍ဖြစ်ပေါ်နေခြင်း၊ ပျက်စီးသွားခြင်း စသော သဘောတရားများသည် ရုပ်ကမ္မဋ္ဌာန်းဖြစ်သည့် အားလျော်စွာ ထင်သာမြင်သာရှိသဖြင့် သမာဓိရလွယ်သော ကမ္မဋ္ဌာန်းအနေဖြင့် တင်ပြခြင်းဖြစ်ပါ၏။ မြတ်စွာဘုရားရှင်ကို ရိုသေလေးစားသော ဗုဒ္ဓဘာသာဝင်တို့ အနေဖြင့် ကမ္မဝဏ္ဏ၊ ကိလေသဝဏ္ဏ၊ ဝိပါကဝဏ္ဏ သုံးပါးကို ကြောက်လန့်လျက် လွတ်မြောက်ခြင်းကို အလိုရှိပါက တစ်ခုသော ကမ္မဋ္ဌာန်းကို လက်ကိုင်ထား ပွားများအားထုတ်ကြရမည်သာ ဖြစ်ပါသည်။

ဤခန္ဓာကိုယ်ရှိ မာခြင်း၊ လေးခြင်း၊ ကြမ်းခြင်း၊ ခက်ထန်ခြင်းသဘောတရားများသည် ပထဝီဓာတ်၏ သဘောလက္ခဏာဖြစ်၏။ ယိုစီးခြင်း၊ ဖွဲ့စေးခြင်း၊ စိမ့်ထွက်ခြင်းသဘောတို့သည် အာပေါဓာတ်၏ သဘောလက္ခဏာဖြစ်၏။ ပူခြင်း၊ အေးခြင်း၊ လောင်ကျွမ်းခြင်း၊ အေးစိမ့်ခြင်းသဘောတရားအစုတို့သည် တေဇောဓာတ်၏ သဘောလက္ခဏာဖြစ်၏။ တွန်းခြင်း၊ ထိုးခြင်း၊ ထောက်ပံ့ခြင်း၊ ကန်ခြင်းသဘောသည် ဝါယောဓာတ်၏ သဘောလက္ခဏာဖြစ်၏။ ဤတွင် မြတ်စွာဘုရားက မြေကြီးနှင့်တူသော ဓာတ်ကို ပထဝီဟုနာမည်ပေးခြင်းသာဖြစ်ပြီး မြေကြီးသည် ပထဝီမဟုတ်ပုံ၊ ထိုနည်းတူစွာ ရေနှင့်တူသောဓာတ်ကို အာပေါဟု အမည်တပ်ခြင်းသာဖြစ်ပြီး ရေသည် အာပေါမဟုတ်ပုံ၊ မီးနှင့်တူသော ဓာတ်ကို တေဇောဟု၊ လေနှင့်တူသောဓာတ်ကို ဝါယောဟု အမည်တပ်ခေါ်ဝေါ်ခဲ့ခြင်းဖြစ်ကြောင်းလည်း သတိချပ်ဖွယ် ဖြစ်ပါသည်။

မိမိတို့၏ ခန္ဓာကိုယ်ကို ၃၂ ပုံအဖြစ် ပုံလိုက်မည်ဆိုပါက ကံကြောင့်ဖြစ်သောအစု ကမ္မဇရုပ်တို့ကိုသာ မြင်ရမည်ဖြစ်ပြီး စိတ်မရှိ၊ ပုဂ္ဂိုလ်သတ္တဝါမရှိဘဲ ဓာတ်လေးပါးအစုအပေါင်းသာ ဖြစ်နေသည်ကို ဉာဏ်ဖြင့်ဆင်ခြင်သုံးသပ်နိုင်မည် ဖြစ်ပါသည်။ ဝိရိယယှဉ်လျက် မပြတ်ပွားများမည်ဆိုပါလျှင် ဒိဋ္ဌိသုံးပါးကို အမြစ်မှပယ်သတ်နိုင်မည်ဖြစ်ပါသည်။ ဓာတ်နှင့်ပတ်သက်သည့် တရားတော်၊ ပါဠိတော်၊ မြန်မာပြန်၊ ကျမ်းရင်း၊ အဋ္ဌကထာ၊ ဋီကာ၊ ဝတ္ထုတော်များနှင့် ဆရာတော်ကြီးများ၏ မိန့်ဆိုချက်များကို စုစည်းဖော်ပြထားသည့် ယခုကျမ်းငယ်တွင် ဓာတ်ကြီးလေးပါးကို အကျယ်ရှင်းခြင်း၊ ဘုရားရှင် ဟောကြားတော်မူခဲ့သော ဥပမာများ၊ ကမ္မဋ္ဌာန်းရှုပွားနည်းများ၊ ပါဠိတော်လာ ဥပမာများ၊ ဗုဒ္ဓဘာသာဝင်တို့၏ အဓိကရည်မှန်းချက်ပန်းတိုင်၊ ရိပ်သာတွင် ယောဂီတို့ ရှုမှတ်ပွားများကြပုံ ကိုယ်တွေ့ပြောပြချက်များကို စီစဉ်ဖော်ပြထားပါသည်။

ကမ္မဋ္ဌာန်းလေးဆယ်ရေတွက်ခြင်း

ပထဝီကသိုဏ်း စသော ကသိုဏ်း (၁၀) ပါး၊ ဥဒ္ဓုမာတက စသော အသုဘ (၁၀)ပါး၊ ဗုဒ္ဓါနုဿတိ စသော အနုဿတိ(၁၀)ပါး၊ မေတ္တာ စသော အပ္ပမညာ (၄) ပါး၊ အစားအစာကို ရွံရှာစက်ဆုပ်ဖွယ် ဆင်ခြင်ရသော အာဟာရေပဋိကူလသညာ (၁) ပါး၊ ပထဝီစသော ဓာတ်လေးပါးတို့ကို ပိုင်းခြားမှတ်သားရသော စတုဓာတုဝဝတ္ထာန် (၁) ပါး၊ အာကာသာနဉ္စာယတန စသော အရူပ (၄) ပါး ဟူ၍ ကမ္မဋ္ဌာန်း (၄၀) ဖြစ်ပါသည်။

ဝိပဿနာပွားများခြင်းသည် ရုပ်တရား၊ နာမ်တရားတို့၏ မမြဲသော၊ ဆင်းရဲသော၊ အစိုးမရသော သဘောကို ရှုပွားရခြင်းဖြစ်ပြီး ရုပ်နာမ်တို့၏ အပေါင်းအစု အတုံး အလုံးအခဲ ပုံပန်းသဏ္ဌာန်စသော ပညတ်သဘောကို ရှုပွားရခြင်းမဟုတ်ပါ။ ရုပ်တရား နာမ်တရားတို့၏ သဘာဝလက္ခဏာ၊ သာမညလက္ခဏာ ဟူသော ပရမတ်သဘောကို ရှုပွားရ၏။

မြတ်စွာဘုရားရှင် ဘုရားမဖြစ်မီအခါက အကြံဖြစ်တော်မူ၏။ ပထဝီဓာတ်၊ အာပေါဓာတ်၊ ဝါယောဓာတ်၊ တေဇောဓာတ်တို့၏ သာယာဖွယ်သည့် အဘယ်နည်း၊ အပြစ်သည် အဘယ်နည်း၊ ထွက်မြောက်ရာသည် အဘယ်နည်းဟူ၍ အကြံဖြစ်ခဲ့၏။ ဓာတ်ကြီးလေးပါးကို စွဲ၍ဖြစ်သော ချမ်းသာမှုနှင့် ဝမ်းမြောက်မှုသည် ဓာတ်တို့၏ သာယာဖွယ်ဖြစ်ပါသည်။ ပထဝီစသော ဓာတ်တို့၏ မမြဲသော၊ ဆင်းရဲသော၊ မိမိအလိုသို့မလိုက်သော သဘောသည် ဓာတ်တို့၏အပြစ် ဖြစ်ပါသည်။ ပထဝီစသောဓာတ်တို့အား တပ်မက်မှု ဆန္ဒရာဂကင်းခြင်း၊ ရာဂကိုပယ်ခြင်းသည် ဓာတ်တို့မှ ထွက်မြောက်ရာဖြစ်ပါ၏။ မြတ်စွာဘုရားရှင်သည် ဓာတ်လေးပါးတို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့်၊ အပြစ်ကိုလည်း အပြစ်အားဖြင့်၊ ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာအားဖြင့် ဟုတ်မှန်သည့်အတိုင်း သိမြင်သောအခါမှသာ လူနတ် ဗြဟ္မာသတ္တဝါတို့အား ဘုရားဖြစ်တော်မူပြီ ဖြစ်ကြောင်း ဝန်ခံတော်မူခဲ့ပါသည်။

ဓာတ်လေးပါးဖွင့်ဆိုမှုများ

လယ်တီဆရာတော်ကြီး၏ အာနာပါနဒီပနီတွင် ပထဝီဓာတ်ကို တည်ရာအဖြစ်ဖွင့်ဆိုပါ၏။ တည်မှုသဘောဟူသည်ကား မာမှု၊ ကြမ်းမှု၊ နူးညံ့မှု၊ ပျော့ပျောင်းမှုအားဖြင့် တည်ရာသဘောဖြစ်ပါသည်။ ပထဝီခေါ် မြေဓာတ်တို့သည် ကမ္ဘာ့မြေဓာတ်ကြီး၊ အတုံးအခဲ မြေဓာတ်မျိုး၊ တန်ခိုးကြောင့် ဖြစ်ပေါ်လာရသော မြေဓာတ်မျိုး၊ တမင်လုပ်ယူသော အမာခံမြေ

ဓာတ်မျိုး၊ အကြောင်းထူးကြောင့် ပေါ်လာသောအမာခံ မြေဓာတ်မျိုး၊ ရေးကံကြောင့် ပေါ်လာသော အမာခံ မြေဓာတ်မျိုး စသည်ဖြင့် ၁၇ မျိုးကွဲပြားသကဲ့သို့ မိမိတို့၏ ခန္ဓာတွင်ရှိသော ပထဝီဓာတ် (၂၀) မှာ လည်း ဤသို့ဖြစ်ပါ၏။ ဆံပင်၊ မွေးညင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ၊ အသားစိုင်အသားခဲ၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျင်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက် ဟူ၍ ပထဝီဓာတ် လွန်ကဲသော ဓာတ် (၂၀) ဖြစ်ပါသည်။

အာပေါဓာတ်တို့သည်လည်း ပထဝီဓာတ်ကဲ့သို့ပင် ကမ္ဘာ့ရေဓာတ်ကြီးမှစလျက် (၁၆) မျိုးအထိ ကွဲပြား စေကာမူ မိမိတို့၏ အဒ္ဓတ္တကာယရှိ အာပေါဓာတ် လွန်ကဲသော ဓာတ် (၁၂) ပါးမှာ- သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ အဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ် တို့ပင်ဖြစ်ပါသည်။ ပထဝီဓာတ်နှင့် အာပေါဓာတ်တို့ လွန်ကဲသော ဓာတ်တို့၏ဇယားကို အောက်ပါအတိုင်း တွေ့မြင်ရမည်ဖြစ်ပါသည်။ ဝိပဿနာပွားများရန် အတွက် ဓာတ်တိုင်းကို ဆင်ခြင်ရမည်မဟုတ်ဘဲ အောက်ပါ အင်္ဂါ(၃)ချက်ဖြင့် ပြည့်စုံမှသာ မိမိတို့၏ ခန္ဓာနှင့်ဆက်စပ်သော ဓာတ်မျိုးဖြစ်မှသာ ပွားများ နိုင်မည်ဖြစ်ပါသည်။

(၁) ကိုယ်ကိုစွဲ၍ဖြစ်သော ဓာတ်တစ်မျိုးမျိုး ဖြစ်ခြင်း၊

(၂) ခဏတိုင်း၌ တွေ့ရှိနိုင်၊ ရှုပွားနိုင်သော ဓာတ်တစ်မျိုးမျိုး ဖြစ်ခြင်း၊

(၃) ပရမတ္ထသဘာဝကို ဖော်ပြပေးနိုင်သော ဓာတ်တစ်မျိုးမျိုးဖြစ်ခြင်းစသော အင်္ဂါရပ်များ ပြည့်စုံရန် လိုအပ်ပါသည်။

ဓာတ်လေးပါးတို့အနက်တွင် အာပေါဓာတ်သည်ကား ပင်ကိုအနေဖြင့် အသိမ်မွေ့ဆုံးလည်းဖြစ် သိရှိရန်လည်း အခက်ဆုံးဖြစ်ပါသည်။

၃၂ ကောဋ္ဌာသပြဇယား

ပထဝီဓာတ်လွန်ကဲ	ကေသာ ဆံပင်	လောမာ အမွေး	နခါ ခြေသည်းလက်သည်း	ဒန္တာ သွား	တစော အရေ	
	မံသံ အသား	နှာရု အကြော	အဋ္ဌိ အရိုး	အဋ္ဌိမိญ္ဇံ ရိုးတွင်းခြင်ဆီ	ဝက္ကံ အညို့	
	ဟဒယံ နှလုံး	ယကန် အသည်း	ကိလောမကံ အမြှေး	ပိဟကံ အဖျင်း(သရက်ရွက်)	ပပ္ဖါသံ အဆုတ်	
	အန္တံ အူမ	အန္တဂုဏံ အူသိမ်	ဥဒရိယံ အစာသစ်	ကရီသံ အစာဟောင်း	မတ္ထလုင်္ဂ ဦးနှောက်	
အာပေါဓာတ်လွန်ကဲ	ပိတ္တံ သည်းခြေ	သေမှံ သလိပ်	ပုဗ္ဗော ပြည်	လောဟိတံ သွေး	သေဒေါ ချွေး	မေဒေါ အဆီခဲ
	အဿု မျက်ရည်	ဝသာ ဆီကြည်	ခေဠော တံတွေး	သိင်္ဃာဏိကာ နှပ်	လသိကာ အစေး	မုတ္တံ ကျင်ငယ်

တေဇောဓာတ်သည် ရင့်ကျက်စေတတ်သော သဘောဖြစ်၍ ထိုဓာတ်ကောင်းလျှင် ခန္ဓာကိုယ်ငွေ့သည် မပူလွန်း၊ မအေးလွန်းဘဲ နွေးနွေးထွေးထွေးရှိကာ စားသောအစာသည်လည်း ကြေညက်ခြင်းသို့ လွယ်လွယ် ရောက်ပါ၏။ ကမ္ဘာဖျက်ရန်လောင်သော မီးဓာတ်၊ လောကရှိ မီးတောက်မီးလျှံ စသည်ဖြင့် (၁၉) မျိုးအထိ ကွဲပြားပါသော်လည်း ခန္ဓာနှင့်စပ်သော တေဇောဓာတ်များမှာ ရက်ဆက် ရက်ချန်ဖျားခြင်း၊ ပေါက်နာ ကျောက်နာစသော အသွေးအသားကို အကျယ်လောင်စေခြင်း၊ အစာကို ကြေစေတတ်ခြင်း၊ ရင့်ရော်ဟောင်းနွမ်း ဆွေးမြေ့စေတတ်ခြင်း စသည်တို့ ဖြစ်ပါသည်။

ဝါယောဓာတ်သည် ထောက်ကန်ပေးခြင်း၊ တွန်းပေးခြင်းသဘောဖြစ်၍ ဝါယောဓာတ်မျှတနေပါက သွားလာလှုပ်ရှားရာတွင် အဆင်ပြေပြီး အားအင်ပြည့်ဖြိုးကာ မမောမပန်းရှိ၏။ ပထဝီ၊ အာပေါ၊ တေဇောဓာတ်ကြီးများကဲ့သို့ပင် ဝါယောဓာတ်သည်လည်း ကမ္ဘာဖျက်သော လေဓာတ်မှစကာ (၂၂) ပါးအထိ ကွဲပြားသော်လည်း ကိုယ်ကိုစွဲ၍ဖြစ်သော လေဓာတ်တို့မှာ - အထက်သို့ ဆန်တက်သောလေအစု၊ အောက်သို့ စုန်ဆင်းသော လေအစု၊ ဝမ်းခေါင်းအတွင်းကိန်းသောလေအစု၊ အူမအူသိမ်အတွင်းကိန်းသော လေအစု၊ ကိုယ်အင်္ဂါလှုပ်ရှားမှုတို့တွင် အစဉ်လျှောက်သောလေအစုနှင့် ထွက်သက်ဝင်သက်တို့ပင် ဖြစ်ပါသည်။ ဓာတ်ကြီးလေးပါး ကမ္ဘဋ္ဌာန်းကို ရှုပွားလိုသူသည် ဝါယောဓာတ်မှ စတင်ပွားများဆင်ခြင်သင့်ပါသည်။ ဝါယောဓာတ်၏ကိစ္စမှာ အကျယ်ပြန့်ဆုံးလည်းဖြစ်ပြီး လှုပ်ရှားသွားလာမှု မှန်သမျှတို့သည် ဝါယောဓာတ်ဖြစ်သောကြောင့် ပရမတ္ထနှင့် အနိစ္စကို လျင်မြန်စွာ ထင်မြင်စေနိုင်ပါသည်။

မြွေလေးကောင်ဥပမာ

မြတ်စွာဘုရားရှင်က အာသီဝိသောပမသုတ်တော်တွင် ဓာတ်ကြီးလေးပါးကို အဆိပ်ပြင်းသော မြွေကြီးလေးကောင်နှင့် ဥပမာပြုလျက် ဟောပြတော်မူခဲ့သည်။ တစ်ခါသော် ဘုရင်တစ်ပါးသည် အဆိပ်ပြင်းသော မြွေလေးကောင်ကို မွေးထားရန် ကျွေးမွေးစောင့်ရှောက်ရန် သေဒဏ်ကျခံထားရသော ရာဇဝတ်သားကို အပြစ်မှလွှတ်ပေးလျက် ခိုင်းစေထား၏။ သေဒဏ်မှ လွှတ်သဖြင့် ရာဇဝတ်သားလည်း ဝမ်းမြောက်စွာ စောင့်ရှောက်လေ၏။ အဆိပ်ပြင်းသော မြွေကြီးများ ဖြစ်ကြောင်းကိုမူ မသိရှာပေ။

မြွေကြီးများသည် အလွန်အဆိပ်ပြင်းကြောင်း၊ စိတ်ဆိုး၍ကိုက်ပါက တစ်ကောင်ကကိုက်လျှင် ချက်ချင်း တောင့်တင်းပြီးသေ၊ နောက်တစ်ကောင်ကကိုက်လျှင် ရေခဲလိုအေးခဲပြီးသေ၊ အခြားတစ်ကောင်ကကိုက်လျှင် ချက်ချင်းမီးလောင်သေ၊ ကျန်တစ်ကောင်ကကိုက်လျှင် လေဖြတ်ပြီးသေ စသည်ဖြင့် အန္တရာယ်ပြုနိုင်ကြောင်းကို ပညာရှိတစ်ယောက်က လာသတိပေး၏။ ထိုအခါတွင်မှ ရာဇဝတ်သားလည်း ကြောက်လန့်ကာ မင်းချင်းများအလစ် မြွေကြီးများ သတိမမူမိခင်တွင် ပြေးလေ၏။ ထွက်ပြေးသော ယောဂျီးနောက်သို့ မြွေကြီးများလည်း လိုက်၏။ ဘုရင်ကလည်း ရန်သူတော် လူသတ်သမားငါးဦးကို လိုက်စေ၏။ တစ်ဖန် အခြားသတ်နိုင်မည့်သူ အတွင်းလူယုံတော်ကိုလည်း စေလွှတ်ကာ သတ်စေ၏။ မြွေထိန်းယောဂျီးသည် ပိုး၍အစွမ်းကုန်ပြေးရင်း ခြောက်အိမ်တန်းရွာပျက်ကြီးဆီ ရောက်လာ၏။ လူသူမရှိသော ရွာပျက်ကြီးသို့ ခိုးသားဓားပြများ လာနေပြီဖြစ်ကြောင်း သိရပြန်သဖြင့် မနားအားဘဲ ဆက်လက်ပြေးရပြန်သည်။

ပြေးလာရင်း နက်ရှိုင်းယယ်ကြီးဆီ ရောက်သောအခါ ဤဘက်ကမ်းသည် မြွေကြီးလေးကောင်၊ ရန်သူတော်လူသတ်သမားငါးဦး၊ အတွင်းလူယုံတော်၊ ရွာကိုနှိပ်စက်မည့် ခိုးသူတို့၏ ဘေးရန်များပြည့်လျက်ရှိ၏။ ဟိုဘက်ကမ်းတွင်ကား ဘေးရန်တို့ ငြိမ်းရာ၏၊ မွေ့လျော်ဖွယ်ဖြစ်ရာ၏ဟု ကြံစည်မိ၏။ သို့ရာတွင် ကူးသွားစရာ လှေလည်းမရှိ၊ တံတားလည်းမရှိ၊ ဖြစ်နေချိန်တွင် ရန်သူများ နောက်ကလိုက်ခြင်းခံရသဖြင့် အေးအေးဆေးဆေး မကြံအားဘဲ ရရာသစ်ရွက်သစ်ခက်ဝါး စသည်ကို ဖောင်ပြုလျက် မိမိလက်ဖြင့် အားကုန်လှော်ခတ်ကာ ဘေးကင်းရာကမ်းသို့ ရောက်ရှိလေ၏။ ရန်သူတော်များလည်း ဤဘက်ကမ်းတွင်ကျန်ကာ ပျက်စီးခြင်းသို့ ရောက်ကြ၏။

ဤဥပမာတွင် အဆိပ်ပြင်းသော မြွေလေးကောင်မှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသည့် ဓာတ်ကြီးလေးပါး၊ ရန်သူလူသတ်သမားငါးဦးမှာ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဟူသည့် ခန္ဓာငါးပါး၊ အတွင်းလူယုံဆိုသည်မှာ နှစ်သက်စွဲလမ်းမှု နန္ဒီ ရာဂ၊ လူသူဆိတ်သုဉ်းသော ရွာဆိုသည်မှာ အရှေ့တွင်ကာယာတန၊ ခိုးသားဓားပြများဆိုသည်မှာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ တွေးကြံစရာအာရုံများကို ဆိုလိုခြင်းဖြစ်သည်။ နက်ရှိုင်းယယ်ကြီးမှာ နစ်မြုပ်စေတတ်သော ဩဃလေးပါး၊ ဘေးနှင့်ပြည့်သော ဤဘက်ကမ်းဆိုသည်မှာ စွဲလမ်းဖွယ်ရာခန္ဓာငါးပါး၊ ဘေးကင်းသော ဟိုဘက်ကမ်းသည် နိဗ္ဗာန်၊ ဖောင်ဆိုသည်မှာ မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရား၊ လက်ခြေဖြင့် လှော်ခတ်မှုသည် လုံ့လကြိုးကုတ်အားထုတ်မှု၊ ဘေးကင်းရာသို့ ရောက်ရှိသူမှာ ရဟန္တာကို ဆိုလိုခြင်းဖြစ်ပါသည်။

အဆိုပါ အာသီဝိသောပမသုတ်တော်သည် ပုဂ္ဂိုလ်အမျိုးအစားအားလုံးအတွက် သင့်တော်သော သုတ်တော်ဖြစ်သည်။ ဘေးနှင့်ပြည့်သောကမ်းမှ မွေ့လျော်ဖွယ်နိဗ္ဗာန်သို့ ကူးမြောက်နိုင်ကြစေခြင်းအကျိုးငှာ မြတ်စွာဘုရားရှင်သည် ဟောကြားတော်မူခဲ့ပါသည်။

ဓာတ်ကြီးလေးပါးတို့သည် အဖန်ဖန်ပြုပြင်စီရင်အပ်သော တရားတို့သာတည်းဟု နှလုံးသွင်းလျက် အနှစ်သာရမဟုတ်သည်ကို ပွားများဆင်ခြင်ကြရမည်ဖြစ်ပါသည်။ ဤသို့ ဆင်ခြင်ရာတွင် နမူနာအနေဖြင့် ဆံပင်ကို ဓာတ်ကြီးလေးသွယ် ဓာတ်ငယ်လေးပါးခွဲစိတ်ပုံအကျဉ်းအား ပြလိုပါ၏။ ဆံပင်ကို စမ်းကြည့်လျှင် မာခြင်းသည် ပထဝီ၊ ဆံပင်၏ လုံးပတ်သဏ္ဌာန်ဖွဲ့စည်းမှုသည် အာပေါ၊ ဆံပင်၏ ပူမှုနွေးမှုသဘောသည် တေဇော၊ ဆံပင်၏ ပူရှိန်အေးရှိန်အစုသည် ဝါယော ဓာတ်ကြီးတို့ပင်ဖြစ်ပါ၏။ မျက်စိဖြင့်မြင်ရသော ဆံပင်၏အဆင်းသည် ဝဏ္ဏဓာတ်၊ နှာခေါင်းဖြင့် နမ်း၍ရသော အနံ့သည် ဂန္ဓဓာတ်၊ လျှာဖြင့် ထိလျှင်ရသော အရသာတစ်ခုခုသည် ရသဓာတ်၊ ဆံပင်ကိုစားသော သတ္တဝါတို့အတွက် ဆံပင်သည် ဩဇာဓာတ်ငယ်တို့ပင်ဖြစ်ပါ၏။ ထို့ထက်ပို၍ကား ဆံပင်တို့သည် တောင်ပို့ထက်တွင် မြက်ပင်များ ပေါက်ရောက်သကဲ့သို့တည်း။ ဆံပင်နှင့် ဦးခေါင်းခွံအရေတို့သည် အချင်းချင်း မဆက်စပ်၊ သီးခြားအဖို့အစုပင်တည်း။ အတ္တမှ ဆိတ်၏။ သတ္တဝါမဟုတ် ခက်မာကြမ်းတမ်းသော ပထဝီဓာတ်ပေတည်းဟု နှလုံးသွင်းနိုင်ပါသည်။

မြတ်စွာဘုရားရှင်သည် ဓာတ်တို့၏ သဘောအသေးစိတ်ကို ပုဏ္ဏသာတိမင်းကြီးအား ဟောပြတော်မူခဲ့ရာ အနာဂါမ်အဖြစ်တည်ခဲ့ကြောင်း ဓာတုဝိဘင်္ဂသုတ်တော်တွင် ပါရှိပါသည်။ နီသော မုတ်ဆိတ်ကျင်စွယ်ရှိသူ ခိုးသူသတ်ယောက်ျားကို အရှင်

သာရိပုတ္တရာက ဓာတ်ခြောက်ပါးတရား ဟောကြား တော်မူခဲ့ရာ အပါယ်တံခါးပိတ်လျက် သောတာပန်၏ ရှေ့ဆုံးဖြစ်သော ဉာဏ်ကိုရလျက် ကွယ်လွန်သောအခါ တုသိတာနတ်ပြည်သို့ ရောက်ရှိရသည်။ ဓာတ်ခြောက်ပါးဟူသည်မှာ ဓာတ်လေးပါးနှင့် အာကာသဓာတ်၊ ဝိညာဏဓာတ်ကို ထည့်သွင်းဟောကြားခြင်းဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းချက်ပန်းတိုင်

သံသရာတွင် ကျင်လည်နေရသော ပုထုဇဉ်များအဖို့ အနိမ့်ဆုံးအောက်မင်္ဂတစ်ပါး မရသေးသရွေ့ မိမိသေလွန်သော် အပါယ်ကျမည့်ဘေးမှာ စိုးရိမ်ဖွယ်ဖြစ်ပါသည်။ ဘဝအသချေ်မှ ပြုလုပ်ခဲ့ဖူးသော ဒုစရိုက် အစုစုတို့ကလည်း အပါယ်သို့ဆွဲယူနိုင်ရန် လုပ်ဆောင်ချက်မှ လွတ်မြောက်ရန်မှာ အရိယာအဖြစ်သို့ ရောက်ရှိအောင် ကျင့်ကြံခြင်းမှတစ်ပါး အခြားနည်းလမ်းမရှိပေ။ အပါယ်သို့ ကျရောက်စေတတ်သော ရန်ရင်းသည့် သံယောဇဉ်များကိုပယ်ရန်မှာ သောတာပတ္တိမင်္ဂသည်သာ ထောက်တည်ရာ ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်တို့အဖို့ ရည်မှန်းရာ နောက်ဆုံးပန်းတိုင်ဖြစ်သော မြတ်နိဗ္ဗာန်ကို ဘုရားရှင်ဟောကြားလမ်းညွှန်တော်မူသော ကမ္မဋ္ဌာန်းတစ်ပါးပါးအားအားထုတ်မှသာလျှင် ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ မည်သည့် ကမ္မဋ္ဌာန်းပင်ဖြစ်ပါစေ မိမိနှင့် လိုက်ဖက်သော ကမ္မဋ္ဌာန်းတစ်ပါးပါးကို လက်ကိုင်ထားခြင်းသည် သံသရာတစ်ဖက်ကမ်း ကူးမြောက်နိုင်ရေးအတွက် လိုအပ်လှပါသည်။

မြတ်စွာဘုရားရှင်က လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ မပြတ်ဆင်ခြင်ပွားများ ရမည့်အရာ ငါးမျိုးကို ဟောကြားခဲ့၏။

ငါသည် အိုခြင်း နာခြင်း သေခြင်းသဘောရှိ၏။ ထိုအိုနာသေသဘောကို ငါသည် မလွန်ဆန်နိုင်။ ငါသည်ချစ်ခင်အပ်သော အရာအားလုံးနှင့် သေကွဲရှင်ကွဲ ကွဲရခြင်းသည် ဖြစ်နိုင်ချေရှိ၏။ ကံသာလျှင် မိမိဥစ္စာအမွေခံ မှီခိုအားထားရာ ဖြစ်၏။ ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ ငါပြုမိသောကံ၏ အမွေခံသာဖြစ်၏ - ဟူ၍ ဆင်ခြင်ရန် ဟောကြားခဲ့ပါသည်။

မြတ်စွာဘုရားရှင်သည် အလောင်းတော်သုမေဓာရှင်ရသေ့ဘဝတွင် လက်တော်သို့ရောက်ရှိပြီးသော နိဗ္ဗာန်ကိုမယူဘဲ သတ္တဝါအများလွတ်မြောက်စေရန် လေးအသချေ်နှင့် ကမ္ဘာတစ်သိန်း ပါရမီတော်များကို ဖြည့်ကျင့်တော်မူခဲ့သည်။ မြတ်စွာဘုရားရှင်အားပူဇော်ရာတွင် တရားဖြင့်ပူဇော်ခြင်းကို မြတ်စွာဘုရားရှင်သည် အနှစ်သက်ဆုံး ဖြစ်တော်မူ၏။ ထို့ကြောင့် ရုပ်နာမ်မမှန်သခိ်ရဓာတ်တို့အား ကမ္မဋ္ဌာန်းတရားတစ်ပါးပါး လက်ကိုင်ထားလျက် ပွားများနေခြင်းသည် မြတ်စွာဘုရားရှင်ကို အကောင်းဆုံး ပူဇော်ခြင်းပင်ဖြစ်ပါသည်။

ရုပ်ဓာတ်နာမ်ဓာတ်များ အမြဲမတည်ဘဲ ချုပ်ပျောက်ခြင်းကို လက္ခဏာရေးသုံးပါးတင်လျက် နေ့စဉ်ဘဝတွင်လည်း ရှုပွားနိုင်ပါသည်။ ရှေးရှေးကလည်း အလုပ်စီးပွား အိမ်မှုကိစ္စမပျက်စေရဘဲ ကမ္မဋ္ဌာန်းပွားများခဲ့ကြသော နာဂသမာလမ်ထေရ် (ဆွမ်းခံကြွရင်း ရဟန္တာဖြစ်)၊ ဥဂ္ဂသေနသူဌေးသား (ကျွမ်းအတတ်ပြရင်း ရဟန္တာဖြစ်)၊ ထေရိကာ အိမ်ရှင်မ (ဟင်းရွက်ကြော်ရင်း အနာဂါမ်ဖြစ်) ဝတ္ထုကြောင်းများလည်း ရှိပါသည်။ မိမိတို့နှင့် သင့်လျော်ရာ နည်းလမ်းအတိုင်း ရှုမှတ်ပွားများမည်ဆိုပါက သွားရင်းလာရင်း နေရင်းထိုင်ရင်း လုပ်ရင်းကိုင်ရင်း စားရင်း သောက်ရင်းကပင် သတိလက်ကိုင်ပြုလျက်

မဂ်တရား ဖိုလ်တရားများ ရရှိအောင်မြင်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် တရားကို လိုလားကြသူ ဗုဒ္ဓဘာသာဝင် သူတော်ကောင်းအပေါင်းတို့သည် မိမိတို့၏ စရိုက်၊ ဝါသနာအဖြာဖြာနှင့် လိုက်လျောညီထွေ ဆီလျော်စေမည့် ကမ္မဋ္ဌာန်းတရား တစ်ပါးပါး အားထုတ်ပွားများနိုင်ကြလျက် ကိလေသာတို့မှ စင်ကြယ်ခြင်း၊ သောကပရိဒေဝစသော မီးတို့မှငြိမ်းအေးခြင်း၊ ဒုက္ခဒေါမနဿအပေါင်း ချုပ်ငြိမ်းခြင်းတို့ ဖြစ်ကြစေရန် သစ္စာလေးပါးကို သိမြင်ကြပြီး နိဗ္ဗာန်သို့ မျက်မှောက်ပြုလွယ်နိုင်စေရန်၊ အကျိုးအထောက်အပံ့ တစ်စုံတစ်ရာ ဖြစ်စေရန် ရည်သန်လျက် ဤစာတမ်းငယ်အား ရေးသားပြုစုလိုက်ရပါသည်။

စာတမ်းအမည် - ငြိမ်းအေးချမ်းသာ အရိယာတို့ပျော်စံရာ

ပြုစုသူ - အဖွဲ့ (၉)

ကြီးကြပ်သူ - ဆရာမ ဒေါ်ငြိမ်းအေးဝင်း

အဖွဲ့.(၉) ၏ အဖွဲ့ဝင်များ အမည်စာရင်း

အမှတ်	အမည်	နံပါတ်	အမှတ်	အမည်	နံပါတ်
၁။	အရှင် ကုမာရဝံသ	DM - 10	၁၇။	ဒေါ်ခင်မာဦး	DM - 140
၂။	ဦးလှဝေ(ခေါ်)ဦးလှဝေငြိမ်း	DM - 120	၁၈။	ဒေါ်စိုးစိုးမော်	DM - 299
၃။	ဦးမင်းသူ	DM - 207	၁၉။	ဒေါ်အေးအေးသိန်း	DM - 80
၄။	ဦးအောင်နိုင်စိုး	DM - 67	၂၀။	ဒေါ်သီရိခင်သန်း	DM - 350
၅။	ဦးစိုး	DM - 300	၂၁။	ဒေါ်ဥမ္မာ	DM - 268
၆။	ဦးပေါ်လာ	DM - 270	၂၂။	ဒေါ်ခင်မျိုးဆက်	DM - 150
၇။	ဦးကျော်လှ	DM - 420	၂၃။	ဒေါ်လှဲ့လှဲ့စန်း	DM - 192
၈။	ဦးခင်ကြည်	DM - 137	၂၄။	ဒေါ်မူမူ	DM - 212
၉။	ဦးတင့်ဆွေ	DM - 363	၂၅။	ဒေါ်သန်းသန်းထွေး	DM - 319
၁၀။	ဦးအောင်ဇင်ထွန်း	DM - 100	၂၆။	ဒေါ်အေးအေးခိုင်	DM - 72
၁၁။	ဦးမြသောင်း	DM - 215	၂၇။	ဒေါ်သင်းသင်းအေး	DM - 344
၁၂။	ဒေါ်ကုသလနန္ဒီ	DM - 43	၂၈။	ဒေါ်သဲသဲတင်	DM - 329
၁၃။	ဒေါ်ဖေယျာသီဂီ	DM - 42	၂၉။	ဒေါ်တင်ချိုဝင်း	DM - 354
၁၄။	ဒေါ်ဝိစာရီ	DM - 60	၃၀။	ဒေါ်ရွှေစင်တင်ထွန်း	DM - 307
၁၅။	ဒေါ်ခင်မာဆွေ	DM - 141	၃၁။	ဒေါ်ခိုင်ခိုင်ထွေး	DM - 426
၁၆။	ဒေါ်အေးအေးသန်း	DM - 79			

ငြိမ်းအေးချမ်းသာ အရိယာတို့ပျော်စံရာ
အဖွဲ့ (၉)
သုတေသနစာတမ်းအကျဉ်း

ဒုက္ခအချက်လွတ်ရက်မရှိ - ရခဲလှစွာသော ထိုထိုဘဝတို့တွင် ကျင်လည်ကြကုန်သော၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့နှင့် အပါယ်လေးဘုံသားတို့တွင် မြတ်ဗုဒ္ဓသာသနာ၏ ထောက်ရာတည်ရာမှီရာဖြစ်သော အဓိသီလသိက္ခာ၊ အဓိသမာဓိသိက္ခာ၊ အဓိပညာသိက္ခာတို့နှင့် အလွဲကြီးလွဲပြီးတော့ နေကြကာ၊ ရှည်ကြာလှသော သံသရာခရီးခဲကြီးဝယ် မြုပ်ချီတစ်ခါ ပေါ်ချီတစ်လှည့်ဖြင့် မဆုံးနိုင်အောင်ပင် မျောချင်တိုင်းမျောပါနေတော့သည်။

ကရွတ်ကင်းလျှောက်ဖြင့်ပုထုဇဉ်ဘဝ - ပဋိစ္စသမုပ္ပါဒ် ဒေသနာနှင့်အညီ မသိမှုအဝိဇ္ဇာခေါ်သော စုံလုံးကန်းဘဝ၌ နေကြသောကြောင့် ပြုမိမှားခဲသော သခ်ါရတွေနှင့် အရူးပျော် အကန်းပျော် ပျော်နေရရှာတော့သည်။ သခ်ါရတွေကြောင့် ပဋိသန္ဓေဝိညာဏ်ဖြစ်ရသည်။ ထိုဝိညာဏ်ကြောင့် ခန္ဓာငါးပါးဖြစ်သော နာမ်နှင့်ရူပ်ကို ပိုင်ဆိုင်လိုက်ရပေ၏။ နာမ်ရူပ်ကြောင့် သင်္ဘာယတန၊ ဖဿ၊ ဝေဒနာတို့ဟူသော ဥပါဒါနက္ခန္ဓာဟူသော ဒုက္ခသစ္စာကြီး မရှနိုင် မကယ်နိုင်ပင် လက်ဝယ်ပိုင်ပိုင်ရရှိ၍ လာပါတော့သည်။

အရိယာတို့သိအပ်သောဒုက္ခသစ္စာကြီး - 'ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံအရိယသစ္စံ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ ဗျာဓိပိ ဒုက္ခော၊ မရဏံပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္မယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံန လဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာ ဒုက္ခာ၊' (ဓမ္မစက္ကပ္ပဝတ္တန သုတ္တပါဠိတော်) အဓိပ္ပါယ်၌ ပဋိသန္ဓေနေခြင်းသည် ဒုက္ခဖြစ်၏။ ဆံဖြူသွားကျိုး အိုမင်းရင့်ရော်ခြင်းသည် ဒုက္ခဖြစ်၏။ နာရခြင်းသည် ဒုက္ခဖြစ်၏။ သေရခြင်းသည်လည်း ဒုက္ခဖြစ်၏။ ချစ်ခင်နှစ်သက်စုံမက်သော သူနှင့် ကွေကွင်းရခြင်းသည်လည်း ဒုက္ခဖြစ်၏။ မချစ်ခင်မနှစ်သက်သူနှင့် ပေါင်းဖက်နေထိုင်ရခြင်းသည်လည်း ဒုက္ခဖြစ်၏။ ကိုယ်လိုချင်တာမရခြင်းသည်လည်း ဒုက္ခဖြစ်၏။ အကျဉ်းချုပ်အားဖြင့် ပြရသော် ဥပါဒါနိ်တရားတို့၏ စွဲလမ်းရာဖြစ်သော ဥပါဒါနက္ခန္ဓာ ငါးပါးသည်လည်း ဒုက္ခစင်စစ်ဧကန်ပင် ဖြစ်ပေတော့သတည်း။

အရိယာစန်းလွတ်မြောက်လမ်း - အချိန်နှင့်အတိ ပြီးသော ဒုက္ခတွင်းဒုက္ခမှောင်ကြီးအတွင်းမှ လွတ်မြောက်ရာလမ်းမှာတော့ မိမိရရှိထားပြီးဖြစ်သော ခန္ဓာငါးပါးကို အရင်းတည်လျက် သိက္ခာသုံးပါးဖြစ်သော အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာတို့ကို ဗောဓိပက္ခိယ သုံးဆယ့်ခုနှစ်ပါး

ပြည့်စုံအောင် ဖြည့်ကျင့်၍ ဆင်းရဲအပေါင်းတို့၏ ချုပ်ရာငြိမ်းရာသန့်သုခဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ အာရုံဖြစ်သော မြတ်နိဗ္ဗာန်သို့ မျက်မှောက်ပြုရပေတော့လတ္တံ့။

သီလဝိသုဒ္ဓိ (အဓိသီလသိက္ခာ)

ကာယက်မှု၊ ဝစီက်မှုတို့ကို ဖရိုဖရဲမဖြစ်ရအောင် ကောင်းစွာထားခြင်းသည် သီလမည်ပါသည်။

စိတ္တဝိသုဒ္ဓိ (အဓိစိတ္တသိက္ခာ)

'သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ။'

စိတ်ဓာတ်တည်ကြည်ခြင်းဟူသော သမာဓိမှ ကင်းပြီး ခန္ဓာ, အာယတန, ဓာတ်, သစ္စာဟုဆိုအပ်သော ပရမတ်တရားတို့ကို မြင်နိုင်သော၊ ယထာဘူတဉာဏ် မဖြစ်နိုင်ဘူးဟု မြတ်စွာဘုရားရှင် ဟောကြားထားသောကြောင့် သမာဓိတရားကို ကောင်းစွာ အားထုတ်ရပေမည်။

'ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ။'

ဘိက္ခဝေ၊ ရဟန်းတို့။ အာနာပါနသတိ၊ အာနာပါနသတိ ကမ္မဋ္ဌာန်းအလုပ်သည်။ ဘာဝိတာ၊ ပွားများအပ်သည်ရှိသော်။ ဗဟုလီကတာ၊ နေ့ရက်များစွာ ပွားများအပ်သည်ရှိသော်။ စတ္တာရော သတိပဋ္ဌာနေ၊ သတိ ပဋ္ဌာန်လေးပါးတို့ကို။ ပရိပူရေန္တိ၊ ပြီးပြည့်စုံနိုင်စေကုန်၏။

ဈာန်ကိုရလျှင်နိဝရဏကြဉ်

'ကိလေသေ သမေတိတိ သမထော။'

ပဌမဈာန်၏ဈာန်အင်္ဂါငါးပါးတို့သည် နိဝရဏတရားများကို ပယ်သတ်လေ၏။ ဝိတက်သည် ထိနမိဒ္ဓနိဝရဏကို ပယ်သတ်လေ၏။ ဝိစာရသည် ဝိစိကိစ္ဆာကိုလည်းကောင်း၊ ဝိတိသည် ဗျာပါဒကိုလည်းကောင်း၊ သုခသည် ဥဒ္ဓစ္စကို လည်းကောင်း၊ ဧကဂ္ဂတာသည် ကာမစ္ဆန္ဒကိုလည်းကောင်း၊ ဝိက္ခမ္ဘန ပဟာန်အားဖြင့် ခပ်ကြာကြာပယ်ခွါထားနိုင်၏။

ဒိဋ္ဌိဝိသုဒ္ဓိ (အဓိပညာသိက္ခာ)

ဝင်သက်ထွက်သက်ကို အာရုံပြုသောစိတ်၌ ပါရှိသော သတိ၊ ဝီရိယ၊ ဉာဏ်ပညာတို့သည် နာမ်မည်၏။ အာရုံဟူသော ဖောက်ပြန်မှုကို သိခြင်းသည် စိတ်တည်း။ အာရုံကို အထပ်ထပ် အမှတ်ရခြင်းသည် သတိတည်း။ ထိုအလုပ်၌ အားထုတ်ခြင်းအမှုသည် ဝီရိယမည်၏။ ဝင်သက်ထွက်သက်ကို အာရုံပြုမည်ဟု သိမြင်ထင်မှတ်မှုသည် စိတ်၌ဒိဋ္ဌ အရိုးစိုက်ကြီးပင်ဖြစ်သည်။ ဤဒိဋ္ဌ အရိုးစိုက်ကြီးကိုဉာဏ်၌ ကွယ်ပျောက်အောင် စိတ်၌သုတ်သင်ရာ၏။ ထွက်သက် ဝင်သက်ကို အာရုံကြိယာသည် စိတ်မည်၏။ နှလုံးခေါ်ဟဒယဝတ္ထု၌ ထိုစိတ်ပိတိဖြစ်ပေါ်၍နေသော အခါ ဝင်သက်ထွက်သက်အာရုံကို သတိပြုမှုကြိယာ ပေါ်နေ၏။ ထိုအမှု ထိုကြိယာသည် နာမ်၏ကြိယာမတ္တတည်း။ ပုဂ္ဂိုလ်လည်းမဟုတ်၊ ပုဂ္ဂိုလ်၏ အမှုလည်းမဟုတ်၊ သတ္တဝါလည်းမဟုတ်၊ သတ္တဝါ၏အမှုလည်းမဟုတ်၊ ငါလည်း မဟုတ်၊ ငါ၏အမှုလည်းမဟုတ်၊ စိတ်ဟူ၍လည်းကောင်း၊ ဝိညာဏ်ဟူ၍လည်းကောင်း၊ နာမ်ဟူ၍လည်းကောင်း၊ ပရမတ္ထသဘာဝ၏ အမှုတခုဟု ရှုမြင်ရာ၏။

ကခ်ီဝိတရဏဝိသုဒ္ဓိ

တစ်ကိုယ်လုံး တစ်ကောင်လုံးမှ ကံ၊စိတ်၊ဥတု၊ အာဟာရဟူသောအကြောင်း တရားလေးပါးကြောင့် ဖြစ်သော ရုပ်ဓာတ်မှုကြီးလေးပါးနှင့်၊ စိတ်ဓာတ်မှုကြီး

တစ်ပါးဟူ၍ ဓာတ်အမှုကြီးငါးပါးကို အသိဉာဏ် အမြင်ပေါက်အောင် အားထုတ်ပြီး ကခ်ါဝိတရဏ ဝိသုဒ္ဓိဖြစ်ရာ၏။ ထို့နောက် ပဋ္ဌိစ္စသမုပ္ပာဒ်ဉာဏ်အမြင် ပေါက်လျှင်လည်း ကခ်ါဝိတရဏဉာဏ် ဖြစ်တော့သည်။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

ရုပ်မမှန်နာမ်မမှန်ဟုဆိုအပ်သော ရုပ်နာမ်ခန္ဓာသည် နာခေါင်းဝမှစ၍ အလျားတလ ဝ အနံ့တစ်ထွာရှိသော ဤကိုယ်ကောင်ကြီး အတွင်းဝယ် ဖြစ်ပေါ်၍နေသော ဖြစ်မှုပျက်မှုတို့သည် ဖြစ်တာအစ ဖြစ်တာအလယ်၊ ဖြစ်တာ အဆုံးတို့ကို ဉာဏ်မှာမြင်တွေ့ရ၍၊ ဖြစ်တာ ပျက်တာကရုပ်နာမ် သိနေတာက မဂ်ဉာဏ်ဟု သိသိနေခြင်းသည် မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိပင် ဖြစ်ပေသည်။

ဝိပဿနာအစ ပရမတ်အာရုံက

'ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ၊ သောကပရိဒေဝါနံ သမတိက္ကမာယ၊ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿအဓိဂမာယ၊ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။' (မဟာသတိပဋ္ဌာနသုတ်)

သတ္တဝါတို့၏ ကိလေသာအညစ်အကြေး စိတ်ရုပ်ထွေးတွေကို စင်ကြယ်စေနိုင်ပြီး စိုးရိမ်တကြီး ငိုကြီးရှိုက်ငင် ပင်ပန်းပူဆွေးမှုတွေကိုလည်း ကင်းစင်စေနိုင်ပြီး၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲတွေကိုလည်း ချုပ်ငြိမ်းကွယ်ပျောက် နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုနိုင်သော၊ တစ်ခုတည်းသာရှိသော တရားလမ်းကြီးသည် သတိပဋ္ဌာန်တရားသာ ဖြစ်ပေသည်။

ထွက်သက်ဝင်သက်တို့၊ ထိခိုက်ရာထိမှုသိမှုကို ရှုပွားသော ဖုသနနည်းဖြင့်ခရီးစရပေအုံ့။ ပဋ္ဌမစျာန် ဖြင့် ရှုပွားသောထိမှုသိမှုသည် ပရမတ်စစ်စစ် ဖြစ်ပေသည်။ ထိုပရမတ်တရားတို့ တည်မှီ၍ ဖြစ်နေသော နာခေါင်းဝနေရာသည် ပညတ်တရားဖြစ်ပါသည်။ ပညတ်တရားသည် သမုတိသစ္စာနယ်ဖြစ်၍၊ ပရမတ်တရားသည် ပရမတ္ထနယ် ဖြစ်ပေသည်။ ဤကဲ့သို့ပညတ်နှင့် ပရမတ်ကိုခွဲခြား သိရန်လိုပေသည်။ သို့မှသာ ဝိပဿနာပညာစခန်းသို့ တက်လှမ်းနိုင်ပေမည်။

ဝိပဿနာဉာဏ်ဆယ်ပါး

သမ္မသနဉာဏ်ဆိုသည်မှာ - ရုပ်ခန္ဓာတို့၏ သန္တတိအနိစ္စ, သန္တတိဒုက္ခ, သန္တတိအနတ္တမျိုး ဖြစ်သည်။ ရုပ်အကြောင်း - နာမ်အကျိုး၊ နာမ်အကြောင်း - ရုပ်အကျိုးဟူ၍ အကြောင်းနှင့်အကျိုးကို သိသောဉာဏ်ပင်ဖြစ်သည်။

ဥဒယဗ္ဗယဉာဏ်ဆိုသည်မှာ - ရုပ်နာမ်ခေါ်ထိမှုသိမှုတို့ကို အစအလယ်အဆုံး ဒိဋ္ဌမမြင်တွေ့၍ လာရင်းကအစနှင့် အဆုံးကိုသာမြင်တွေ့လာပေသည်၊ ဖြစ်သော ပျက်သောကိုသာ မြင်တွေ့လာပေသည်။ ဤသို့ထင်မြင်ခြင်းသည် ဥဒယဗ္ဗယဉာဏ် အနုပိုင်းခေါ် ရှေ့ပိုင်းဖြစ်သည်။

အရင့်ပိုင်းသို့ ရောက်သောအခါအဖြစ်ကိုမြင်လျှင် သေလျှင်ပြတ်သည်ဟု ယူထားသော ဥစ္ဆေဒဒိဋ္ဌိ စင်သည်။ အပျက်ကို မြင်လျှင် ဝိညာဉ်သည် မသေဘဲ နောင်ရုပ်အတွင်းသို့ ကူးပြောင်းသွားသည်ဟု ယူထားသော သဿတဒိဋ္ဌိ စင်သည်။ အဖြစ်နှင့် အပျက် နှစ်ပါးစုံကို မြင်လျှင်သတ္တဝါယဒိဋ္ဌိ စင်သည်။ ဤသို့ဖြင့် ဒိဋ္ဌိသုံးပါးလုံးသည် ဝိကွမ္ဘနပဟာန်ဖြင့် ကင်းစင်ပေသည်။

ဘင်ဉာဏ် - သမာဓိနှင့်ပညာ အားကောင်းလာသောကြောင့် ဖြစ်မှု ပျက်မှုတို့ တံလျှပ်ပမာ လျင်မြန်

လာတော့သည်။ နူးညံ့သိမ်မွေ့၍လည်း သွားတော့သည်။ ထိုအခါဥပါဒ်စွန်းကို ဉာဏ်၌ မထင်မြင်တော့ဘဲ အပျက်ချည်းသာ မြင်နေတော့သည်။

ဘယဉာဏ် - မြဲသည်ဟုယူထားသော အယူတွေ လုံးလုံးလျားလျားပင် စွန့်လိုက်တော့သည်။ အပျက်ကို အမြင်သန်လာတော့ ဆင်းရဲနေခြင်းသည်လည်း ပို၍ထင်မြင်လာ၏။ မိမိ၏ရုပ်နာမ်ဓမ္မ သခ်ါရတရားကြီးကို ပိုင်ဆိုင်ထားရသည်မှာ မြွေပွေးကို ခါးပိုက်ပိုက်ထား ရသည်ဟုထင်၏။ မြွေပွေး မြွေဟောက်တို့ကို နင်းမိထားသကဲ့သို့ ထင်မြင်၏။ ကြပ်ကြပ်စူးစိုက်ရှုလေ အပျက်မြင်လေ၊ ကြပ်ကြပ်ဘေးကြီးဟု ထင်လေဖြစ်တော့သည်။

အာဒီနဝဉာဏ် - ရှုပွားလိုက်တိုင်း သခ်ါရတရားတို့၌လည်းကောင်း၊ ဘုံဘဝတို့၌လည်းကောင်း၊ သာယာနှစ်သက်ဖွယ်ဟု မထင်တော့ဘဲ အပြစ်တွေသာ မြင်လာတော့၏။ ရွံ့မုန်းဖွယ်တွေသာ တွေ့မြင်နေရတော့၏။ အလွန်ကြောက်မက်ဖွယ်ရာဖြစ်သော အပြစ်တွေသာ မြင်နေသောဉာဏ်သည် အာဒီနဝဉာဏ်ပင်ဖြစ်ပါသည်။

နိဗ္ဗိဒါဉာဏ် - ရုပ်နာမ်ဖြစ်ပျက်တို့ကို ငြီးငွေ့ဖွယ်ဟု သိမြင်လာသောဉာဏ်သည် နိဗ္ဗိဒါဉာဏ်ဖြစ်ပါသည်။

မုစ္စိတုကမျတာဉာဏ် - အလုံးစုံသော သခ်ါရတရားတို့မှ လွတ်မြောက်လိုစိတ် ဖြစ်ပေါ်နေခြင်းကိုပင် မုစ္စိတုကမျတာဉာဏ်ပင်ဖြစ်ပါသည်။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

ဝိတိ၊ ပဿဒ္ဓိ၊ သြဘာသတို့သည် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်မဟုတ်ဟုသိသောအခါ၊ လမ်းမှန်အတိုင်း သွားမှဘဲ ဟုသိရ၍ ရုပ်နာမ်တို့၏ ဖြစ်မှုပျက်မှုကို ရှုသွားသော ပဋိသခ်ါဉာဏ်မှစ၍ အနုလောမဉာဏ် အထိရှုသောဉာဏ်ကို ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ ဖြစ်ပါသည်။

ပဋိသခ်ါဉာဏ် - သခ်ါရအားလုံးတို့မှ လွတ်မြောက်လို၍ ရှုပွားအပ်သော သခ်ါရကိုပင် တစ်ဖန်ပြန်လည်၍ ရှုပွားသော ဉာဏ်ကို ပဋိသခ်ါဉာဏ်ဟု ခေါ်ပါသည်။

သခ်ါရုပေက္ခာဉာဏ် - ပဋိသခ်ါဉာဏ်ရင့်သန်လာသောအခါ ရုပ်နာမ်များအပေါ် အထူးကြောင့်ကြ မစိုက်တော့ဘဲ ရှုပွားတိုင်းသာ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ၊ အချင်းအရာတပါးပါးကို အလိုလိုပင်သိလျက် သိလျက်နေတော့သည်။ ထိုသို့ဖြစ်၍ နေခြင်းသည် သခ်ါရုပေက္ခာဉာဏ်ဖြစ်ပေသည်။

အနုလောမဉာဏ် - ထိုအခါမှာ အဓိမောက္ခဟုခေါ်သော သဒ္ဓါတရားသည် အထူးကောင်းမွန်လာသည်။ အရှုခံအာရုံသည် သိမ်မွေ့၍လာသလို အရှုဉာဏ်သည်လည်း အထူးပင်အားကောင်းလာပါသည်။ ထိုအခါ ဟန်ချက်ညီညာသော ဝီရိယသည် မြဲမြံခိုင်ခဲ့၍ လာပါသည်။ အမှတ်ရမှုသတိသည်လည်း ထင်ရှားဖြစ်ပေါ်ပြီး အားကောင်းလာပါသည်။

ဉာဏဒဿနဝိသုဒ္ဓိ

ဂေါတြဘူဉာဏ် - ပုထုဇဉ်အနွယ်ကို ဖြတ်ရန်အတွက် မီးပုံးပျံကြီး မှိုင်းဝအောင် စောင့်ဆိုင်းနေရသလိုပင် ဖြစ်သည်။ လောကီအနွယ်မှ လောကုတ္တရာအနွယ်သို့ တက်လှမ်းတော့မည်ဖြစ်ပေသည်။ နယ်နှစ်နယ် အားပြိုင်၍ နေပေသည်။ နောက်ဆုံးမှာတော့ လေးညို့မှ ပစ်လွတ်လိုက်သောမြားကဲ့သို့ တရှိန်ထိုးပြေးထွက်သွားတော့သည်။ နောက်ကြောင်းသို့ လုံးဝလုံးဝပြန်မလှည့်တော့ပေ။

မဂ်ဉာဏ် - အလွန်ပင်လေးလံလှသော တန်ဘိုး

မဖြတ်နိုင်သော ရွှေထုပ်ကြီးကို ထမ်းထားရသကဲ့သို့ပင် ရှိနေသော ပုထုဇဉ်အရှုးအကန်းဘဝသည် အလွန်ပင် ကြောက်စရာကောင်းလှပေသည်။ မနိုင်မနင်း ဖြစ်နေတော့ ယိမ်းထိုးကာဖြင့် ခန္ဓာဝန်သည် အလွန်ပင် လေးလွန်းလှပေသည်တကား။ ချထား၍လည်းမဖြစ် ဆက်လည်းထမ်း မထားနိုင်။ နောက်ဆုံးမှာတော့ ချုပ်ဆုံး၍သွားပေသည်။ ချမ်းသာလိုက်ပေစ။ လောကဌ္ဌရှိသော မည်သို့သောချမ်းသာမျိုးတို့မှ တုန့်ဉ်း၍မယှဉ်နိုင်တော့ပြီ။

ဖိုလ်ဉာဏ် - ရှဉာဏ်ခေါ် နာမ်သိပ္ပက်သည် ရုပ်ချုပ်အပြီး နာမ်သိပ္ပက်သုံးကြိမ်သာ ဖြစ်ချုပ်ဖြစ်ပေါ် လိုက်ရပြီး၊ နာမ်သိပ္ပက်ပါ ချုပ်ဆုံးသွားပေတော့သည်။ သိပ္ပက်မှာလည်း သုံးကြိမ်စာမျှပင် ချုပ်ချိန်ကြာပေ သည်။ ထိုသို့ သိပ္ပက်မှုချုပ်နေခြင်းသည် ဖိုလ်ဉာဏ် ဖြစ်ပေသည်။

ပစ္စဝေက္ခဏာဉာဏ် - ထိုသို့ဖိုလ်ဖိုလ်ဖိုလ်ဟု သုံးကြိမ်အပြီး၊ ဖြစ်ပျက်နဲ့နဲ့လေးပြန်ပေါ်လာသည်။ စောစောကချုပ်၍ ချမ်းသာနေချိန်ကို အာရုံပြုနေခြင်း သည်ပင် ပစ္စဝေက္ခဏာဉာဏ်ပင်ဖြစ်သည်။

အရိယာ - အရိ၊ ကိလေသာရန်သူဟူသမျှကို။ ယာ၊ မြှုမှုမကျန်ရအောင် အမြစ်ပြတ်တွန်းလှန် ချိုးဖြတ်ပြီးသော မြတ်သောဘုရားအစရှိသော၊ သူတော်ကောင်းတို့ကို အရိယာဟုခေါ်သည်။ နိဗ္ဗာန် သို့ ပထမဦးစွာဖြင့် မျက်မှောက်ပြုသော သောတာပန် အရိယာစင်စစ် ဧကန်ဖြစ်ပါတော့သတည်း။

မဂ္ဂင် ရှစ်ပါး

- သမ္မာဒိဋ္ဌိ (မှန်စွာမြင်ခြင်း)
- သမ္မာသင်္ကပ္ပ (မှန်စွာကြံစည်ခြင်း)
- သမ္မာဝါစာ (မှန်စွာပြောဆိုခြင်း)
- သမ္မာကမ္မန္တ (မှန်စွာလုပ်ကိုင်ခြင်း)
- သမ္မာအာဇီဝ (မှန်စွာအသက်မွေးခြင်း)
- သမ္မာဝါယာမ (မှန်စွာအားထုတ်ခြင်း)
- သမ္မာသတိ (မှန်စွာအောက်မေ့ခြင်း)
- သမ္မာသမာဓိ (မှန်စွာတည်ကြည်ခြင်း)

သစ္စာလေးပါး

- ဒုက္ခသစ္စာ (ဆင်းရဲခြင်းအမှန်တရား)
- သမုဒယသစ္စာ (ဆင်းရဲကြောင်းအမှန်တရား)
- နိရောဓသစ္စာ (ဆင်းရဲချုပ်ခြင်းအမှန်တရား)
- မဂ္ဂသစ္စာ (ဆင်းရဲချုပ်ကြောင်းအမှန်တရား)

လောကုတ္တရာစိတ်ဖြင့်နိဗ္ဗာန်မြင်ပုံ

'လောကံတရန္တိ လောကုတ္တရာ'

လောကံ၊ ဖြစ်ပျက်ခြင်းလောကကို။ တရန္တိ၊ လွန်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ လောကုတ္တရာ၊ လောကုတ္တရာ မည်၏။

'လောကေန ဝိမုတ္တာတိ လောကုတ္တရာ'

လောကေန၊ ဖြစ်ပျက်နေခြင်းလောကမှ။ ဝိမုတ္တာ၊ လွန်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ လောကုတ္တရာ၊ လောကုတ္တရာမည်၏။ (ပဋ္ဌိသမ္ဘိဒါမဂ်)

လောကုတ္တရာစိတ်ဖြင့် နိဗ္ဗာန်ကိုမြင်သော အခါ၌ ဝေဒယိတသုခမဟုတ်၊ သန္တိသုခသာ ဖြစ်ပေ သည်။ ဤသို့ဖြင့် သောတာပတ္တိမဂ်အဆိုက်တွင် နှစ်ဆယ်ပါးသော သက္ကာယဒိဋ္ဌိ၊ ခြောက်ဆယ့်နှစ်ပါး သော မိစ္ဆာဒိဋ္ဌိ၊ ဆယ်ပါးသော အန္တဂါဟိကဒိဋ္ဌိ၊ သုံးပါးသော နိယတမိစ္ဆာဒိဋ္ဌိ၊ ဆယ့်ခြောက်ပါးသော ဝိစိကိစ္ဆာတို့သည် တစ်ပြိုင်နက်တစ်ချက်တည်း အကြွင်းအကျန်မရှိ သမုစ္ဆေဒပဟာန်ဖြင့်အပြီးတိုင် ချုပ်ငြိမ်းကုန်၏။

သကဒါဂါမိမဂ်အဆိုက်တွင်ရန့်ရင်းသော ကာမ ရာဂ၊ ဗျာပါဒတရားတို့သည် ပါး၍သွားကုန်၏။

အနာဂါမိမဂ်တွင် ရုန်ရင်းသော ကာမရာဂ၊ ဗျာပါဒ တရားတို့သည် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းကုန်၏။ အရဟတ္တမဂ်တွင် ရူပရာဂ၊ အရူပရာဂ၊ မာန၊ အဝိဇ္ဇာ အစရှိသော ကိလေသာတို့သည် အကြွင်းအကျန်မရှိ အပြီးတိုင်ချုပ်ငြိမ်းကုန်တော့သည်။

ဖလသမာပတ်ဝင်စားခြင်း - ဤသို့ မဖြစ်တရားများကို မြင်ဘူးပြီးသောပုဂ္ဂိုလ်သည် အလေ့အကျင့်မဖျက်ဘဲ ဝသီဘော်နိုင်၍နေလျှင် မဖြစ်တရားကို အာရုံပြုလိုသောအခါ၊ နာရီဝက်၊ တစ်နာရီ စသည်ဖြင့် အဓိဋ္ဌာန်ပြုရ၏။ ထို့နောက် အန္တရာယ်ရှိလျှင် သိရပါလိမ့်။ စိတ်ကရည်မှန်းပြီး မိမိကြိုက်နှစ်သက်ရာ ဣရိယာပုတ်ဖြင့်နေ၍ ဖြစ်ပျက်ကို အာရုံစိုက်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော မိမိလာခဲ့သော လမ်းအတိုင်း ပြန်ရှုသော် မိမိအဓိဋ္ဌာန်ထားသည့်အတိုင်း အဖြစ်တရားများရှိရာမှ မဖြစ်တရားများ ရှိရာဆီသို့ ရွှမ်းလျက်သားဖြစ်သွားတော့သည်။ ထိုအခါ အလွန်ငြိမ်သက်တည်ကြည်သော ရုပ်ဖြစ်၍ နေ၏။ ခိုင်မာသောဣရိယာပုတ်ဖြစ်ပြီး ထိုင်လျှင်ထိုင်လျက် ထလျှင် ထလျက်နေတော့သည်။

အရိယာတို့ပျော်စံရာ(နိဗ္ဗာန်)

'ဝိညာဏ် အနိဒဿနံ အနန္တံ သဗ္ဗတောပဘံ ဇွေ အာပေါစ ပထဝီ၊ တေဇော ဝါယော နဂါဓတိ။

ဝိညာဏသ နိရောဓေန ဇွေတေ ဥပရုဇ္ဈတိ။'

ဝိညာဏ်၊ အရိယာမွန် ပုဂ္ဂိုလ်ချွန်တို့ ဉာဏ်လွန်ဉာဏ်မြတ် ဉာဏ်ထူးဓာတ်ဖြင့်၊ သိအပ်ပိုင်ပိုင်သိနိုင်ကောင်းထသော။ အနိဒဿနံ၊ အရာဝတ္ထုမဟုတ်မှုကြောင့် စက္ခုဖြင့်မမြင်အပ် မမြင်နိုင်ထသော။ (အနိဒဿနံ၊ ငြိမ်သက်အေးမြ မွန်မြတ်လှသဖြင့် လောကဥပမာပြစရာလည်း မရှိထသော။)အနန္တံ၊ ဖြစ်ခြင်းရင့်ခြင်ပျက်ခြင်းဟု အခြင်းသုံးပါး၊ ပိုင်းအခြားဖြင့်၊ ကွဲပြားမထင်၊ အမြဲသစ်လွင်၍ တည်ထသော။ သဗ္ဗတောပဘံ၊ သမုဒ္ဒရာ ဆိပ်ကမ်းသာသို့ ဝင်ရာဖုံဖုံ အလုံးစုံအောင် ဖုံဖုံကမ္ဘာန်း၊ ဆိပ်ကမ်းအဝင်ဝလည်းရှိထသော။ ဇွေအာပေါစ ဂါဓတိ၊ ယခုလောကဌ်တွေ့ရသော ရုပ်နာမ်တို့သည်၊ ရုပ်ဖြစ်အောင် နာမ်ကကျေးဇူးပြု၊ နာမ်ဖြစ်အောင် ရုပ်ကကျေးဇူးပြု၊ ရုပ်အချင်းချင်း နာမ်အချင်းချင်းလည်း ကျေးဇူးပြုသောကြောင့် ဖြစ်ပြီးလျှင်ပျက် ပျက်ပြီးလျှင်လည်း ထပ်၍ ဖြစ်နိုင် တည်နိုင်ကြ၏။ ထို့ကြောင့် ဤနိဗ္ဗာန်တရားဌ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောအရင်းခံဓာတ်ကြီးတို့ မထောက်မမှီ မဖြစ်မတည်နိုင်တော့ပါ။ ဇွေတေ၊ ဥပရုဇ္ဈတိ၊ ထိုနိဗ္ဗာန်တရားမြတ်၏ အအေးဓာတ်အရှိန်ကြောင့် ရုပ်နာမ်စပ်မှ ဖြစ်ရသော ဒုက္ခတန်းလန်းလည်း မီးလျှံမီးတောက် ငြိမ်းပျောက်သကဲ့သို့ ငြိမ်းအေးရတော့၏။ ယဲနိဗ္ဗာနံ၊ ဒုက္ခပြတ်ကိန်း ဝဋ္ဋဓာတ်သိမ်း၍ ငြိမ်းရာအမှန် အကြင်မြတ်နိဗ္ဗာန်သည်။ အတ္ထိ၊ ပရမတ်တရားခါတ်တရားတို့ဖြင့် ထင်ရှားမသွေရှိပါပေသည်။

နိဗ္ဗာန်အပြားတစ်ပါး - နိဗ္ဗာန်သည် ဝေဒယိတ သုခမျိုးမဟုတ် သန္တိသုခသာဖြစ်သည်။

နိဗ္ဗာန်အပြားနှစ်ပါး - သဥပါဒိသေသ နိဗ္ဗာန် (ကိလေသာချုပ်ဆုံးသောနိဗ္ဗာန်) နှင့် အနုပါဒိသေသ နိဗ္ဗာန် (ပရိနိဗ္ဗာန်စံပြီးမှ ရရှိသောနိဗ္ဗာန်)

နိဗ္ဗာန်အပြားသုံးပါး - သုညတနိဗ္ဗာန်၊ အနိမိတ္တ နိဗ္ဗာန်၊ အပဏိဟိတနိဗ္ဗာန်။

နိဂုံး

ယခုဘဝ၌ပင် မဂ် ဖိုလ်ကို ရလိုသော ပုဂ္ဂိုလ်သည် နောက်ဘုရားသာသနာကို မျှော်လင့်၍ မနေလင့်။

ဤဘုရားသာသနာတော်၌ ဝါသနာဘာဂီပါရမီ မျိုးကိုသာ ဆည်းပူးကြရကုန်သည်ဖြစ်၍၊ သီလ သိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟူသော ပဋိပတ် ကျင့်စဉ်အတိုင်း တပါးပြည့်စုံလောက်မှ တစ်ပါးကျင့် မည်ဟုမနေလင့်။ ရနိုင်သမျှကိုလည်း ကြံဖန်အားထုတ် ၍ ရယူကုန်ရာ၏။ ပရိကမ္မနိမိတ်ကို ထင်မြင်ရအောင် အားထုတ်ဘူးသော သမထမှရုပ်နာမ်ခမ္မများကို ဥာဏ် သက်၍ တစ်ကြိမ်တခါမျှပင် ထင်မြင်ရသော ဝိပဿနာမှုများသည် အဆန်အမာတည်သော မျိုးစေ့ နှင့်တူ၏။ သမထအရာ၌ ဥဂ္ဂဟနိမိတ်ထင်မြင်မှု၊ ဝိပဿနာအရာ၌ တစ်ကြိမ်တစ်ခါမျှပင် သမ္မသန ဥာဏ်ဖြစ်မှုများသည် ထိုထက် အောင်မြင်ရင့်သန်သော မျိုးစေ့နှင့်တူ၏။ သမထအရာ၌ ပဋိဘာဂနိမိတ် ထင်မြင်မှု ဝိပဿနာအရာ၌ တစ်ကြိမ်တစ်ခါမျှပင် ဥဒယဗ္ဗယဉာဏ်ဖြစ်မှုများသည် ထိုထက်အလွန်ပင် အောင်မြင်ရင့်သန်သောမျိုးစေ့နှင့်တူ၏။ ဤမှအထက် သို့သမထအရာ၊ ဝိပဿနာအရာတို့၌ အဆင့်ဆင့်တက် နိုင်ပါလျှင် အလွန်ထက်အလွန် အောင်မြင်ရင့်မာ ကြီးမားစွာသော မျိုးစေ့ကြီးဖြစ်လေတော့သတည်း။

ထိုသို့အောင်မြင်သော မျိုးစေ့ကြီးများကို ဤဘုရားသာသနာ၌ပင် အသီးအပွင့်များဖြစ်အောင် ကြိုးစား အားထုတ်သင့်လှပေတော့သည်။ လူဖြစ်ရ ကျိုးနပ်စေရန် ဘုရားအဖြစ်သို့ရောက်တော်မူ၍ လေးဆယ့်ငါးဝါကာလပတ်လုံး ဟောကြားတော်မူအပ် သော ဝိဋ္ဌကတ်သုံးပုံကိုအဆီညှစ်၍ အနှစ်သာရကို ထုတ်ယူသည်ရှိသော် ဗောဓိပက္ခိယ သုံးဆယ့်ခုနှစ်ပါး ကိုရ၏။ ထိုဗောဓိပက္ခိယသုံးဆယ့်ခုနှစ်ပါးကို အကျဉ်းချုံးသော် ဝိသုဒ္ဓိခုနှစ်ပါးကိုရ၏။ ဝိသုဒ္ဓိ ခုနှစ်ပါးကို အကျဉ်ချုံးပြန်လျှင် သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာသုံးပါးကိုရ၏။

ရေကိုအလွတ်ထားလျှင် နိမ့်ရာသို့သာ စီးဆင်း သကဲ့သို့ သတ္တဝါတို့၏စိတ်သည် လွတ်၍ထားလျှင် မကောင်းရာသို့သာ တွင်တွင်သွားမြဲဖြစ်၍၊ မကောင်း ရာ၌သာ မွေ့လျော်၏။ လေကိုင် တက်ကိုင် မတတ်သူ သည် အညာကျေးရွာမှ စုံမျှော်၍လာရာ ကမ်းစဉ် တလျှောက်၌ တောတောင်အရပ်ကိုတွေ့ရှိလေရာ ဆိပ်ကမ်းမဟုတ်၍ ကပ်ခွင့်မရ စုန်မျှောရ၏။ ညဉ့် အခါရောက်ပြန်လျှင် မြို့ရွာဆိပ်ကမ်းတို့သို့ ရောက်ပါ သော်လည်း၊ ညဉ့်အမှောင်ဖုံးသဖြင့်၊ မြို့ရွာမှန်း မသိ၍ အတွင်စုန်မျှောရ၏။ နေ့အခါ၌ မြို့ရွာဆိပ်ကမ်း မှန်း မသိ၍ ကြောင်ကြောင်တွေ့ပါသော်လည်း လေတက်ကို မနိုင်သည့်အတွက် လေမျှောရာ ပါရ လေ၏။ လောက ၌ စိတ်ကိုမနိုင်သော သူသည် ထိုလေသူကြီးနှင့်တူ၏။ စိတ်သည်လေကြီးနှင့်တူ၏။ ဘုရားသာသနာမရှိရာ သုညကမ္ဘာတွေ၌ ကျင်လည် ကြကုန်သော ဤသတ္တဝါအပေါင်းသည် မြို့ရွာဆိပ် ကမ်းမရှိသော တောနယ် တောင်နယ်နှင့် တူကုန်၏။ ဘုရားပွင့်ရာ သာသနာတော်နှင့် ကြုံကြိုက်ပါသော် လည်း အရပ်ပြစ်ရှစ်ဌာန၌ ရောက်ရှိနေသော သတ္တဝါအပေါင်းသည် မြို့ရွာဆိပ်ကမ်းသို့ ရောက်ပါ လျက် ညဉ့်အမှောင်ဖုံးလွှမ်းသောကြောင့် မြို့ရွာဆိပ် ကမ်း ရှိမှန်းမသိ၍ တွင်တွင်စုန်မျှောရသော လေသူ ကြီးနှင့်တူ၏။ အနမတဂ္ဂသံသရာ၌ ဂဂ်ါသဲလုံးမျှမက ပွင့်ကြကုန်သော ဘုရားသာသနာ၌ ကျွတ်လွတ်ကြကုန် သော သူတို့သည်ကား သတိပဋ္ဌာန်အလုပ်ကို အားထုတ်ကြသဖြင့် စိတ်ကိုအလိုရှိရာ နိဗ္ဗာန်ဖြစ်သော ငြိမ်းအေးချမ်းသာသော အာရုံကောင်း၌ ကောင်းစွာ တည်သော အရိယာအစစ်ကြီးများအဖြစ်ဖြင့် ဧကန် ပျော်စံကြလေကုန်တော့သတည်း။



စာတမ်းအမည် - **စိတ်ထားဖြူစင်မြင့်မားရေး မဂ်လာတရား(၅)ပါးကို လေ့လာသုံးသပ်ခြင်း**

ပြုစုသူ - **အဖွဲ့(၁၀)**

ကြီးကြပ်သူ - **ဆရာမ ဒေါ်အေးအေးသွယ်**

အဖွဲ့(၁၀) ၏ အဖွဲ့ဝင်များ အမည်စာရင်း

အမှတ်	အမည်	နံပါတ်	အမှတ်	အမည်	နံပါတ်
၁။	ဦးဖြိုးဝေမြင့်	DM - 272	၁၆။	ဒေါ်ပြုံးပြုံးရွှေ	DM - 278
၂။	အရှင်ဝိလာသ	DM - 33	၁၇။	ဒေါ်စန်းစန်းရင်	DM - 289
၃။	ဒေါ်ဝိမလသီဂီ	DM - 59	၁၈။	ဒေါ်စန္ဒာလင်း	DM - 291
၄။	ဒေါ်အေးအေးသိန်း	DM - 83	၁၉။	ဒေါ်စီစီမြင့်	DM - 295
၅။	ဒေါ်အေးအေးဝင်း	DM - 84	၂၀။	ဦးစိုးမိုးအောင်	DM - 296
၆။	ဒေါ်ချိုချိုမာ	DM - 106	၂၁။	ဒေါ်သန်းသန်းအောင်	DM - 317
၇။	ဒေါ်ခင်အေးဝင်း	DM - 131	၂၂။	ဒေါက်တာသိန်းဌေး	DM - 330
၈။	ဒေါ်ခင်မြတ်မူ	DM - 148	၂၃။	ဒေါ်သီတာမြင့်	DM - 340
၉။	ဦးခင်ဇော်ဦး	DM - 160	၂၄။	ဒေါ်တင်လေးဆွေ	DM - 414
၁၀။	ဦးကိုကိုဇော်	DM - 165	၂၅။	ဒေါ်ထိုက်ထိုက်စိုး	DM - 415
၁၁။	ဒေါ်မွန်သူဇာ	DM - 210	၂၆။	ဒေါ်ခင်မိုး	DM - 416
၁၂။	ဒေါ်မြတ်မြတ်လွင်	DM - 216	၂၇။	ဒေါ်ခင်တိုး	DM - 417
၁၃။	ဒေါ်မြတ်မြတ်မော်	DM - 217	၂၈။	ဒေါ်သန္တာသွင်	DM - 419
၁၄။	ဒေါ်နွယ်နွယ်ဝင်း	DM - 252	၂၉။	ဦးသိန်းအောင်	DM - 421
၁၅။	ဒေါ်နန္ဒာခိုင်ခိုင်	DM - 266	၃၀။	ဒေါ်ချိုချိုဦး	DM - 422

စိတ်ထားဖြူစင်မြင့်မားရေး မဂ်လာတရား(၅)ပါးကို လေ့လာသုံးသပ်ခြင်း

အဖွဲ့ (၁၀)

သုတေသနစာတမ်းအကျဉ်း

မဂ်လာတရား(၃၈)ပါးတို့တွင် တစ်ပါးပါးကို ဖြစ်စေ၊ အချို့တစ်ဝက်ကိုဖြစ်စေ အားလုံးကိုဖြစ်စေ လိုက်နာ ကျင့်သုံးလျှင် ထိုလိုက်နာကျင့်သုံးသူသည် လူဖြစ်စေ၊ နတ်ဖြစ်စေ မည်သည့်အယူဝါဒကို ယုံကြည်သူဖြစ်စေ မယုံကြည်သူဖြစ်စေ ကျက်သရေ မဂ်လာတရားနှင့်ပြည့်စုံခြင်း ကောင်းကျိုးချမ်းသာ များစွာရခြင်း ကြီးပွားတိုးတက်ခြင်းစသော အကျိုး တရားများကို ရရှိခံစားနိုင်စေရန် ဤစာတမ်းကို ရေးသားပါသည်။

မဂ်လာဟုဆိုအပ်သော စကားရပ်သည် မြန်မာ လူမျိုးတို့နှင့် ရင်းနှီးသောစကားရပ်တစ်ခုဖြစ်သည်။ မဂ်လာဆိုသည်မှာ မကောင်းမှုကို ကြောက်တတ်သော ကြောင့် မဂ်လာမည်၏။ ကြီးပွားတိုးတက်ခြင်း၏ အကြောင်းဖြစ်သောကြောင့် မဂ်လာမည်၏။ မဂ်လာ တရားတော်သည် ကျွန်ုပ်တို့၏ နေ့စဉ်လူနေမှုဘဝကို နည်းလမ်းတကျ ဖြတ်သန်းနိုင်ပြီး နိဗ္ဗာန်တိုင် တက် လှမ်းနိုင်အောင် လမ်းညွှန်ထားသည့် တရားတော်ကြီး ပင်ဖြစ်သည်။ မဂ်လာသုတ်တော်အရ လူဟူသည် မိမိတစ်ဦးတည်းတစ်ယောက်တည်း နေနိုင်စွမ်းရှိသူ မဟုတ်ပေ။ သက်ရှိသက်မဲ့နှင့်လည်းကောင်း တန်ခိုးရှိ တန်ခိုးမဲ့တို့နှင့်လည်းကောင်း မလွဲမသွေဆက်ဆံ ရလေ၏။ ထိုသို့ဆက်ဆံရာတွင် ကာယက် ဝစီက် မနောက်ဟူသောက် (၃)ပါး တို့တွင် တစ်ပါးပါးဖြင့် ပတ်ဝန်းကျင်ကို ဆက်ဆံရမြဲဖြစ်၏။ ကောင်းသော ကာယက်ဖြင့် ဆက်ဆံပါက သုစရိုက်ကံမည်၏။ မကောင်းသောက်ဖြင့် ဆက်ဆံပါက ဒုစရိုက်ကံမည် ၏။ ထိုနည်းအတူ ဝစီက်ဖြင့်ဆက်ဆံရာ၌ လည်း ကောင်း ကောင်းမွန်သော စေတနာပါလျှင် သုစရိုက် ကံမည်၍ မကောင်းသောစေတနာပါလျှင် ဒုစရိုက်ကံ မည်၏။ အမှန်အားဖြင့် ဒုစရိုက်နှင့် သုစရိုက်သည် သာမာန်လူနှင့် မြင့်မြတ်သောလူတို့၏ နယ်ကြားမျဉ်း ဖြစ်၏။

လူဘဝသည် အလွန်ရခဲ၏။ ထို့ကြောင့် မြတ်စွာ ဘုရားက ဒုလ္လဘဟုဟောတော်မူခြင်းဖြစ်၏။ ဒုလ္လဘ ဖြစ်သော လူဘဝကို မြင့်မြတ်သောလူတို့၏ နယ် နိမိတ်အတွင်း၌သာရှိစေရန် မြတ်စွာဘုရားက မဂ်လာ သုတ်ကို ဟောတော်မူခြင်းဖြစ်၏။ မဂ်လသုတ်အတိုင်း လိုက်နာကျင့်သုံးပါက ဒုလ္လဘဖြစ်သော လူဘဝကို ထိုက်ထိုက်တန်တန် ရသည်မည်၏။ မဂ်လသုတ် အတိုင်း လိုက်နာကျင့်သုံးနိုင်အောင် ရှေးဦးစွာအလေး ထားရမည့် အချက်ကား 'ပတ်ဝန်းကျင်'ဖြစ်၏။ ထို့နောက် 'ဓမ္မ' ဖြစ်၏။ ထို့နောက် 'မိမိကိုယ်'

ဖြစ်၏။ မဂ်လာသုတ်သည် ဤအလေးထားမှု (၃) မျိုးလုံးကို ညွှန်ပြ၏။ ဤအလေးထားမှု (၃)မျိုးလုံးကို လိုက်နာကျင့်သုံးခြင်းဖြင့် ဤလောကတွင် ကာယက်ဖြစ်စေ၊ ဝစီက်ဖြစ်စေ၊ မနောက်ဖြစ်စေ ဒုစရိုက်ကံများ မှကင်းဝေးပြီး သုစရိုက်ကံများနှင့် ပုညကြိယာများသာ ထွန်းကားပြီး မွေ့လျော်ဖွယ်ကောင်းသောလောက ဖြစ်လာပေလိမ့်မည်။ ဤသို့လျှင် အရွယ်(၃) ပါးစလုံး၌ လေ့လာပွားများအားထုတ်ရန် မြတ်စွာဘုရားက မဂ်လသုတ်ကို ဟောတော်မူခြင်းဖြစ်၏။ ထို့ကြောင့် မဂ်လသုတ်သည် လူ့ဘဝတလျှောက်လုံး မြင့်မြတ်သောလူတစ်ယောက်အနေဖြင့် နေထိုင်ကျင့်ကြံသွားနိုင်ရေးအတွက် ဘဝနေနည်းလမ်းညွှန်ဒေသနာ ဖြစ်ပါသဖြင့် ယင်းဒေသနာ၌ လမ်းညွှန်ထားသည့် အတိုင်း လိုက်နာကျင့်သုံးနိုင်အောင် ကြိုးစားရမည် ဖြစ်ပါသည်။

'ဂါရဝ' မဂ်လာ

အလေးအမြတ်ပြုအပ်ကုန်သော သူတို့အား အလေးအမြတ်ပြုခြင်းသည် ဂါရဝမည်၏။ ဂါရဝ မဂ်လာကို လိုက်နာကျင့်သုံးခြင်းဖြင့် တစ်လောကလုံး အေးချမ်းသာယာနိုင်၏။ ဂါရဝတရားဟူသည် လူမှု ဆက်ဆံရေးနယ်ပယ်၌ အလွန်အရေးပါသည်။ ဂါရဝ တရား ပျက်စီးသူသည် ငရဲသို့ရောက်ကြောင်း၊ ငရဲမှ လွတ်မြောက်၍ လူဖြစ်ရပါသော်လည်း ယုတ်ညံ့သော အမျိုး၌ဖြစ်ရကြောင်း မြတ်စွာဘုရားရှင်က ဟောကြားခဲ့သည်။

အင်္ဂုတ္တရနိကာယ်တွင် ဟောတော်မူထားသော ဂါရဝတရားများကို သဘောတူရာ ပေါင်းစုပါက (၁၀)ပါး ရပါသည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် စေတီတော်ကို သွားရောက် ဖူးမြော်မှု၊ စေတီတော်နှင့်ဗောဓိပင်ကို ရှိခိုးဖူးမြော်မှု၊ စေတီရင်ပြင်တော်မှာ ဘိနပ်မစီး၊ ထီးမဆောင်းမှု စသည်တို့သည် ဘုရားကို ရိုသေမှု (ဗုဒ္ဓဂါရဝ) မည်ပါသည်။

တရားနာဖိတ်သောအခါ တရားနာသွားရောက်မှု လေးလေးစားစား စိတ်ပါဝင်စားစွာ တရားနာယူမှု၊ ဘာသာရေး စာပေတို့ကို လေ့လာသင်ကြားမှု စသည်တို့သည် တရားကို ရိုသေလေးစားမှု (ဓမ္မဂါရဝ) မည်ပါသည်။

သံဃာတော်မြတ်တို့ထံ ဆည်းကပ်ရန်သွားမှု၊ ရိုသေစွာ ရှိခိုးနေထိုင်မှု၊ သံဃာတော်တို့အား ခွင့်ပန်ပြီးမှ လျှောက်ထားမှုတို့သည် သံဃာတော်များကို ရိုသေမှု (သံဃဂါရဝ) မည်ပါသည်။

ရဟန်းဖြစ်စေ၊ လူဖြစ်စေ မိမိတို့ကျင့်ရမည့် ကျင့်ဝတ်သိက္ခာကို ကောင်းစွာ စောင့်ရှောက်ခြင်းသည် (သိက္ခာဂါရဝ)မည်၏။

ဣန္ဒြေရသော အမှုကိစ္စတို့ကိုသာ ပြုလုပ်ခြင်း၊ ဣန္ဒြေ (၆)ပါးကို ထိမ်းသိမ်းပြီး ကိုယ်၊ နှုတ်၊ စိတ် (၃)ပါးလုံးကို ထိန်းနိုင်လျှင် (သမာဓိဂါရဝ) မည်၏။

ကုသိုလ်ကောင်းမှုကိစ္စများတွင် မမေ့မလျော့ ရိုသေလေးစားခြင်းသည် အပွမာဒမှာ ရိုသေခြင်း (အပွမာဒဂါရဝ) မည်ပါသည်။

တရားသဘောအနေနှင့်ဖြစ်စေ အသုံးအဆောင် ပစ္စည်းဝတ္ထုအနေနှင့်ဖြစ်စေ အပေါက်အကြား မထင်အောင် အစေ့အစပ်ပြုမှုသည် (ပဋိသန္ထာရဂါရဝ) မည်ပါသည်။

မကောင်းမှုပြုလုပ်ရမည်ကို ရှက်ခြင်းမှာ ရိုသေလေးစားခြင်းသည် (ဟိရိဂါရဝ) မည်ပါသည်။

မကောင်းမှုပြုလုပ်ရမည်ကို ကြောက်လန့်ခြင်းမှာ ရိုသေလေးစားခြင်းသည် (ဩတပ္ပဂါရဝ) မည်ပါသည်။

ဆရာနှင့်တပည့် မိဘနှင့်သားသမီး အစရှိသဖြင့် အချင်းချင်း တစ်ဦးကိုတစ်ဦး အရိုအသေ အလေးအမြတ်

ပြုကြခြင်းသည် (အညမညဂါရဝ) မည်ပါသည်။

ဂါရဝတရားရှိသော ပုဂ္ဂိုလ်များသည်

- လိမ္မာယဉ်ကျေးပြီး အသိတရားနှင့် ပြည့်စုံသူဟု အများတကာ၏ ချီးမွမ်းပြောဆိုခြင်းကို ခံရခြင်း။
- အရိုအသေပြုခံရသည့် ပုဂ္ဂိုလ်များ၏ ချစ်ကြည်လေးစားမှုကို ခံရခြင်း။
- သေပြီးနောက် ကောင်းရာသုဂတိဘဝကို ပေးစွမ်းနိုင်ခြင်း။
- သုဂတိရောက် ပြန်လျှင်လည်း သက်ရှည်ဆင်းလှ ချမ်းသာရပြီး ခွန်အားလည်း ကြီးတတ်ခြင်းစသော အကျိုးများ ရနိုင်ပါသည်။

ဂါရဝတရား ပျက်ယွင်းသော ပုဂ္ဂိုလ်တို့သည် - သွေးအံ့ဖြစ်လွယ်၊ ရောင်းဝယ်ရှုံးခြင်း၊ ချို့ယွင်းအင်္ဂါ၊ နူနာကုဋ္ဌ၊ ရူးကြဖောက်ပြန်၊ မင်းဒဏ်သင့်ခန်း၊ ကြမ်းတမ်းစွပ်စွဲ၊ သေကွဲသားချင်း၊ ပျက်ခြင်းစည်းစိမ်၊ နေအိမ်မီးလောင်၊ ဒုက္ခကောင်သည်၊ လူဘောင်ဒိဋ္ဌ၊ တွေ့ကြုံရ၍၊ သောကဝရဲ၊ ကမ္ဘာစွဲ၏၊ ဟုဆိုသကဲ့သို့ အပြစ်ဒါဏ် (၁၀)ပါးနှင့် ကြုံတွေ့ရနိုင်ပါသည်။

လောကကြီးတွင် မည်သည့်ပုထုဇဉ်လူသားမှ ခြောက်ပြစ်ကင်းသဲလဲစင်မရှိပါ။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အားနည်းချက်ကို သာကြည့်၍ ဂါရဝမထားနိုင်ခြင်းမျိုးထက် ကောင်းကွက်တစ်ခုမဟုတ်တစ်ခုကို မြင်အောင်ကြည့်ပြီး လေးစားအားကျသောစိတ်နှင့် ဂါရဝပြုနိုင်ခြင်းဖြင့် 'ကြီးသူကိုရိုသေ ရွယ်တူကိုလေးစား ငယ်သူကိုသနား' ဟူသော ဆောင်ပုဒ်နှင့်အညီ လက်တွေ့ကျင့်သုံးနိုင်လျှင် လူဘောင်လောကကြီးသည် သာသာယာယာ ရှိနေပေလိမ့်မည်။

'နိုဝါတ' မဂ်လာ

မဂ်လာတရားတို့တွင် နိုဝါတမဂ်လာသည်လည်း အခြေခံကျသော မဂ်လာတစ်ပါးဖြစ်ပါသည်။ နှိမ့်ချသောစိတ်နှင့် နှိမ့်ချသောအကျင့်သည် နိုဝါတမည်ပါသည်။ နိုဝါတရှိသောပုဂ္ဂိုလ်သည် ခြေသုတ်ပုဆိုးချိုကျိုးသောနွား အစွယ်ကျိုးသောမြွေကဲ့သို့ မာန်မာနချလျှက် စကားပြောဆိုသောအခါ သာယာပြေပြစ်နားဝင်ချိုသာအောင် ပြောဆိုတတ်ပြီး ထိုပုဂ္ဂိုလ်မျိုးသည် အခြွေအရံပေါများခြင်း ထင်ပေါ်ကျော်စောခြင်းစသော ဂုဏ်အားလုံးကို ရရှိစေနိုင်ပါသည်။

သတိပြုရန်မှာ မောက်မာထောင်လွှားမှု အကုသိုလ်သည် နောက်ဆုံးရဟန္တာဖြစ်သည့် ဘဝအထိ ယုတ်ညံ့သော မျိုးရိုးခ်ဖြစ်စေရန် ဖန်တီးတတ်သည်ကို သင်ခန်းစာယူသင့်ပေသည်။

အမျိုးအနွယ် ပစ္စည်းဥစ္စာ စိန်ရွှေရတနာ အစရှိသော မာန်မာနဖြစ်ခြင်း အကြောင်းရင်းများအနက် ကုသိုလ်ကောင်းမှု အစုစုကြောင့်လည်း မာန်မာနဖြစ်တတ်ပါသည်။ မိမိပြုလုပ်သော ကုသိုလ်ကောင်းမှုနှင့်ပတ်သက်ပြီး 'ငါကဘယ်နှစ်သိန်းကုန်လျှုတာဘဲ၊ သူတို့လျှုတာ ငါအလျှုကို ဘယ်မီမလည်း၊ ဘယ်ယှဉ်လို့ရမလည်း၊ ငါက ဘယ်လောက်လျှုတာ၊ ငါ့လောက်လျှုနိုင်တဲ့သူ တစ်ယောက်မှမရှိဘူး' စသည်ဖြင့် ဒါနအရာမှာ မာန်မာနထောင်လွှားခြင်းများကို ဆိုလိုပါသည်။

မာန်မာနတက်ကြွသူတို့သည် အပြောအဆို မောက်မာတတ်ပါသည်။ မိမိကိုယ်ကို ထောင်လွှားတက်ကြွ မာန်မာနကြီးပြီး သူတစ်ပါးကိုနှိမ့်ချတတ်ပါသည်။ အမျိုးပညာ ပစ္စည်းဥစ္စာစသောဂုဏ်များဖြင့် သူတစ်ပါးကို မထေမဲ့မြင် ပြုလုပ်တတ်ပါသည်။ အရေးမစိုက်သော အမူအယာမျိုးဖြင့် ခပ်ထောင်ထောင် ခပ်ကြွားကြွားနေတတ်ပါသည်။ ထိုအမူအယာအား

လုံးသည် အများမုန်းစရာ စက်ဆုတ်စရာဖြစ်၍ ပျက်စီးခြင်း၏အကြောင်းတရားများသာ ဖြစ်ပါသည်။

အသွေ့မာနဆိုသည်မှာ မိမိကိုယ်ကိုအထင်ကြီးသော သဘောတရားဖြစ်သည်။ မဟာသီဝမထေရ်ကြီးကို ဥပမာဆောင်၍ သိအပ်ပါသည်။ 'ငါကဲ့သို့ စာတတ်ပေတတ် ပုဂ္ဂိုလ်မျိုးဟာ နှစ်ရက် သုံးရက်မျှလောက် တရားအားထုတ်လိုက်လျှင် မဂ်ဖိုလ်ကိစ္စပြီးနိုင်ပါတယ်'ဟု မိမိကိုယ်ကို အထင်ကြီးကာ တရားအားထုတ်သော်လည်း နှစ်ပေါင်း(၃၀)ကြာသည်အထိ ရဟန္တာ မဖြစ်နိုင်သဖြင့် ဝမ်းနည်းကာငိုကြွေးခဲ့ရသည်။ အသွေ့မာနကို သောတာပန် သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်များသော်မှ မပယ်နိုင်သေး၊ အကြောင်းတိုက်ဆိုင်လျှင် ဖြစ်ပေါ်လာတတ်ပါသေးသည်။ ဤအသွေ့မာနကို အရဟတ္တမဂ်ဖြင့်သာ အကြွင်းမဲ့ပယ်နိုင်သည်။

မည်သို့ပင်ဖြစ်စေ တရားကိုမလေးစားသူအဖို့ မာနကိုအပြစ်မမြင် အကောင်းထင်လျှက် မာန်မာနတက်ကြွနေသော်လည်း တရားကိုလေးစားသူတို့မှာ မိမိတို့၏ မာန်မာနကို တမင်သက်သက်နိမ့်ကျအောင် ကြိုးစားနှိမ့်ချရပါသည်။ ထို့ကြောင့် တရားလေးစားသူတိုင်းသည် မိမိ၏ ကိုယ်နှင့်စိတ်ကို နှိမ့်ချလျက် နိဝါတမဂ်လာဖြစ်အောင် ကြိုးစားသင့်ပေသည်။

'သန္တုဋ္ဌိ' မဂ်လာ

ရှိရှိသမျှ ရရသမျှနှင့် တင်းတိမ်ရောင့်ရဲမှု ကျေနပ်နှစ်သိမ့်မှုကို သန္တုဋ္ဌိဟုခေါ်ပါသည်။ သန္တုဋ္ဌိမည်သည်ကား အမှတ်မရှိသော ပစ္စည်းဖြင့် ရောင့်ရဲခြင်းတည်း။ တစ်နည်းကား - အယုတ်အမြတ်ဖြစ်သောပစ္စည်းဖြင့် ရောင့်ရဲခြင်းတည်း။ ရောင့်ရဲခြင်းသည် အလောဘသာဖြစ်၏။ ရောင့်ရဲခြင်း (သန္တောသ) ၃ မျိုးရှိ၏။

၁။ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ရရသမျှ ရှိရှိသမျှနှင့် ရောင့်ရဲတင်းတိမ်ခြင်း (ယထာလာဘ သန္တောသ)၊

၂။ မိမိကိုယ်အား ဉာဏ်အားအလျောက်သာ သုံးစွဲ၍ ရောင့်ရဲတင်းတိမ်ခြင်း (ယထာဗလ သန္တောသ)၊

၃။ အကောင်းအမွန်ကို သူတစ်ပါးအား ပေးကမ်းလှူဒါန်း၍ မိမိကမူ သူတစ်ပါးမနှစ်သက်သော ပစ္စည်းများကိုသာ သုံးစွဲပြီး ရောင့်ရဲတင်းတိမ်ခြင်း။ (ယထာသာရုပ္ပသန္တောသ)

တို့ဖြစ်ပါသည်။

ရောင့်ရဲခြင်းဆိုသည်မှာ လောဘအလိုသို့ မလိုက်ဘဲ အပိုကြိုက်မှုသဘောယုတ် သဘောဆိုးများကို ပယ်ပြီး မိမိ၏ကံ၊ ဉာဏ်၊ ဝီရိယအလျောက်ပေါ်ပေါက်ရရှိလာသမျှဖြင့်သာ မျှတနိုင်ခြင်း နေထိုင်နိုင်ခြင်းကို ရောင့်ရဲခြင်းဟု ခေါ်ဆိုပါသည်။

နှမြောတွန့်တိုခြင်းဆိုသည်မှာ သမနည်းနှင့်ဖြစ်စေ၊ ဝိသမနည်းနှင့်ဖြစ်စေ ရှာဖွေရရှိလာသော ဥစ္စာပစ္စည်းများအပေါ် ထိုပစ္စည်းကို သူတစ်ပါးနှင့် ဆက်ဆံမှာစိုးခြင်းသည် နှမြောတွန့်တိုခြင်းဖြစ်ပါသည်။

ပျင်းရိပေါ့တန်ခြင်းဆိုသည်မှာ ဘာအလုပ်မှ မလုပ်၊ ဘာပစ္စည်းမှ မရှာဖွေဘဲလမ်းသလား၊ အချိန်ဖြုန်းနေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မိမိဘာသာ နှမြောတွန့်တိုခြင်း၊ ပျင်းရိပေါ့တန်စွာ အလုပ်မလုပ်ကြိုးစားမှုမရှိဘဲ နေခြင်းကို သန္တုဋ္ဌိဟုပြောနေလျှင် မိမိအသုံးမကျမှုကို သူတော်ကောင်းတရားနှင့် လှည့်စားနေခြင်း သက်သက်မျှပင် ဖြစ်ပေသည်။

တင်းတိမ်ရောင့်ရဲမှု သန္တုဋ္ဌိမဂ်လာကို လက်တွေ့လိုက်နာကျင့်သုံးခြင်း မပြုနိုင်ကြသူတို့သည် မိမိရရှိနေသည့် ရောက်ရှိနေသည့် အခြေအနေနှင့်

လိုက်လျောညီထွေမနေနိုင်ဘဲ နေ့ချင်း ညချင်း ကြွယ်ဝချမ်းသာစေရန် မမှန်ကန်သော စီးပွားရှာနည်း၊ ရာထူးတိုးတက်နည်းများကို လိုက်စားလိုက်မှားတတ်ကြသည်။ လောင်းကစားမှုများကို သူဌေးဖြစ် ခွေးဖြစ် ပုံအောတတ်ကြသည်။ စည်းစိမ်ဥစ္စာ တိုးမလာသည့်အပြင် ဗူးထဲကရေ ပါသွားသကဲ့သို့ အရင်းပါ ပြုတ်သွားသည်ကို တွေ့နေကြရပါသည်။ လုပ်ငန်းကျွမ်းကျင်ရန် မကြိုးစားဘဲ၊ အလုပ်မကြိုးစားဘဲ ရာထူး တိုးတက်စေရန် ဓာတ်ရိုက်ဓာတ်ဆင် ယတြာချေ အလုပ်များကို ယုံကြည်ကိုးစားမှုကြောင့် ရာထူးမတက်ဘဲ ကန်တော့ပွဲထိုး ဆေးဖယောင်းတိုင်ဖိုးဆုံးရှုံးကြသည်။

ထို့ကြောင့် ရာထူး အာဏာ စည်းစိမ် ဂုဏ်သတင်းကျော်စောမှုများကို မိမိနှင့်ထိုက်တန်သလောက် တင်းတိမ်ရောင့်ရဲခြင်းသည် သန္တုဋ္ဌိမင်္ဂလာကို လက်တွေ့ကျင့်သုံးရာ ရောက်ပေသည်။ မရောင့်ရဲ မတင်းတိမ်နိုင်သောသူမှာ မည်မျှလောက်ကြီးကျယ်များပြားသော ပစ္စည်းဥစ္စာ ရတနာ ရွှေငွေတို့ကို ရရှိခံစား၍ နေကြပြားသော်လည်း ကျီးငှက်ပမာ မည်သည့်အခါမျှအဆီအသားမရှိဘဲ အမြဲတမ်းဆင်းရဲနေရပါသည်။ ရရသမျှ ရှိရှိသမျှ ရောင့်ရဲတင်းတိမ်ကျေနပ်နေသူတို့မှာ ရေမှော်ရေညှိကိုသာ စားသုံးနေရပါသော်လည်း အလွန်အဆင်းလှပသောစက္ကဝက်ငှက်မင်းပမာ အဆီအသားပြည့်ဝ၍ အလွန်အဆင်းလှပခြင်းဖြစ်ရပါသည်။

တင်းတိမ်မှုဆိုသော တရားသည် မဖြစ်သေးသော ကုသိုလ်များကို ဖြစ်စေပြီး၊ ဖြစ်ပြီးသော ကုသိုလ်များကို တိုးပွားစေပါသည်။ ထို့ကြောင့် သန္တုဋ္ဌိဟုဆိုအပ်သော တင်းတိမ်ရောင့်ရဲခြင်းသည် ကုသိုလ်ဖြစ်ရေး ကုသိုလ်တိုးတက်ရေး အခြေခံအကြောင်းရင်းဖြစ်၏။ ထို့ကြောင့် ဤမင်္ဂလာတရားတော်သည် အောင်မြင်မှု၏ အမိက အကျဆုံးသော့ချက်တစ်ခုဟုလည်းကောင်း၊ တစ်နည်းအားဖြင့် ပျက်စီးဆုံးရှုံးခြင်းအပေါက်ကို ပိတ်ထားသော တံခါးတစ်ချပ်ဟုလည်းကောင်း ဆိုနိုင်ပါသည်။

'ကတညုတာ' မင်္ဂလာ

ပြုဖူးသော သူ့ကျေးဇူးကို သိနားလည်မှုသည် ကတညုတာမည်ပါသည်။ မိမိအတွက် အကူအညီ လိုအပ်နေချိန်မှာ ကူညီလုပ်ကိုင်ပေးမှု၊ ဘေးရန် ကာကွယ်ပေးမှု၊ အတတ်ပညာသင်ပေးမှု၊ ဆုံးမ ဩဝါဒပေးမှု၊ ပစ္စည်းဥစ္စာပေးကမ်းထောက်ပံ့မှု စသည့်နည်းများဖြင့် ကိုယ်နှင့်ဖြစ်စေ၊ နှုတ်နှင့်ဖြစ်စေ၊ ပစ္စည်းဝတ္ထုနှင့်ဖြစ်စေ မိမိအပေါ်မှာ ကူညီထောက်ပံ့ဖူးသော သူတစ်ပါးတို့၏အကျိုးဆောင်မှုကို ပြုဖူးသောကျေးဇူးဟုဆိုပါသည်။ တစ်နည်းအားဖြင့် ဆိုသော် ကျေးဇူးဆိုသည်မှာ သူတပါးက မိမိအပေါ် လောကကောင်းစားရေးအတွက်ဖြစ်စေ၊ သံသရာကောင်းစားရေးအတွက်ဖြစ်စေ ကူညီစောင့်ရှောက်ထားသော အပြုအမူမှန်သမျှကို သူ့ကျေးဇူးဟု ခေါ်ဆိုရမည်သာတည်း။ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ သူပြုဖူးသော ကျေးဇူးများကို အောက်မေ့သတိရခြင်းသည် ကတညုတာ မင်္ဂလာမည်ပါသည်။ ကျေးဇူးကိုသိသည့်အတိုင်း ပြန်လည်တုန့်ပြန်ဆပ်သူကိုသာ ကတညုတာ - ကျေးဇူးသိတတ်သောသူဟု ခေါ်ဆိုပါသည်။

လောကဌ ရခဲသော ပုဂ္ဂိုလ် (၂) ဦးရှိ၏။ သူတစ်ပါးသည် ကျေးဇူးမပြုဘဲလျှက် မိမိ၌ ပြုဖူးသော ကျေးဇူးကို မငဲ့ဖူး၍ ကျေးဇူးပြုသောသူသည် ပုဗ္ဗကာရီမည်၏။ သတ္တဝါတို့ကို တရားသည် နှိပ်စက်အပ်သည်၏အဖြစ်ကြောင့် ထိုသို့သဘောရှိသော ပုဗ္ဗကာရီပုဂ္ဂိုလ်ကို ရခဲ၏။ အမိ၊ အဖ၊ ဆရာ

ဥပဒျယ်တို့၌ ကောင်းစွာကျင့်သော သားသမီး၊ သန္တေဝါသိက တပည့်၊ သဒ္ဓိဝိဟာရိက တပည့်ကဲ့သို့ သူတစ်ပါးသည်ပြုအပ်သော ကျေးဇူးအားလျော်စွာ ဖြစ်၍ မိမိ၌ပြုဖူးသောကျေးဇူးကို ကျေးဇူးအားဖြင့် သိသော ထင်စွာပြုသောသူသည် ကတညုကတဝေဒီ မည်၏။ သတ္တဝါတို့ကို အဝိဇ္ဇာနိပ်စက်သည်၏ အဖြစ်ကြောင့် ထိုသို့သဘောရှိသော ကတညုကတ ဝေဒီ ပုဂ္ဂိုလ်ကိုလည်း ရခဲ၏။

အကြောင်းမရှိသဖြင့် အစီးအပွားကိုလိုသော စိတ်ရှိသောသူသည် ပုဗ္ဗကာရီမည်၏။ အကြောင်းမရှိ သဖြင့်ဖြစ်သော အစီးအပွားတို့ကို လိုသောသူသည် ကတညုကတဝေဒီမည်၏။ 'ငါ့အား ကျေးဇူးပြုလတ္တံ့' ဤသို့ အစရှိသောအကြောင်းကို မဲ့မူ၍ ကျေးဇူးပြု သောသူသည် ပုဗ္ဗကာရီမည်၏။ 'ငါ့အား ကျေးဇူးပြု လတ္တံ့' ဤသို့ အစရှိသော အကြောင်းကို မဲ့မူ၍ ကျေးဇူးပြုသောသူသည် ကတညုကတဝေဒီမည်၏။ တရားဟောသူသည် ပုဗ္ဗကာရီမည်၏။ ကျင့်သော သူသည် ကတညုကတဝေဒီမည်၏။ နတ်နှင့်တကွ သော၊ လောကဓ္ဌ ကိလေသာတို့မှ အလွန်ဝေးကွာခြင်း အစရှိသော ကျေးဇူးနှင့် ပြည့်စုံသော၊ မဖောက်မပြန် ကိုယ်တိုင်သာလျှင် ခပ်သိမ်းသောတရားတို့ကို သိတော်မူပြီးသော မြတ်စွာဘုရားသည် ပုဗ္ဗကာရီမည် ၏။ မြတ်စွာဘုရား၏ တပည့်သည် ကတညုကတ ဝေဒီမည်၏။

သူပြုဖူးသော ကျေးဇူးမှာ ထမင်းတလုပ်ကျွေးဖူး ခြင်း၊ အဝတ်အထည်ပေးဖူးခြင်း၊ လောကီ နေရေးထိုင် ရေး၊ စီးပွားရေး ကြီးပွားရေး အသိဉာဏ်ပေးဖူးခြင်း၊ စားဝတ်နေရေး၊ ကျန်းမာရေးအတွက် အသိဉာဏ်ပေးဖူး ခြင်း၊ ဒါန၊ သီလစသော ကုသိုလ်ကောင်းမှု အစုစုပြု လုပ်ရန် အသိဉာဏ်ပေးဖူးခြင်း အစရှိသည်တို့တည်း။ ၄င်းကျေးဇူးများ အထူးဆပ်နိုင်ခြင်းသည် ကတညုတာ လောကီမဂ်လာဖြစ်ပါသည်။

ထိုကျေးဇူးတရားတို့ကို ပစ္စည်းပစ္စယ အင်အား နှင့် ဆပ်နိုင်လျှင်ဆပ်ပါ။ ကာယအားနှင့် ဆပ်နိုင်လျှင် ဆပ်ပါ။ ဉာဏအားနှင့် ဆပ်နိုင်လျှင်ဆပ်ပါ။ ၄င်း ကဲ့သို့ ဆပ်နိုင်သည့် အခြေအနေမရှိလျှင် မိမိကျေးဇူး ရှင်များကို မှန်းဆအာရုံပြုပြီး ရှိခိုးပါ။ ဦးတင်ပါ။ မေတ္တာပို့ပါ။ နောက်ဆုံး မည်သည့်နည်းနှင့်မျှ ကျေးဇူး ပြန်မဆပ်နိုင်လျှင် ကျေးဇူးရှင်များအား မစော်ကားမိပါ စေနှင့်ဟု တိုက်တွန်းလိုပါသည်။

ကျွန်ုပ်တို့သည် သူတစ်ပါး၏ အကူအညီ အစောင့်အရှောက်ကို ခံယူတိုင်း ခံယူတိုင်း ကျေးဇူး ရှင်ဟူ၍ အာရုံပြုကာ မှတ်ယူနှလုံးသွင်းကြရပါမည်။ အချင်းချင်းတွေ့လျှင် ကြီးငယ်မဟူ အပြန်အလှန် ကျေးဇူးတရားကို အာရုံပြုပြီး နှုတ်ခွန်းဆက်လျက် ကတညုတာမဂ်လာကို ကာယက် မြောက်ကျင့်သုံးသင့် လှပေသည်။

'ကာလေနမ္မသာဝန' မဂ်လာ

သင့်လျော်သောအခါ၌ သူတော်ကောင်းတရား နာယူမှတ်သားခြင်းသည် မဂ်လာမည်၏။ ဥဒ္ဒစ္စ၊ ကာမဝိတက္က အစရှိသည်တို့ကို ဖျောက်ပယ်အံ့သောဌာ တရားနာခြင်းသည် ကာလေန ဓမ္မသာဝနမည်၏။ အကြင်ကာလ၌ ကောင်းသော အဆွေခင်ပွန်းဖြစ်ကုန် သော များသောအကြားအမြင်ရှိကုန်သော ပုဂ္ဂိုလ်တို့ကို ဆည်းကပ် ၍ မိမိ၏ ယုံမှားခြင်းကို ဖျောက်တတ်သော တရားနာခြင်းဌာ စွမ်းနိုင်၏။ ထိုကာလ၌ တရားနာ ခြင်းကိုလည်း ကာလေန ဓမ္မသဝန ဟူ၍ သိအပ်၏။

မိတ်ဆွေကောင်းကိုချည်းကပ်ပြီး မိမိ၏ ယုံမှားမှု ကို ပယ်ဖျောက်တတ်သော တရားစကားကို ကြားနာ နိုင်သောအခါ၌ တရားနာခြင်းသည် သင့်တော်သော အခါ တရားနာခြင်းမည်ပါသည်။ တရားနာရန်

ရက်ရွေးနေစရာ မလိုပါ။ မည်သည့်ရက်မဆို တရားနာသင့်ပါသည်။ တရားမနာသင့်သောရက်ဟူ၍ မရှိပါ။ တရားဟောပုဂ္ဂိုလ် အဆင်သင့်ရှိနေပြီး မိမိကိုယ်တိုင်ကလည်း အားလပ်ခွင့်ရသော အချိန်သည် တရားနာရန် သင့်တော်သောအခါ ဖြစ်ပါသည်။ သင့်တော်သောအခါ၌ တရားနာခြင်းသည် နိဝရဏတို့ကို ပယ်ခြင်း၊ လေးပါးသော အာနိသင်ကို ရခြင်း၊ အာသဝက္ခယကိုရခြင်း အစရှိသော အထူးထူးအပြားပြားသော အကျိုးဝိသေသကိုရခြင်း၏ အကြောင်းဖြစ်၏။

ဤတွင် လေးပါးသော အာနိသင်ဆိုသည်မှာ

၁။ တရားတော်ကို စိတ်ပါဝင်စားစွာ ကြားနာသင်ယူထားသော သီလရှိသူသည် ပုထုဇဉ်ဘဝနှင့် သေသွားလျှင် နတ်ပြည်တစ်ခုခုမှာ ဖြစ်ရပါသည်။ ဖြစ်ရာ နတ်ပြည်မှာ ချမ်းသာသုခကိုရရှိ၍ ရှေးဘဝက ကြားနာလေ့လာထားသော တရားအစု ထင်လာသည်နှင့် ၄င်းပုဂ္ဂိုလ်သည် လျင်မြန်စွာ တရားအထူးကို ရရှိပါတော့သည်။

၂။ ၄င်းတရားအစု မပေါ်လွင် မထင်ရှားခဲ့လျှင်လည်း အရဟတ္တဖိုလ်ရပြီး တန်ခိုးကြီးသော နတ်သားတစ်ဦးဦး၏ စကားကိုကြားနာရ၍ မိမိကျင့်လာသော အကျင့်ကို ဆင်ခြင်မိသောအခါ တရားထူးကို ရနိုင်ပါသည်။

၃။ အရဟတ္တဖိုလ်ရပြီး နတ်သား၏စကားကို မကြားနာရလျှင်လည်း ဓမ္မကထိက နတ်သားတစ်ဦးတစ်ယောက်၏ စကားကို ကြားနာရ၍ မိမိကျင့်လာသောအကျင့်ကို ဆင်ခြင်မိသောအခါ တရားထူးကို ရနိုင်ပါသည်။

၄။ ဓမ္မကထိက နတ်သားစကားကို မကြားနာရလျှင်လည်း ရှေးဦးစွာဖြစ်နှင့်သော နတ်သားမှ နောက်မှဖြစ်လာသော နတ်သားကို ရှေးကကျင့်ခဲ့သော အကျင့်ကို အောက်မေ့နိုင်၍ အောက်မေ့သတိရရုံမျှဖြင့် တရားထူးကို ရနိုင်ပါသည် - စသော အာနိသင်တို့ ဖြစ်ပါသည်။

တရားနာရခြင်း အကျိုးငါးပါးရှိပါသည် -

၁။ မိမိမကြားဖူးသေးသည်ကို ကြားနာရခြင်း။

၂။ ကြားဖူးပြီးသော တရားများ ရှင်းလင်းစွာ နာရခြင်း။

၃။ ယုံမှားသံသယကို ပယ်ဖျောက်နိုင်ခြင်း။

၄။ အယူဝါဒကို ဖြောင့်မတ် မှန်ကန်စေနိုင်ခြင်း။

၅။ သဒ္ဓါပညာတို့ကို တိုးပွားလာ၍ စိတ်ကြည်လင်မှုရှိခြင်းတို့ ဖြစ်ပါသည်။

အခါအခွင့်သင့်တိုင်း သူတော်ကောင်းတရားနာကြားသောအခါတွင်လည်း အစအဆုံး နာကြားတတ်ရန် လိုအပ်ပါသည်။ သို့မှသာ ရသင့်ရထိုက်သော အကျိုးတရားကို ရရှိပါမည်။

ထို့ကြောင့် ပုထုဇဉ်ဘဝမှ သောတာပန် အရိယာအဖြစ်သို့ ကူးပြောင်းတက်လှမ်း လိုသောပုဂ္ဂိုလ်သည် ဘုရား၊ ရဟန္တာ အရိယာပုဂ္ဂိုလ်များထံမှ တရားနာရပေမည်။ ထိုကဲ့သို့ တရားနာခြင်းကို ပရတောဃောသပစ္စည်းဟု ခေါ်သည်။ ပရတောဃောသပစ္စည်း ချို့တဲ့မှုကြောင့် အသည်းသတ်ဘုံနှင့် အရူပဘုံသားဗြဟ္မာများမှာ သောတာပတ္တိမဂ်ဉာဏ်ကို မရနိုင်ချေ။

ထို့ကြောင့် အသိဉာဏ်ပညာ အဆင့်အတန်းမြင့်မားရင့်ကျက်ရေးအတွက် သင့်တင့်လျောက်ပတ်သော အခါ၌ တရားနာခြင်း၊ ဓမ္မသဝနမဂ်လာကို လိုက်နာကျင့်သုံးသင့်ကြပေသည်။

မဂ်လာတရားဟူသည် လူတို့၏ နေ့စဉ်နေထိုင်မှုဘဝနယ်ပယ်၌ မွန်မြတ်သန့်စင် ကောင်းမွန်မှုအဖြစ် လက်ခံယုံကြည်ထားသောတရားဖြစ်သည်။ မွန်မြတ်သန့်စင် ကောင်းမွန်စေရန်မှာ ယဉ်ကျေးမှုရှိရမည်။ မိဘနှင့်သားသမီး ဆရာနှင့်တပည့်၊ ဇနီးနှင့်ခင်ပွန်း

မိတ်ဆွေသင်္ဂီဟအချင်းချင်း ပေါင်းသင်းဆက်ဆံကြရာ၌ လိုက်နာပြုကျင့်ရမည့် ယဉ်ကျေးမှု ဓလေ့ထုံးစံများကို မြတ်စွာဘုရားရှင်က မင်္ဂလသုတ်တော်၌ ရှင်းလင်းပြတ်သားစွာ ဟောကြောင်းတော်မူခဲ့သည်။ မင်္ဂလသုတ်တော်မှာ လက်ရှိဘဝ ကြီးပွားချမ်းသာရေး၊ နောင်ဘဝကြီးပွား ချမ်းသာရေးဟူသော လောကီကြီးပွားချမ်းသာရေးကိုလည်းကောင်း၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုရခြင်းဟူသော လောကုတ္တရာ ကြီးပွားချမ်းသာရေးကိုလည်းကောင်း ဖော်ညွှန်းနေပါသည်။ မင်္ဂလာတရားတော်သည် အမှောင်မှအလင်းကို ဆင်းရဲမှုချမ်းသာကို ရိုင်းစိုင်းခြင်းမှယဉ်ကျေးခြင်းကို ပြောင်းလဲစေ၏။ မြတ်ဗုဒ္ဓ၏ တရားဓမ္မများကို နာယူကျင့်သုံးခြင်းဖြင့် မိမိတို့၏ ဘဝကို မွန်မြတ်သန့်စင်စေလျက် အမြင့်မြတ်ဆုံး နိဗ္ဗာန်ချမ်းသာကိုရစေရောက်စေ မျက်မှောက်ပြုစေနိုင်ပါ၏။

စိတ်ထားဖြူစင်မြင့်မားရေး မင်္ဂလာတရားတော်စာတမ်းသည် မိမိတို့အား ပြည့်စုံယဉ်ကျေးသူတစ်ယောက်အဖြစ် သတ်မှတ်နိုင်စေရန် မင်္ဂလာတရားတို့နှင့်အညီ ကျင့်သုံးနေထိုင်ကြ၍ ကိုယ်ကျင့်သီလ လုံခြုံကြသူများ အဖြစ်သို့လည်းကောင်း၊ သမာဓိရင့်ကျက်သူများအဖြစ်သို့လည်းကောင်း၊ တစ်ဆင့်ထက်တစ်ဆင့် မြင့်မား၍ အဆုံးစွန်၌ အမြင့်မြတ်ဆုံး နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုစေနိုင်ရန် ရည်ရွယ်၍ ရေးသားထားခြင်းဖြစ်ပါသည်။ မင်္ဂလာတရားတော်တို့ကို ယုံမှားခြင်းကင်းလျှက် လက်တွေ့ကျကျ ကျင့်သုံးနေထိုင်ကြခြင်းဖြင့် ငြိမ်းချမ်းလှပသော အနာဂတ်ကမ္ဘာကို ဖန်တီးတည်ဆောက်နိုင်ကြပေလိမ့်မည်။ ဤမင်္ဂလသုတ်သည် လူမှုရေးအတွက် အပြည့်စုံဆုံး သုတ်တော်ဖြစ်နေသည့်အတွက် မြန်မာပြည်သူပြည်သားများက ယင်းမင်္ဂလသုတ်ကို အနော်ရထာမင်းစောလက်ထက် မြန်မာနိုင်ငံသို့ ထေရဝါဒသာသနာတော် လက်ရောက်လာသည့် အချိန်မှစ၍ အဆက်မပြတ် သင်ယူ လာခဲ့ကြပါသည်။ လိုက်နာကျင့်သုံးလာခဲ့ကြပါသည်။ သို့ဖြင့် ပုဂံခေတ်မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ထိပ်တန်းနိုင်ငံတစ်ခု ဖြစ်လာခဲ့ပါသည်။ ထို့ကြောင့် မိမိလူမျိုးနှင့် နိုင်ငံတော်သာမက တစ်လောကလုံး တိုးတက်ကြီးပွားရေးအတွက် မင်္ဂလာတရားတော်ကို ရိုသေလေးစားစွာ လိုက်နာကျင့်သုံး သင့်ကြပေတော့သည်။

● ● ●

စာတမ်းအမည် - သိက္ခာသုံးပါးအကျင့်တရား (သီလ၊ သမာဓိ၊ ပညာ)
ပြုစုသူ - အဖွဲ့ (၁၁)
ကြီးကြပ်သူ - ဆရာဦးတိုးဝင်းထွန်း

အဖွဲ့(၁၁) ၏ အဖွဲ့ဝင်များ အမည်စာရင်း

၁။	ဒေါ်စန်းစန်းအေး	DM - 280	၁၃။	ဒေါ်ညိုညိုအေး	DM - 261
၂။	ဒေါ်အေးအေးခိုင်	DM - 87	၁၄။	ဒေါ်အေးအေးစန်း	DM - 89
၃။	ဒေါ်စိန်စိန်တင့်	DM - 310	၁၅။	ဒေါ်အေးသူဇာဝင်း	DM - 97
၄။	ဒေါ်ရူပသန္တာစိုး	DM - 403	၁၆။	ဒေါ်ခင်မာပြုံး	DM - 183
၅။	ဒေါ်လှလှ	DM - 113	၁၇။	ဦးအောင်ကိုဦး	DM - 64
၆။	ဦးအောင်မြင့်မြတ်	DM - 66	၁၈။	ဒေါ်ဇေနီလှိုင်	DM - 413
၇။	ဒေါ်ဝင်းဝင်းခိုင်	DM - 390	၁၉။	ဒေါ်မာလာဝေ	DM - 193
၈။	ဒေါ်စန်းစန်းမြင့်	DM - 309	၂၀။	ဒေါ်တင်ဆုံး	DM - 379
၉။	ဒေါ်မိုးသီတာမြင့်	DM - 237	၂၁။	ဒေါ်လဲ့လဲ့ဝင်း	DM - 189
၁၀။	ဒေါ်သီဂီဝင်း	DM - 377	၂၂။	ဒေါ်စုစုမြတ်	DM - 283
၁၁။	ဒေါ်အေးရီ	DM - 88	၂၃။	ဒေါ်ကြည်ကြည်ဝင်း	DM - 182
၁၂။	ဒေါ်ရီမြင့်	DM - 398			

သိက္ခာသုံးပါးအကျင့်တရား (သီလ၊ သမာဓိ၊ ပညာ)

အဖွဲ့ (၁၁)

သုတေသနစာတမ်းအကျဉ်း

မြတ်စွာဘုရား သာသနာတော်၌ ပဋ္ဌကတ်သုံးပုံမှ လိုရင်းအနှစ်ကို ထုတ်ယူရလျှင် သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာသုံးပါးအကျင့်တရား (၀၊) မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားတို့သာ ဖြစ်သောကြောင့် သီလသည် သာသနာတော်၏ အခြေခံအုတ်မြစ်ဖြစ်ပြီး ဝိနည်းသီလတည်မြဲလျှင် သာသနာတော် တည်မြဲမည်။ သီလအုတ်မြစ် ယိုယွင်းလျှင် သာသနာတော်အဆောက်အအုံသည် ယိမ်းယိုင်သွားနိုင်ပါသည်။ လူတစ်ဦးချင်းစီ၏ အရည်အသွေးသည် သီလဟူသော ကိုယ်ကျင့်တရားပင်ဖြစ်သည်။ သီလကို လုံခြုံစွာစောင့်ထိန်းစေနိုင်သော အနီးကပ်ဆုံး အကြောင်းအရာ (ပဒဋ္ဌာန်) မှာ 'ဟိရိနှင့် ဩတ္တပ္ပ' တရားဖြစ်ပြီး လောကပါလ တရားဟုလည်း အမည်ရပါသည်။ ဟိရိဩတ္တပ္ပတရား ရှိသူတို့သည် သီလသိက္ခာကို အလိုလိုစောင့်ထိန်းသွားနိုင်မည်ဖြစ်ပါသည်။

ယနေ့ခေတ်ကာလ ကမ္ဘာပေါ်တွင် AIDS ရောဂါ၊ ကင်ဆာရောဂါ စသည့် ရောဂါအမျိုးမျိုး တိုးပွားနေပါသည်။ ဤသို့ဖြစ်ရခြင်းမှာ 'ပါဏာတိပါတ' သူအသက်သတ်ခြင်း သိက္ခာပုဒ်ကို လွန်ကျူးကြသောကြောင့်ဖြစ်၍ ကမ္ဘာနိုင်ငံများစွာ၌ စီးပွားရေးအကြပ်အတည်း အခက်အခဲများ ဖြစ်ပေါ်နေရခြင်းမှာ 'အဒိန္နာဒါန' သူဥစ္စာကို ခိုးယူခြင်းသိက္ခာပုဒ်ကို မစောင့်ထိန်းကြသောကြောင့် ဖြစ်ပါသည်။ နိုင်ငံများစွာ၌ အိမ်ထောင်ရေး ပြဿနာများ၊ မကြားဝံ့မနာသာ မုဒိမ်းမှုများဖြစ်ပေါ်နေရခြင်းသည်လည်း 'ကာမေသုမိစ္ဆာစာရ' သူတစ်ပါး၏ သားမယားကို ဖျက်ဆီးခြင်း သိက္ခာပုဒ်ကို ကျူးလွန်ကြသောကြောင့်ဖြစ်ပြီး ယနေ့ခေတ် ပကတိမြေပြင်ပေါ်တွင် ပါမက လူမှုကွန်ယက်တို့တွင်ပါ လူမှုရေးပြဿနာမျိုးစုံ၊ ဆန္ဒပြမှုမျိုးစုံပေါ်ပေါက်လျက်ရှိနေရခြင်းမှာ 'မုသာဝါဒ' မမှန်မကန်လိမ်ညာလှည့်ဖြား ပြောဆိုခြင်းဟူသော သိက္ခာပုဒ်ကို စောင့်ထိန်းမှုမရှိသောကြောင့် ဖြစ်ပါသည်။ ယခုကာလတွင် မှန်ကန်၍ အကျိုးရှိသော အသိပညာ၊ အတတ်ပညာများကို သင်ကြားပေးခြင်း၊ လေ့လာဆည်းပူးသင်ယူခြင်းဟူသော ပညာရေးကိစ္စရပ်များ ချွတ်ယွင်းလာကာ စာရိတ္တပျက်ပြားသူများ ပေါများနေမှုသည် 'သုရာမေရယ' သေရည်အရက်နှင့် မူးယစ်ဆေးဝါးသောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်းဟူသော သိက္ခာပုဒ်ကို မစောင့်ထိန်းနိုင်သောကြောင့် ဖြစ်ပါသည်။ ဤ 'သုရာမေရယ' သိက္ခာပုဒ်တစ်ခုတည်းကိုပင် ကျူးလွန်လိုက်မည်ဆိုပါက ကျန်သိက္ခာပုဒ်တို့ကို ကျူးလွန်ရန် ဝန်မလေးတော့ပေ။

ဖော်ပြပါ ပြဿနာများ၏ အရင်းအမြစ်သည် 'သီလသိက္ခာ' ကို မစောင့်ထိန်းနိုင်ကြခြင်းဟူသော အခြေခံအကြောင်းတရားများပင် ဖြစ်ပါသည်။ အဆူဆူသော မြတ်စွာဘုရားရှင်တို့၏ အဆုံးအမတရား ဖြစ်သော 'သဗ္ဗပါပဿ အကရဏံ - မကောင်းမှု ဟူသမျှ မပြုလုပ်ရာ' ဟုဆိုရာ၌ ဒုစရိုက် ဆယ်ပါးတို့ကို ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် ဆိုင်သော သူ၏ ကုသိုလ်စေတနာတို့ကို 'ဝါရိတ္တ သီလ' ဟု ခေါ်ပါသည်။

'ကုသလဿ ဥပသမ္ပဒါ - ကောင်းမှုဟူသမျှကို ပြည့်စုံစေရာ၏' ဟုဆိုရာ၌ သုစရိုက်ဆယ်ပါးနှင့် ပုည ကြိယာဝတ္ထုဆယ်ပါးတို့ကို ပြည့်စုံစေခြင်း၏ အကြောင်းဖြစ်သော မိဘဝတ်၊ သားသမီးဝတ်၊ ဆရာဝတ်၊ တပည့်ဝတ် စသည့် ကျင့်ဝတ်ပဋိပတ်ကို ဖြည့်ကျင့်ခြင်းနှင့်ဆိုင်သောသူ၏ ကုသိုလ်စေတနာတို့ကို 'စာရိတ္တသီလ' ဟုခေါ်ပါသည်။

'သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို သန့်ရှင်းဖြူစင်စေရာ၏' ဟုဆိုသည့်အတိုင်း စိတ်ကိုအဆင့်ဆင့် ဖြူစင်စေနိုင်သာ မဂ္ဂင်ရှစ်ပါးအကျင့်တရားသည် သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင်များ ဖြစ်သည်နှင့် အညီ ကံ၊ ကံ၏အကျိုးကိုယုံကြည်၍ သီလသိက္ခာတို့ကို လုံခြုံအောင် စောင့်ထိန်းနိုင်ရပါမည်။

'ဝါရိတ္တသီလ'သည် ယုံကြည်မှု သဒ္ဓါတရားနှင့် မမေ့မလျော့ မပေါ့မဆ အောက်မေ့အမှတ်ရမှု သတိတရားတို့နှင့် ပြည့်စုံပါမှ အောင်မြင်ပြီးစီးစေနိုင်၏။ 'စာရိတ္တသီလ'သည် ယုံကြည်မှု သဒ္ဓါတရား၊ မဖျင်းမရိပြုလုပ်မှု ဝီရိယတရားတို့နှင့် ပြည့်စုံပါမှ အောင်မြင်ပြီးစီးစေနိုင်ပါသည်။

သီလနှင့်ပြည့်စုံသူသည် မိမိကိုယ်မိမိ ကဲ့ရဲ့စွပ်စွဲခြင်းဟူသော အတ္တာနုဝါဒဘေး၊ သူတစ်ပါးက ကဲ့ရဲ့စွပ်စွဲခြင်းဟူသော ပရာနုဝါဒဘေး၊ အစိုးရမင်းတို့ အမိန့်ချမှတ်သော ဒဏ္ဍဘေး၊ အပါယ်သို့ကျရောက်မည့် ဒုဂ္ဂတိဘေးတို့မှ လွတ်မြောက်ပြီးလျှင် ကျော်စောကိတ္တိရှိခြင်း၊ ရွှင်လန်းဝမ်းမြောက်၍ အလိုရှိသမျှ ရနိုင်ခြင်းတို့နှင့်လည်း ပြည့်စုံစေနိုင်ပါသည်။ သို့ရာတွင် 'သီလသိက္ခာ'ကို စောင့်ထိန်းနိုင်ခြင်းသည် ကာမကုသိုလ်များသာဖြစ်၍ အစစ်အမှန်ချမ်းသာခြင်းကိုကား မရရှိနိုင်သေးပါ။

သံသရာတွင် အထက်တန်းကျကျ ချမ်းချမ်းသာသာ ကျင်လည်လိုသူများအဖို့ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ကောင်းမှုတို့ကို မပြတ်မလပ် ပြုစုပျိုးထောင်သွားရလိမ့်မည်။ အထူးသဖြင့် ဘုရားသာသနာနှင့် ကြုံဆုံနေရသော လက်ရှိလူ့ဘဝတွင် ကုသိုလ်ကောင်းမှုတို့ကို ပုံအောပြီး ပြုလုပ်ထားရမည်။ သီလဖြူစင်သည်နှင့်အမျှ သီလကိုအခြေခံသည့် ဒါနအကျိုးသည်လည်း ဖွံ့ဖြိုးကြီးကျယ်၏။ သီလ၏ အကျိုးဆက်အာနိသင်ကြောင့် အဆုံးစွန် သောဘဝ၌ မင်ဖိုလ်၊ နိဗ္ဗာန်တို့ကို ရရှိစေနိုင်ပါသည်။

သိက္ခာသုံးပါးတို့တွင် 'သီလသိက္ခာ' ကိုသာ ဖြည့်ကျင့်ပြီး တတ်စွမ်းနိုင်သလောက် သမာဓိသိက္ခာ၊ ပညာသိက္ခာတို့ကို ဆက်လက်၍ မထူထောင်နိုင်လျှင် အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ သူ့ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း၊ သူတစ်ပါးကို အဖျင်းပြုခြင်း၊ ငြူစူ၊ ဝန်တို၊ လှည့်ပတ်ခြင်း မရှိသောဂုဏ်ကိုရှိလေဟန် ဟန်ဆောင် ကြွားဝါပလွားခြင်း၊ ခက်ထန်ကြမ်းကြုတ်ခြင်း၊ သူတစ်ပါးကို ချုပ်ချယ်ခြင်း၊ မေ့လျော့ခြင်းစသော အကုသိုလ်တရားဆိုးများ မကြာမတင်ပင် ပေါ်ပေါက်လာနိုင်ပါသည်။

ဤသို့ သီလမည်စည်းအောင် ဘာဝနာပွားခြင်းဖြင့် စိတ်ကိုဖြူစင်စေသော သီလသည် တဏှာကျွန်အဖြစ်မှ လွတ်မြောက်နိုင်သည့်အတွက် 'ဘူဒိသ သီလ'၊ ပညာရှိများ ချီးမွမ်းအပ်သည့်အတွက် 'ဝိညူ

ပသဋ္ဌ သီလ'၊ သမာဓိတရားကို ဖြစ်ပွားစေသည့် အတွက် 'သမာဓိ သံဝတ္တနိကသီလ' ဟုလည်းအမည် ရပါသည်။

ကုသိုလ်တရားအားလုံး၏ အမွန်အစ၊ သာသနာတော်၏အုတ်မြစ်၊ လောကၨ် အလှဆုံး အဆင်တန်ဆာ၊ မွေးဖွားပြီးသည်မှ သေဆုံးသည်အထိ မွန်မြတ်ချမ်းသာ အေးမြစေသောတရား၊ ဘဝချမ်းသာရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးတို့ကို လက်ငင်းပေးစွမ်းနိုင်သော တရားမည်သည် သီလပင်ဖြစ်သည်။ ထိုသီလသိက္ခာတရားတို့ကို ကောင်းစွာဖြည့်ကျင့်နိုင်ကြပြီးလျှင် ကာမစ္ဆန္ဒစသော နီဝရဏတရားတို့ ငြိမ်းအေးစေနိုင်သော သမထကမ္မဋ္ဌာန်း (၄၀)ပါးမှ မိမိစရိုက်နှင့် သင့်လျော်သော ကမ္မဋ္ဌာန်းဘာဝနာကိုပွားများ၍ သမာဓိသိက္ခာကို ထူထောင်ရန် လိုအပ်ပါသည်။

သမထဘာဝနာ၊ ဝိပဿနာဘာဝနာ နှစ်ပါးကို ပွားများအားထုတ်မှု၏ တည်ရာဖြစ်သော ကသိုဏ်း၊ ပညတ်စသော အာရုံနှင့်တေဘူမကသင်္ခါရ ရုပ်၊ နာမ် အာရုံတို့သည် လွန်စွာအကျိုးများလှသဖြင့် မိမိတို့သန္တာန်၌ ရှေးဦးစွာဖြစ်စေထိုက်သော တစ်ကြိမ်ဖြစ်ပြီးနောက် ထပ်ကာထပ်ကာ ပွားများအပ်သော လောကီကုသိုလ်၊ ကြိယာနှင့်ယှဉ်သော သမာဓိနှင့် ပညာတရားတို့ပင် ဖြစ်ပါသည်။

သမာဓိသိက္ခာများကို ပွားများရာ၌ စျာန်အနီးကပ်နေသည့် ဥပစာရသမာဓိကိုဖြစ်စေ၊ စျာန်သမာဓိကို ဖြစ်စေ ဝိပဿနာ၏ အခြေခံအုတ်မြစ်အဖြစ် အသုံးပြု၍ ရုပ်၊ နာမ်မမွှသင်္ခါရတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာရေးသုံးပါးတင်၍ ဝိပဿနာရှုသောအခါ ဝိပဿနာနှင့်ယှဉ်သော 'ခဏိကသမာဓိ'ကို ဖြစ်စေနိုင်ပါသည်။ သမာဓိကို လျင်မြန်စွာထူထောင်ရာတွင် အနာပါနဿတိသည် အထိရောက်ဆုံး ကမ္မဋ္ဌာန်းတစ်ခုဖြစ်၍ မြတ်စွာဘုရားရှင် ချီးကျူးတော်မူပါသည်။ အနာပါနဿတိကို ရှုပွားလျှင် ရူပါဝစရပဌမစျာန်အထိ ရရှိနိုင်ပါသည်။

ရူပပဌမစျာန်ကိုရပြီး ပုဂ္ဂိုလ်တို့သည် ရုပ်တရားတို့ကို အပြစ်မြင်၍ အလိုမရှိသောကြောင့် နာမ်တရားနှင့် ပညတ်တရားတို့ကို အာရုံပြုပွားများအားထုတ်သောအခါ အရူပကမ္မဋ္ဌာန်းဟုဆိုအပ်သော အရူပစျာန်တို့ကို ရရှိစေနိုင်ပါသည်။

သမထကမ္မဋ္ဌာန်း (၄၀)ပါးတို့တွင် ဗုဒ္ဓါ၊ ဓမ္မာ၊ သံဃာ၊ သီလာ၊ စာဂါ၊ ဒေဝတာ၊ ဥပသမာ၊ မရဏာနုဿတိအားဖြင့် (၈)ပါး၊ အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန်အားဖြင့် (၂)ပါး၊ ပေါင်း (၁၀)ပါးသော ကမ္မဋ္ဌာန်းတို့သည် စျာန်မရနိုင်သာ ကမ္မဋ္ဌာန်းများဖြစ်သည်။ အသုဘ (၁၀)ပါး၊ ကသိုဏ်း (၁၀)ပါး၊ အာနာပါနဿတိ၊ ကာယဂတာသတိ၊ အပ္ပမညာ (၄)ပါး၊ ပေါင်း (၂၆) ပါးသော ကမ္မဋ္ဌာန်းတို့သည် ရူပပဌမစျာန်ထိရနိုင်သော ကမ္မဋ္ဌာန်းများဖြစ်သည်။ အရူပကမ္မဋ္ဌာန်း (၄)ပါးသည် အရူပစျာန်ကို ရရှိစေနိုင်ပါသည်။ 'သမာဓိသိက္ခာ' ကို ဖြည့်ကျင့်ကြရာ၌ သမထဘာဝနာများကို ပွားများအားထုတ်လျှင် မဟဂ္ဂုတ်ကုသိုလ်ကံများ ဖြစ်သောကြောင့် ရူပဗြဟ္မာ၊ အရူပဗြဟ္မာဘဝများရရှိ၍ သမထဘာဝနာတို့၏ အထွတ်အထိပ်ဖြစ်သော မဟဂ္ဂုတ်စျာန်၊ အဘိညာဉ်ဟူသော ချမ်းသာများကို ဆည်းပူးရရှိနိုင်ပါသည်။ သို့သော် ချမ်းသာအစစ်အမှန်ကိုကား မရရှိနိုင်သေးပါ။

ဤသို့ဖြင့် သီလသိက္ခာ၊ သမာဓိသိက္ခာတရားတို့ကို အကြောင်းပြု၍ ဝိပဿနာ ပညာသိက္ခာတို့ကို ရှုမှတ်ပွားများ အားထုတ်ကြရပါမည်။ ဝိပဿနာဆိုသည်မှာ တေဘူမကသင်္ခါရ ရုပ်၊ နာမ်တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးတင်၍ အထူးထူးသော အခြင်းအရာအားဖြင့် ရှုတတ်သောကြောင့် မဂ်၏အရှေ့အဖို့ဖြစ်သော လောကီပညာ

စေတသိက်သည် ဝိပဿနာမည်ပါသည်။ ထို့ကြောင့် စိတ်၊ စေတသိက်၊ ရုပ်တရားများကို ခန္ဓာ(၅)ပါး၊ အာယတန (၁၂)ပါး၊ ဓာတ် (၁၈)ပါး၊ ဣန္ဒြေ (၂၂) ပါး၊ သစ္စာ(၄)ပါးတရားတို့ဖြင့် လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်အသီးသီး တစ်ခုစီတစ်ခုစီ၊ ပိုင်းပိုင်းခြားခြား အဖန်အဖန်အထပ်ထပ် ရှုမှတ်ပွားများသော ဉာဏ်သည် 'နာမရူပ ပရိစ္ဆေဒဉာဏ်' မည်ပါသည်။ ဤဉာဏ်ကို မှန်ကန်စွာထူထောင်နိုင်လျှင် သက္ကာယဒိဋ္ဌိမှ အသိအမြင်စင်ကြယ်ခြင်းဟူသော 'ဒိဋ္ဌိဝိသုဒ္ဓိ' အဆင့်သို့ ဆိုက်ရောက်နိုင်ပါသည်။

ထို့နောက် ရုပ်တရားများကို ဖြစ်ပေါ်စေတတ်သော ကံ၊စိတ်၊ဥတု၊အာဟာရ ဟူသည့်အကြောင်းတရားလေးပါးနှင့် ဒွါရခြောက်ပါးတွင် ဝိထိစိတ်အစဉ်များကို ဖြစ်ပေါ်စေသော အကြောင်းတရားများ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်နှင့် သက်ဆိုင်သောယုံမှားမှု ကင်္ခါ (၁၆)ပါး၊ ဝိစိကိစ္ဆာ (၈)ပါးတို့ကို ရှင်းရှင်းလင်းလင်းသိမြင်အောင် ရှုမှတ်ပွားများရမည်။ ဤသို့ ရုပ်၊ နာမ်ဖြစ်စဉ်များ၏ အကြောင်းတရားများကို ရှုမှတ်ပွားများ သိမြင်သောဉာဏ်သည် 'ပစ္စယပရိဂ္ဂဟဉာဏ်' ဖြစ် သည်။ ဤဉာဏ်ဖြင့် ယုံမှားသံသယများနှင့် အယူမှားများကို ဖယ်ရှားနိုင်ပြီးဖြစ်၍ 'ကင်္ခါဝိတရဏဝိသုဒ္ဓိ' အဆင့်သို့ ဆိုက်ရောက်နိုင်ပါသည်။

ပဋ္ဌိစ္စသမုပ္ပါဒ်အကြောင်းအကျိုး ဆက်နွယ်မှုများကို ဘာဝနာမယဉာဏ်ဖြင့် ပိုင်းပိုင်းခြားခြား မရှုမြင်နိုင်ဘဲနှင့် သံသရာဝဋ်ဆင်းရဲမှ မထွက်မြောက်နိုင်ကြောင်းကို ဝိသုဒ္ဓိမဂ်နှင့် အဘိဓမ္မာအဋ္ဌကထာတို့တွင် အတိအလင်း မိန့်ဆိုထားပါသည်။ တစ်ဖန် ဝိပဿနာရှုပွားရာတွင် အဗျတ္တဗဟိဒ္ဓ ရုပ်နာမ်အားလုံး အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်နှင့် ရုပ်နာမ်အားလုံး အကြောင်းတရား အကျိုးတရားအားလုံးပါဝင်သာ လောကီပရမတ် တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ တစ်လှည့်စီ တင်၍ ရှုမှတ်ရမည်ဖြစ်သည်။

ဤသို့ဖြင့် သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ ဟူသော အရင်းမူလ ဝိသုဒ္ဓိနှစ်ပါး၊ ဒိဋ္ဌိ ဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ ဟူသော ကာယဝိသုဒ္ဓိလေးပါး၊ ထိုဝိသုဒ္ဓိခြောက်ပါး အစဉ်ပွားလျက် ဖြစ်ပေါ်လာသော မဂ်ဉာဏ်သည် သစ္စာလေးပါးကို သိတတ်သောကြောင့်လည်းကောင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုတတ်သောကြောင့်လည်းကောင်း၊ 'ဉာဏဒဿနဝိသုဒ္ဓိ' သို့ ဆိုက်ရောက်သော ဝိပဿနာလုပ်ငန်း ပြီးဆုံးခြင်းသို့ ရောက်ရှိလေတော့သည်။

ကျမ်းဂန်များတွင် ဖော်ပြထားသော အကျိုးတရားများရရှိရေး၊ ဝိပဿနာဉာဏ်ဆယ်ပါးနှင့် အထက်ဝိသုဒ္ဓိအဆင့်ဆင့်တို့ မှန်မှန်ကန်ကန် ဖြစ်ပေါ်ရေး၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းဟူသည့် အမြင့်ဆုံး ဘဝပန်းတိုင်သို့ ရောက်ရှိနိုင်ရေးတို့အတွက် ရုပ်၊ နာမ်ဓမ္မသင်္ခါရ တရားများကို စူးစမ်း၊ ဆင်ခြင်၊ ပိုင်းခြားသိမြင်နိုင်ရန် နည်းမျိုးစုံဖြင့် ဝိပဿနာတရားများ ရှုပွားရပါမည်။ ဤသို့ရှုမြင်နိုင်ပါလျှင် မြတ်စွာဘုရား၏ သာသနာတော်၌ပင် သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ်၊ အနာဂါမိဖိုလ်၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်တို့ အဆင့်ဆင့်ဖြစ်ပေါ်လာ၍ မိမိတို့နှင့်ဆိုင်ရာရရှိထားသည့် ဖိုလ်အသီးသီး ဝင်စား အစစ်အမှန် ငြိမ်းအေးချမ်းသာခြင်းဟူသော နိဗ္ဗာန်ချမ်းသာတို့ကို အလိုရှိသလောက် ခံစားနိုင်ပါသည်။

ထို့ကြောင့် မကောင်းမှုများကို ဖယ်ရှား၍ ကောင်းမှုကုသိုလ်များနှင့် စိတ်ကိုအဆင့်ဆင့် ဖြူစင်သွားစေရန် မြတ်စွာဘုရားရှင် ရှေးဦးစွာဟောကြားခဲ့သော ဓမ္မစကြာတရားတော်၌ပင် မဂ္ဂင်ရှစ်ပါးအကျင့်

တရားဟု ဆိုအပ်သော သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ 'သိက္ခာသုံးပါး အကျင့်တရား' တို့ကို ဖော်ထုတ်ဟောကြားတော် မူခဲ့ပါသည်။

မြတ်စွာဘုရားသာသနာတော်သည် သီလ၊ သမာဓိ၊ ပညာဟု ဆိုအပ်သော သိက္ခာ သုံးပါးအကျင့် တရား လမ်းစဉ်အတိုင်း နိဗ္ဗာန်တိုင်အောင် ပို့ဆောင်ပေးနိုင်သော သာသနာတော်ဖြစ်ပါသည်။

သီလသိက္ခာဟူသော အခြေခံအုတ်မြစ်ပေါ်တွင် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဟူသော ဗိုလ်ငါးပါး ကိုရှေ့တန်းထားလျက် သမာဓိသိက္ခာနှင့် ပညာသိက္ခာတို့ကို အဆင့်ဆင့် ကြိုးပမ်းတည်ဆောက်သွားနိုင်မည်ဆိုပါက မဂ်ဉာဏ်လေးပါးဖြင့် အရိယသစ္စာလေးပါးကို ပိုင်းခြားသိမြင်ပြီး ပညာသိက္ခာသည်လည်း ပြီးပြည့်စုံခြင်းသို့ ရောက်နိုင်ပါသည်။

ထို့ကြောင့် သီလသည် သာသနာတော်၏ အစကောင်းခြင်း၊ သမာဓိသည် သာသနာတော်၏ အလယ်ကောင်းခြင်း၊ ပညာသည် သာသနာတော်၏ အဆုံးကောင်းခြင်းကို တွေ့မြင်နိုင်ပါသည်။ ထို့အပြင် သီလနှင့် အပါယ်လေးဘုံမှ လွန်မြောက်နိုင်ခြင်း၊ သမာဓိဖြင့် ကာမဘုံမှ လွန်မြောက်နိုင်ခြင်း၊ ပညာဖြင့် အလုံးစုံသော ဘုံဘဝတို့မှလွန်မြောက်နိုင်ခြင်းကိုလည်း တွေ့မြင်မှတ်သားနိုင်ပါသည်။

သို့ဖြစ်၍ ဗုဒ္ဓသာသနာနှင့် ကြုံဆုံနေသည့်အခါ သမယဌ သတ္တဝါတို့၏ ခန္ဓာအစဉ်တွင် ရေတွက်ခြင်းငှာ မစွမ်းနိုင်သည့် ဘဝပေါင်းများစွာ သံသရာတစ်လျှောက်လုံး ရှင်သန်ကြီးထွား ခွင့်ရခဲ့ကြသော ကိလေသာတောခြုံတို့ကို ခုတ်ထွင်ရှင်းလင်းမည်ဆိုပါလျှင် -

အကိုင်းအလက်များနှင့်တူသော (ဝိတိက္ကမ ကိလေသာ) အကြမ်းစား ကိလေသာများကို 'သီလသိက္ခာ' ဖြင့် ချိုးနှိမ်ဖယ်ရှားရမည်။

ပင်စည်ကြီးနှင့်တူသော (ပရိယုဋ္ဌာနကိလေသာ) အလတ်စား ကိလေသာများကို 'သမာဓိသိက္ခာ' ဖြင့် ခုတ်ထွင်ဖယ်ရှားရမည်။

မြေအောက်၌ ငုံ့လျှိုးနေသော ရေသောက်မြစ်နှင့်တူသော (အနုသယ ကိလေသာ) အနုစားကိလေသာများကို 'ပညာသိက္ခာ'ဖြင့် တူးဖြိုပယ်သတ်နိုင်ရမည်။

သီလသိက္ခာနှင့် ပြည့်စုံသူသည် ဘဝသမ္ဘတ္တိနှင့် ပြည့်စုံနိုင်ပြီဖြစ်သည်။ သေလွန်သည့်အခါ သုဂတိဘုံသို့ ဧကန်ရောက်နိုင်ပါသော်လည်း စစ်မှန်သော ငြိမ်းအေးချမ်းသာခြင်းကိုကား မရရှိနိုင်သေးပါ။ သီလသိက္ခာကို လုံခြုံအောင်ဖြည့်ကျင့်ခြင်းဖြင့် လောဘ၊ ဒေါသ၊ မောဟ ကိလေသာ အညစ်အကြေးများ ဖယ်ရှားနိုင်၍ သမထဘာဝနာကို ဆက်လက်အားထုတ်ပါက စိတ်တည်ငြိမ်ကာ လျင်မြန်စွာ သမာဓိမြင့်မားလာအောင်လည်း ကျေးဇူးပြုပါသည်။

စိတ်၏တည်ကြည်ခြင်း သမာဓိသိက္ခာသည် ဟုတ်တိုင်းမှန်စွာသိသော ယထာဘူတဉာဏ် ပညာသိက္ခာအကျိုးငှာဖြစ်သည်။ ထိုသို့ ဟုတ်တိုင်းမှန်စွာသိသော ယထာဘူတဉာဏ်သည် ရုပ်နာမ်ဓမ္မသခ်ါရတို့၌ ဖြစ်မှု၊ ပျက်မှုတို့ကို ပညာသိက္ခာဖြင့် အဖန်ဖန်ရှုဆင်ခြင်နိုင်မှသာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် အကျိုးငှာ ကျေးဇူးပြုပါသည်။ သို့မှသာ စစ်မှန်သော ထာဝရ ငြိမ်းအေးခြင်း သန္တိသုခလက္ခဏာရှိသော ခေမသောင်ကမ်းနိဗ္ဗာန်နန်းသို့ အရောက်လှမ်းနိုင်ကြမည် ဖြစ်ပါသည်။

ထို့ကြောင့် သတ္တဝါအားလုံးတို့သည် ဗုဒ္ဓသာသနာနှင့်ကြုံဆုံနေသည့် အချိန်အခါတွင် 'ငုတ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်' ဆိုသည့်စကားအတိုင်း သီလ၊ သမာဓိ၊ ပညာဟူသော 'သိက္ခာသုံးပါး အကျင့်တရား' တို့ဖြင့် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော

ငြိမ်းအေးရာအမှန် မြတ်နိဗ္ဗာန်သို့ ဧကန်ရောက်အောင် တက်လှမ်းနိုင်ကြပါစေ။ 'သီလ၊ သမာဓိ၊ ပညာ (ဝိပဿနာဉာဏ်ပညာ)' တို့ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အဖန်ဖန်ရှုမှတ်ပွားကြလျက် ကြီးကျယ်မြင့်မြတ်ဆုံး ဖြစ်သော ကိလေသာအောင်ပွဲကြီးကို အောင်မြင်စွာ ဆင်နွှဲနိုင်ကြပါစေဟု အာဘိမ္မတက္ကသိုလ် သင်တန်းသားများ (အဖွဲ့-၁၁)မှ ဆန္ဒမွန်ဖြင့် ဆုတောင်းမေတ္တာ ပို့သလိုက်ရပါသည်။